ဖိုးခင်းစာပေ



# ချစ်သူစိမ်း၍ ငြိမ်းလေပြီ

အရှင်ကုသလ(ဖလွှန်)



# ချစ်သူစိမ်း၍ ငြိမ်းလေပြီ

## အရှင်ကုသလ(ဇလွန်)

တွယ်တာချစ်ခြင်း
ပူပြင်းစိုးရိမ်
ချစ်မိခြင်းကြောင့်
စိုးနှောင့်ဘေးကြိမ်
အချစ်ရှောင်ရှား
ကြိုးစားချုံးနှိမ်
သောကပွား
ဘေးမှား ဆိတ်သုဉ်းငြိမ်။


ပျိုးခင်းစာစဉ် - ၁၆

ပျိုးခင်းစာပေ

ဖြန့်ချိရေး

သန်းမြင့်မြင့် ပိဋကတ်စာအုပ်ဆိုင်
အမှတ် ၃၆-၃၇၊ ရွှေတိဂုံတောင်ဘက်ဈေးတော်ရုံ၊
၀၉ ၅၀၉၉၃၇၆၊ ၀၉ ၃၁၇၈၁၉၈၁

ပျိုးခင်းစာပေ
နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်ဝင်း (ရန်ကုန်)၊ ကမ္ဘာအေး။
၀၉ ၂၅၀၉၀၃၉၆၉၊ ၀၉ ၆၉၀၆၀၆၉၆၊ ၀၉ ၇၈၁၄၄၉၉၁၂


ချစ်သူစိမ်း၍ ငြိမ်းလေပြီ

ပထမအကြိမ်၊
၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ

**မျက်နှာဖုံး**
ဗဂျီလင်းဝဏ္ဏ

**ထုတ်ဝေသူ**
ဦးနေလင်း [အလင်းအိမ်မီဒီယာဂရု (၀၁၉၉၂)]
အမှတ် (၁၀) သင်္ဂဟာလမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်။

**ပုံနှိပ်သူ**
ဦးလင်းဇာနည် [သီရိဂုဏ်ဝေ ပုံနှိပ်တိုက် (၀၁၄၃၇)]
အမှတ် (၃၂) ၅၃ လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်။

**စာအုပ်ချုပ်** အလင်းအိမ်မီဒီယာဂရု

**အုပ်ရေ** ၂၀၀၀

**တန်ဖိုး** ၁၅၀၀ ကျပ်

အရှင်ကုသလ (ဇလွန်) ၂၉၄·၃

ချစ်သူစိမ်း၍ငြိမ်းလေပြီ/ အရှင်ကုသလ (ဇလွန်)။
– ရန်ကုန်။ အလင်းအိမ်မီဒီယာဂရု၊ ၂၀၁၉။
၁၄၀–စ၊ ၁၃.၅ × ၂၁ စင်တီ
(၁) ချစ်သူစိမ်း၍ငြိမ်းလေပြီ

## မာတိကာ


- နိဒါန်း ၉
- မေတ္တာအာသီသ ၁၁

### တော်ဝင်သူ မိန်းမမြတ်လေးဦး

၁။ အမရာဒေဝီ (မဟော်သဓာ၏ ဇနီး) ၁၃

၂။ စန္ဒကိန္နရီ (စန္ဒကိန္နရာ၏ ဇနီး) ၂၉

၃။ မဒ္ဒီဒေဝီ (ဝေဿန္တရာမင်း၏ ဇနီး) ၃၅

၄။ သမ္ဘူလ/သမ္ဘုလာမင်းသမီး (သောတ္ထိသေန၏ ဇနီး) ၄၁

### အမိတဘောဂ သူဌေးကြီးငါးဦး

၁။ ဇောတိကသူဌေးကြီး ၄၇

၂။ ဇဋိလသူဌေးကြီး ၆၁

၃။ မေဏ္ဍကသူဌေးကြီး ၆၈

၄။ ပုဏ္ဏသူဌေးကြီး ၇၈

၅။ ကာဠဝဠိယ (ကာကဝလိယ) သူဌေးကြီး ၈၅

## ချစ်သူစိမ်း၏ ငြိမ်းလေပြီ


၁။ ဓမ္မဒိန္နာထေရီ ၉၀

၂။ ဝိသာခသူဌေး အမေးပုစ္ဆာ မေးမြန်းခြင်း ၁၀၀
(စူဠဝေဒလ္လသုတ္တန်)

# နိဒါန်း

မွေ့လျော်ဖွယ်တို့တွင် ဓမ္မဖြင့် မွေ့လျော်ရခြင်းသည် အမြတ်ဆုံးဖြစ်ပေ၏။ ထို့ပြင်“ဓမ္မစကားနှေ့တိုင်းကြားက စိတ်ထားဖွေးလက် သိဉာဏ်ထက်၏”ဆိုစကားအတိုင်း မြတ်ဗုဒ္ဓဟောကြားခဲ့သော ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင် တရားတော်တို့ကို နာယူခြင်း၊ ဖတ်ရှုခြင်း၊ လေ့လာသင်ယူခြင်းတို့သည် အသိဉာဏ်ကို ထက်မြတ်စေရုံမျှမက ရင်တွင်းကိလေသာ အညစ်အကြေးတို့ကိုပါ သန့်ရှင်းစင်ကြယ်စေပါသည်။

ယခုအခါ စာရှုသူအပေါင်းအား မြတ်ဗုဒ္ဓ၏ ဒေသနာများစွာမှ ရွေးနှုတ်၍ “ချစ်သူစိမ်း၍ ငြိမ်းလေပြီ”ဟူသော ဓမ္မစာအုပ်ကလေးကို ရေးသားထုတ်ဝေလိုက်ပါသည်။ ဤစာအုပ်ကို ရေးသားရာ၌ အကြောင်းအရာသုံးခုဖြင့် တင်ပြထားပါသည်။ ပထမအကြောင်းမှာ “တော်ဝင်သူမိန်းမမြတ်လေးဦး”ဖြစ်သော “အမရာ၊ ကိန္နရီ၊ မဒီ၊ သမ္ဘူ”တို့ အကြောင်းဖြစ်ပါသည်။ ထိုအမျိုးသမီးလေးဦးတို့၏အမည်ကို ကြားဖူးကြမည် ဖြစ်ပါသည်။ သူတို့ အဘယ့်ကြောင့် တော်ဝင်စံထား မိန်းမမြတ်များ ဖြစ်ရခြင်းကိုမူ သိသူနည်းမည်ဟု ထင်မိပါသည်။ ထို့ကြောင့် မသိသေးသူများအတွက် မိန်းမမြတ်လေးဦးအကြောင်းကို ယနေ့ခေတ် အမျိုးကောင်းသမီးများ အတုယူလိုက်နာနိုင်ရန် ရည်ရွယ်၍ ရှာဖွေတင်ပြထားပါသည်။

ဒုတိယအကြောင်းမှာ ဘုရားရှင် သက်တော်ထင်ရှားရှိစဉ်အခါက ပေး၍မကုန် လှူ၍မခန်း ဥစ္စာဓနပေါများ ကြွယ်ဝသော သူဌေးကြီးငါးဦးတို့၏ ဘဝဖြစ်စဉ်တို့ကို ရှာဖွေစုစည်းကာ အတုယူ အားကျနိုင်ရန် ရေးသား

ထားပါသည်။ ထိုသူဌေးကြီးတို့အကြောင်းကို ဖတ်ရှုရခြင်းအားဖြင့် မိမိတို့ သန္တာန်၌ ဒါနအကျိုးတရားတို့ကို ပိုမိုသက်ဝင် ယုံကြည်လာပြီး ကုသိုလ် အလုပ် နောက်မဆုတ် ရဲရဲလုပ်ရဲသည့် သတ္တိခွန်အားများ ဖြစ်လာစေမည် ဟု ယုံကြည်မိပါသည်။

တတိယအကြောင်းမှာ ဤစာအုပ်၏ အမည်ပင် ဖြစ်ပါသည်။ အချစ်နှင့် မကင်းနိုင်သော လူသားတို့ အချစ်ကြောင့် ပူဆွေးနေရ၊ ငိုကြွေးနေ ရသည့်အခါ ချစ်သူစိမ်း၍ ငြိမ်းခဲ့ရသော ဓမ္မဒိန္နာအမျိုးသမီးလေးအကြောင်း ဖတ်ရပါက ဖြေဆည်ရာကို ရှာတွေ့မည်ဟု ထင်မိသောကြောင့် ဓမ္မရိပ်ကို ခိုလှုံနိုင်ရန် ရည်ရွယ်၍ ဤအကြောင်းကို ရေးသားရခြင်း ဖြစ်ပါသည်။ ချစ်သူစိမ်းကား၍ သွားသော်လည်း ငြိမ်းချမ်းမှု အစစ်အမှန်ကို အသိဉာဏ် ဖြင့် ရှာဖွေနိုင်ခဲ့ပုံမှာ အတုယူဖွယ် ကောင်းလှပါသည်။

ထို့ပြင် အနာဂါမ် ဒါယကာဝိသာခ၏ အမေးပုစ္ဆာတို့ကို ဗုဒ္ဓ အလိုတော်ကြ ဖြေရှင်းပြပုံမှာလည်း ဓမ္မဒိန္နာ၏ ဉာဏ်ပညာ ကြီးမား ထက်မြက်ကြောင်းကို ပေါ်လွင်ထင်ရှားစေပါသည်။ ထိုအမေးအဖြေသည် "စူဠဝေဒလ္လသုတ္တန်"အဖြစ် ထင်ရှားပါသည်။ ဤသုတ္တန်ကို နားလည် သဘောပေါက်ပါက ခန္ဓာအပေါ် စွဲကပ်နေသော အပါယ်မျိုးစေ့ သက္ကာယ ဒိဋ္ဌိကို ဉာတပရိညာအားဖြင့် ပယ်သတ်နိုင်မည် ဖြစ်ပါသည်။ ဆက်လက် ၍ ပွားများအားထုတ်ပါမူကား ဓမ္မဒိန္နာကဲ့သို့ အချစ်ဓာတ်သိမ်း၍ ဒုက္ခငြိမ်း ရာ နိဗ္ဗာန်တာသို့ ရောက်ရှိမည်မှာ သေချာလှပါသည်။

ဤစာအုပ်ကို ရေးသားရာ၌ မှားယွင်းချက်များ တွေ့ရှိပါက "ပညာ ကြီးရှင် ငြမ်းကောင်းဆင်သို့၊ ပြင်စေသတည်း"ဟူသော ဥတိန္နပျို့လာ စကားရပ်အတိုင်း စိတ်ထားကြည်ဖြူ ခွင့်လွှတ် ပြင်ဆင်နိုင်ကြလိမ့်မည်ဟု ယုံကြည်မျှော်လင့်မိပါသည်။ ဤဓမ္မစာပေ ရေးသားခြင်းဖြင့် မိဘ, ဆရာ, ဒါယကာအပေါင်းတို့အား ကျေးဇူးဆပ်ပါ၏။ စာရှုသူများ နှလုံးစိတ်ဝမ်း အေးချမ်းကာ ကောင်းကျိုးလိုရာ ဆန္ဒများ ပြည့်ဝကြပါစေ။ ။

## မေတ္တာ အာသီသ

ဆင်းရဲဒုက္ခ ရောက်ကြသူတွေ၊
ဆင်းရဲခပ်သိမ်း အကုန်ငြိမ်းစေ။
ကရုဏာရှေ့ရှု တောင်းဆုပန်ချွေ၊
ဆင်းရဲခြင်း လွတ်ကင်းကြပါစေ။

ဘေးရန်ဒုက္ခ ရောက်ကြသူတွေ၊
ဘေးရန်ခပ်သိမ်း အကုန်ငြိမ်းစေ၊
ကရုဏာရှေ့ရှု တောင်းဆုပန်ချွေ၊
ဘေးရန်ရှင်း လွတ်ကင်းကြပါစေ။

စိုးရိမ်သောက ရောက်ကြသူတွေ၊
စိုးရိမ်ခပ်သိမ်း အကုန်ငြိမ်းစေ။
ကရုဏာရှေ့ရှု တောင်းဆုပန်ချွေ၊
စိုးရိမ်ခြင်း လွတ်ကင်းကြပါစေ။

## တော်ဝင်သူ မိန်းမမြတ်လေးဦး

အိမ်ယာတည်ထောင် လူတို့ဘောင်၌ နေထိုင်ကြသူတိုင်း အရွယ်ရောက်လာပြီဆိုလျှင် မိမိချစ်ခင် နှစ်သက်သူကို ရှာတွေ့လျှင် အိမ်ထောင်တစ်ခု တည်ဆောက်ကြသည်။ ထိုသို့ တည်ဆောက်ပြီး ဇနီးမောင်နှံဘဝရောက်ရှိလာပြီဆိုလျှင် လင်ကျင့်ဝတ်၊ မယားကျင့်ဝတ်များ ကိုယ်စီ ရှိလာကြပါသည်။ ထိုတွင် မယားဝတ္တရား ကျေပွန်ပြီး လင်ကို ခြေသုတ်ပုဆိုး မြွေစွယ်ကျိုးကဲ့သို့ ရိုကျိုးစွာ လုပ်ကျွေးပြုစုကြသော မယားများကို "တော်ဝင်သူ အမျိုးသမီး" ဟု ဂုဏ်ပြုခေါ်ဝေါ်ကြ၏။ တော်ဝင်ဟူသည် မင်းသုံးနန်းသုံးစကားလုံးဖြစ်ပြီး "မြင့်မြတ်သူ" ဟု အဓိပ္ပာယ်ရပါသည်။

နိပါတ်တော်လာ ဇနီးကောင်းလေးဦး ရှိခဲ့ဖူးပုံနှင့် ထိုအမျိုးသမီးတို့ကဲ့သို့သော မိန်းမမြတ်များ အလွန်ရှားပုံကို မန်လည်ဆရာတော်ဘုရားကြီးက "**အမရာ ကိန္နရီ၊ မဒီ သမ္ဘူ၊ တော်လေးဆူသို့၊ ကြည်ဖြူချစ်စော၊ ချစ်မနောနှင့်၊ သဘောဖြောင့်ကား၊ အလွန်ရှားခဲ့**" ဟု မဃဒေဝလင်္ကာသစ်ကျမ်း၌ ရေးဖွဲ့ခဲ့ပါသည်။ ***(မဃဒေဝ။ ၃၁၁။)***

ထို အမရာဒေဝီ၊ စန္ဒကိန္နရီ၊ မဒ္ဒီဒေဝီ၊ သမ္ဘုလ (သမ္ဘုလာ) လေးဦးတို့သည် တော်ဝင်သူ မိန်းမမြတ်များဖြစ်ပြီး အမျိုးသမီးတိုင်း စံနမူနာထားထိုက်သော ဇနီးမယားများ ဖြစ်ကြပါသည်။ ထိုမိန်းမမြတ်လေးဦးတို့၏ တော်ဝင်သူ ဖြစ်ရခြင်းအကြောင်းကို ယနေ့ခေတ် အမျိုးသမီးများ အတုယူအားကျ လိုက်နာနိုင်ရန် လေ့လာတင်ပြပါမည်။

## ၁။ အမရာဒေဝီ (မဟော်သဓာ၏ ဇနီး)

အမရာဟူသည် ဘုရားအလောင်းတော် မဟော်သဓာပညာရှိ၏ ပါရမီဖြည့်ဖက် ပညာရှိ၊ သစ္စာရှင် ဇနီးကောင်း ယသော်ဓရာအလောင်း ပင် ဖြစ်ပါသည်။

လွန်လေပြီးသောအခါ ဝိဒေဟရာဇ်တိုင်း မိထိလာပြည့်ရှင် ဝိဒေဟရာဇ်မင်းကြီး၌ သေနက၊ ပက္ကုသ၊ ကာမိန္ဒနှင့် ဒေဝိန္ဒဟူ၍ အမတ်ကြီး လေးဦးရှိသည်။ မြို့တော်အနီး ပါစီနယဝမဇ္ဈဂုံးရွာ၌ သီရိဝဍ္ဎနသူဌေးနှင့် သုမနဒေဝီတို့မှ သားတစ်ယောက်ဖွားမြောက်ရာ မဟော်သဓာဟု အမည် ပေးကြသည်။ မင်းကြီးသည် အိပ်မက်အရ အရပ်ရပ်တွင် ပညာရှိရှာစေရာ ကလေးဘ၀ မဟော်သဓာ ကြီးကြပ်ဆောက်လုပ်သည့်ဇရပ်ကို တွေ့မြင် ရသဖြင့် စောင့်ကြည့်ကြသည်။

မဟော်သဓာသတို့သားသည် ဉာဏ်ပညာ ထူးခြားလှ၍ အမဲသား ချီသွားသော စွန်ကိုလိုက်၍ ခြောက်လှန့်ပေးခြင်း၊ နွားခိုးသူကို ဖော်ထုတ် ပေးခြင်း၊ လည်ရွဲခိုးမှု၊ ချည်ထွေးခိုးမှု၊ သားလုမှုနှင့် မယားလုမှုတို့ကို စီရင်ဆုံးဖြတ်ပေးနိုင်ခြင်း၊ ရထားခိုးမှု၊ ရှားလုံတံ အရင်းအဖျား ဖော်မှု၊ ဦးခေါင်းခွံ ခွဲခြားမှု၊ မြွေဖိုမြွေမ ခွဲခြားမှု၊ မင်းကြီး၏ ကြက်ပြဿနာ၊ ရေကန်ပြဿနာနှင့် မြည်းပြဿနာများကိုလည်း ဖြေရှင်းပေးနိုင်ခဲ့သည်။

မဟော်သဓာအား မင်းကြီး၏ မိဖုရား ဥဒုမ္ဗရဒေဝီက မွေးစားခဲ့ သည်။ မဟော်သဓာသတို့သားသည် ပြဿနာအရပ်ရပ်ကို မိမိဉာဏ်ပညာ အစွမ်းဖြင့် ဖြေရှင်းပေးနိုင်မှုကြောင့် မင်းကြီး၏ ချီးမြှောက်ခြင်းခံရ၍ ဘုန်းကျက်သရေ စည်းစိမ်ဥစ္စာ အခြံအရံ တိုးတက်ပြန့်ပွား များမြတ်သည် ဖြစ်၏။

### မဟော်သဓာ ပါရမီဖြည့်ဖက် ရှာဖွေခြင်း

ထိုမဟော်သဓာအိမ်၌ ပစ္စည်းဥစ္စာများ ထိန်းသိမ်းမည့်သူ အိမ်ရှင်မ မရှိသေး၍ ဥဒုမ္ဗရဒေဝီ မိဖုရားကသာလျှင် စီမံခန့်ခွဲပေးနေရသည်။ မဟော်

သဓာလည်း ၁၆-နှစ်အရွယ်ရောက်သော် မိဖုရားက "ငါ့မောင် မဟော်သဓာသည် ယခုအရွယ်ရောက်ပြီ။ ငါ့မောင်အား ထိုက်တန်သော သတို့သမီးနှင့် ထိမ်းမြားပေးရလျှင် ကောင်းမည်"ဟု အကြံဖြစ်ပြီး မင်းကြီးအား တိုင်ပင်၏။ မင်းကြီးသည် သင့်မောင်အား အသိပေးလော့ဟု ဆို၏။ ထို့နောက် မဟော်သဓာကို ခေါ်စေပြီး "မောင်ငယ်… သင်၌ ယခုစည်းစိမ်ဥစ္စာတို့ကို ထိန်းသိမ်းစောင့်ရှောက်မည့်သူ မရှိသေး။ သင်လည်း အရွယ်ရောက်ပြီဖြစ်၍ အိမ်ထောင်ပြုသင့်ပြီဟု မင်းကြီးနှင့် ငါ အကြံအစည်ရှိကြသည်"ဟု ဆို၏။ မဟော်သဓာလည်း မိဖုရား၏ စကားကို လက်ခံပြီး ထိုက်တန်သော သတို့သမီးကို လှည့်ပတ်ရှာဖွေ၍ တွေ့လျှင် ပြန်ကြားလျှောက်ထားပါမည်ဟု ဆို၏။ မဟော်သဓာသည် ဖွားဖက်ရွှေဖော် လုလင်ပျိုတစ်ထောင်တို့အား အကျိုးအကြောင်းပြောပြပြီး မင်းရေးမင်းမှု အစုစုကိစ္စကို ငါမရှိသော်လည်း မလစ်မဟင်း လုံ့လပြုရစ်ကြဟု မှာကြားပြီး မထင်မရှား ဆင်းရဲသား အပ်ချုပ်သမားအသွင်ဖြင့် မြောက်တံခါးမှ ထွက်၍ ဥတ္တရယဝမဇ္ဈိုဂုံးရွာသို့ သွားလေ၏။

ထိုအခါ ဥတ္တရယဝမဇ္ဈိုဂုံးရွာတွင် စည်းစိမ်ပျက်စီး၍ လယ်ယာလုပ်ငန်းဖြင့် အသက်မွေးသော သူဋ္ဌေးဟောင်း လင်မယားနှင့် အမရာမည်သော သမီးတစ်ယောက်ရှိ၏။ ထိုအမရာသတို့သမီးသည် အလွန် အဆင်းလှပ တင့်တယ်ပြီး ဘုန်းပညာနှင့်လည်း ပြည့်စုံ၏။ အမရာသည် ဖခင်လယ်လုပ်ရာဆီသို့ နံနက်စာ ယာဂုကို နေ့တိုင်း ပို့ရ၏။ ဖခင်အတွက် ယာဂုပို့ရန်သွားစဉ် လမ်းတွင် မဟော်သဓာလုလင်နှင့် ခရီးရင်ဆိုင် မနီးမဝေးက တွေ့မြင်လေသော် သံသရာအဆက်ဆက်က မေတ္တာချင်းဖလှယ်အတူတကွ ပြုဖူးသော ကုသိုလ်ကံစေ့ဆော်သဖြင့် အပြန်အလှန် သဘောကျနှစ်မြို့က်မိ၏။

**မဟော်သဓာ အမရာကို ပညာရှိ, မရှိ စမ်းသပ်ခြင်း**

မဟော်သဓာက ဤအမျိုးသမီးသည် ခင်ပွန်း ရှိ, မရှိ မသိရသေး၊ စုံစမ်းအံ့ဟု ကြံ၍ နှုတ်ဖြင့် မမေးဘဲ အဝေးကပင် လက်ဆုပ်ကို ပြ၏။

ပညာရှိမှ ငါမေးလိုသောအကြောင်းကို သိပေလိမ့်မည်။ ပညာမရှိ၍ မသိလျှင် စွန့်ပစ်၍သွားမည်ဟု ကြံ၏။ အမရာသည် ငါ့အား လင်ရှိ၊ မရှိ မေးသည် ဖြစ်မည်ဟု တွေးပြီး လက်ဝါးဖြန့်ကာ ပြ၏။ မဟော်သဓာလည်း လင်မရှိမှန်းသိ၍ အနားသို့ ချဥ်းကပ်ပြီးလျှင် "ငါ့နှမ အမည် ဘယ်လိုခေါ်လဲ"ဟု မေး၏။ အမရာလည်း ပညာရှိပီပီ အမည်ကို တိုက်ရိုက်မပြောဆိုဘဲ အကျွန်ုပ်အမည်ကား ဖြစ်ဆဲ ဖြစ်ပြီး ဖြစ်လတ္တံ့ ကာလသုံးပါးတို့၌ မရှိသောအမည် ဖြစ်ပါသည်ဟု ဆို၏။ အမရာ ဟူသည် မသေဟု ဆိုလိုသည်။ သတို့သမီးစကား၌ မရှိဟူသောအမည်ကို ရှာကြံသော် လောက၌ မသေသူမည်သည် မရှိတော့သည်ဟု တွေးယူမိသဖြင့် အမရာ (သေခြင်း မရှိသော) ဟု သိပြီး သင်၏အမည် အမရာလားဟု မေး၏။ ဟုတ်မှန်ကြောင်း ဝန်ခံပြီးသော် မဟော်သဓာသည် သင် ယာဂုကို ဘယ်သူ့ထံ ပို့ဆောင်မည်နည်းဟု မေး၏။ အမရာလည်း အိမ်ရှေ့နတ်ကို ပို့ဆောင်ပါမည်ဟု ဆိုလျှင် မဟော်သဓာလည်း အဖထံပို့မည်ဟု သိ၏။ သင်၏အဖသည် အဘယ်အလုပ် လုပ်သနည်းဟု မေးပြန်၏။ အမရာလည်း အရှင်… တစ်ယောက်တည်းဖြင့် နှစ်ကွဲသောအမှုကို ပြုလုပ်ပါသည်ဟုဆိုသော် လယ်ထွန်ခြင်းသည် ထွန်သွားဖြင့် လယ်မြေကို နှစ်ကွဲကွဲစေသောကြောင့် လယ်ထွန်သည်ဖြစ်မည်ဟု သိ၏။ သင့်ဖခင် ဘယ်အရပ်၌ လယ်လုပ်သနည်းဟု မေးပြန်သော် အမရာလည်း ထိုအရပ်သို့ တစ်ကြိမ်ရောက်သောသူတို့ တစ်ခေါက်တစ်ဖန် ပြန်မလာသောအရပ်၌ လယ်လုပ်ပါသည်ဟုဆိုသော် မဟော်သဓာသည် သင်္ချိုင်းကုန်း၌ လယ်လုပ်သည်ဟု သိ၏။ တစ်ဖန် မဟော်သဓာသည် ယနေ့ သင်အိမ်သို့ ပြန်လာမည်လားဟု မေးသော် "အရှင်… လာလျှင် အကျွန်ုပ် မလာရ၊ မလာလျှင် အကျွန်ုပ် လာရပါအံ့"ဟု ဆိုသော် မိုးရွာသောအခါ ရေကျသော် ချောင်းရေလာလျှင် မိမိမလာရ၊ မိုးမရွာလျှင် ချောင်းရေမလာ။ ထိုအခါ မိမိလာရမည်ဟု တွေးယူမိသဖြင့် ချောင်းတစ်ဖက်၌ လယ်လုပ်မှန်း သိ၏။

ထိုသို့ နှစ်ဦးစလုံး ရပ်၍ မေးမြန်းကြပြီးလျှင် အမရာသည် သူ့တွင် ပါလာသော ယာဂုကို သုံးဆောင်ရန် ပြောဆို၏။ ဘုရားလောင်းလည်း

ချစ်၍ပေးသည်ကို ပယ်ခြင်းသည် မင်္ဂလာမရှိဟု ကြံ၍ လက်ခံ၏။ အမရာလည်း ကောင်းပြီဟု ဦးခေါင်းပေါ်မှ ယာဂုအိုးကို မြေသို့ချ၏။ မဟော်သဓာသည် ငါ့အား လက်ဆေးရေ မပေးဘဲ၊ ယာဂုထည့်သည့်ခွက်ကိုလည်း မဆေးမကြောဘဲ မသန့်မရှင်းပေးခဲ့လျှင် ဤမိန်းမကို ထားခဲ့၍ စွန့်သွားအံ့ဟု ကြံ၏။ အမရာသည် သန့်ရှင်းစွာ ဆေးကြောပြီး ယာဂု ထည့်ကာ သုံးဆောင်စေ၏။ ယာဂုသည် ရေများ၍ ဆန်နည်းသဖြင့် သွက်၏။ ထိုအခါ ဘုရားလောင်းက ယာဂုအား အလွန်ပျစ်၏။ အဘယ့်ကြောင့်နည်းဟု မေး၏။ အမရာလည်း အရှင်··· ရေရှားသောကြောင့် ယာဂုပျစ်ပါသည်ဟု ဆိုလတ်သော် သင့်အဖလုပ်သည့် လယ်ကွက်များ၌ ရေရှား၍ စပါးမအောင်သည် ထင်၏ဟု ဆို၏။

## အမရာ သူ့အိမ်သို့ ခရီးလမ်းညွှန်ကြားခြင်း

ထို့နောက် ဘုရားလောင်းသည် ယာဂု အနည်းငယ် သုံးဆောင်ပြီးသော် သင်၏အိမ်သို့ ငါသွားလို၏။ ငါ့အား ခရီးလမ်းညွှန်ကြားပါဟု ဆို၏။ အမရာလည်း ကောင်းပါပြီဟု ဆို၍ အရှင်··· ဤလမ်းဖြင့်သွားလျှင် အကျွန်ုပ်တို့ ရွာသို့ ရောက်ပါလိမ့်မည်။ ရွာတွင်းသို့ ဝင်မိလျှင် ရှေးဦးစွာ မုန့်လုံးဈေးကို တွေ့အံ့။ ထိုမှ သွားပြန်လျှင် ပင်လုံးကျွတ်ပွင့်လျက် အရွက်နှစ်ဆင့်သစ်ပင်ကို တွေ့မြင်အံ့။ ထိုနေရာသို့ရောက်လျှင် အကျွန်ုပ်ပေးသောလက်ဖြင့် မယူမူ၍ မပေးသောလက်ဖြင့် ယူတော်မူပါ။ ထိုလမ်းသည် အကျွန်ုပ်တို့ အိမ်သို့သွားသောလမ်းတည်းဟု လျှို့ဝှက်၍ ညွှန်ကြားလိုက်ပြီး အရှင်··· သိတော်မူပါလျှင် အကျွန်ုပ်တို့အိမ်သို့ ရောက်ပါလိမ့်မည်ဟု ဆို၍ ယာဂုအိုးကို ရွက်ကာ ဖခင်ထံ လယ်တောသို့ သွားလေ၏။

မဟော်သဓာသည် အမရာ ညွှန်ကြားလိုက်သော လမ်းဖြင့် သွားသော် ယဝမဇ္ဈဂုံးရွာသို့ ရောက်ပြီး မုန့်လုံးဈေး၊ ပုန်းရည်ဈေး၊ ပင်လယ်ကသစ်ပင်တို့ကို အစဉ်အတိုင်း တွေ့မြင်လေ၏။ ထိုကသစ်ပင်သို့ ရောက်လျှင် အိမ်ကြားသို့ ဝင်သောလမ်းလည်း ရှိသောကြောင့် သစ်ပင်ရင်း၌ ရပ်လျက် အမရာသည် ငါ့ကို အကြင်လက်ဖြင့် အကျွန်ုပ်ပေး၏။ ထိုပေးသောလက်ဖြင့်

မယူလင့်ဟု မှာလိုက်သည့်စကားမှာ မုန့်လုံးဈေးမှ ဤကသစ်ပင်တိုင်အောင် သောလမ်းသည် မိမိပေးသောလက် ဖြစ်တော့သည်။ ထိုလမ်းဖြင့် ကသစ် ပင်သို့ရောက်လျှင် မသွားနှင့် ဆိုလိုချေသည်။ အကြင်လက်ဖြင့် အကျွန်ုပ် မပေး။ ထိုမပေးသောလက်ဖြင့် ယူတော်မူပါဟု မှာလိုက်သည့်စကားမှာ ဤအိမ်ကြားသို့ ဝင်သောလမ်းသည် မိမိမပေးသောလမ်းကြောင်း ဖြစ်တော့ သည်။ ကသစ်ပင်သို့ရောက်လျှင် အိမ်ကြားသို့ဝင်သောလမ်းဖြင့် လိုက်ပါလေ ဆိုလိုချေသည်ဟု ကြံပြီး လမ်းကြားသို့သွားလေသော် အမရာအိမ်သို့ ရောက်လေ၏။

## အမရာမိခင် သမီးလိုချင်မှုန်း သိခြင်း

အမရာမိခင်သည် လုလင်ပျိုကို မြင်လျှင် အရပ်ဝေးသားဖြစ်မည် ထင်၍ နေရာပေးကာ ယာဂုဖြင့် ဧည့်ခံကျွေးမွေးသည်။ ဘုရားလောင်း သည် မိခင်လမ်းတွင် နမယေ် အမရာနှင့်တွေ့ပြီး ယာဂု သောက်ခဲ့ရပေပြီ၊ မပေးပါလင့်ဟု ဆို၏။ မိခင်လည်း ဤလုလင်သည် ငါ့သမီးကို လိုသော ကြောင့် ရောက်လာချေသည်ဟု သိလေ၏။

မဟော်သဓာသည် မိခင် အကျွန်ုပ်ကား အပ်ချုပ်သမား ဖြစ်၏။ ချုပ်စရာ အဝတ်ပုဆိုးရှိလျှင် ယူခဲ့ပါဟု ဆို၏။ ချစ်သား လက်ခပေးစရာ မရှိပါဟု ဆိုလျှင် မိခင် အခပေးစရာ မလိုပါ။ အမယ်တို့ကို အမိအရင်း ကဲ့သို့ မှတ်ပါ၏။ ချုပ်စရာ ယူခဲ့ပါဟု ဆို၏။ အမရာမိခင်သည် ဟောင်းနွမ်း စုတ်ပြတ်နေသည့် အဝတ်ပုဆိုးတို့ကို ထုတ်၍ပေးလျှင် ခဏချင်းဖြင့်ပင် ချုပ်၍ပေး၏။ မဟော်သဓာသည် မိခင် အိမ်ဈေးအနီး လမ်းသို့ လှည့်လည် ၍ ကျွန်ုပ်အိမ်၌ အပ်ချုပ်သမားတစ်ယောက် ရောက်လာသည်။ ချုပ် လိုသော အဝတ်ပုဆိုးများ လာရောက်ချုပ်ကြပါဟု အဆင့်ဆင့်ကြားစေ၏။ ဘုရားလောင်းသည် ရောက်တိုင်းသော အထောင်မျှလောက် အတိုင်းအရှည် ရှိသည့်အဝတ်တို့ကို တစ်နေ့တည်းဖြင့်ပင်လျှင် ပြီးစီးအောင် ချုပ်ပေး၏။ (**ပုညဝတော ကြိယာ နာမ သမိဇ္ဈတိယေဝ**- ဘုန်းကံရှိသူတို့ ပြုသောအမှု ဟူသည် မပြီးမရှိ၊ ပြီးသည်သာတည်း။)

အမရာမိခင်သည် မဟော်သဓာအား ကောင်းမွန်စွာ ချက်ပြုတ်ကျွေးမွေး၏။ အမရာသည် ညချမ်းအခါ လယ်တောမှ ထင်းစည်းကို ရွက်လျက် ဟင်းရွက်ကို ပိုက်ကာ အိမ်သို့ပြန်လာ၏။ အဖသည်လည်း ညချမ်းအခါ လယ်တောမှ အိမ်သို့လာ၏။ အမရာသည် မိဘနှစ်ပါးနှင့် မဟော်သဓာအား ကောင်းမွန်စွာ ညစာထမင်း ကျွေးမွေးပြီး ခြေဆေးခြင်း၊ ဆုပ်နယ်ခြင်း စသော ဝတ်ကိုပြု၏။ မဟော်သဓာသည် အမရာ၏ အမူအရာအကျင့်ကို ရှုကြည့်ဆင်ခြင်လိုသဖြင့် ထိုအိမ်၌ နှစ်ရက် သုံးရက်ပတ်လုံး နေ၏။

## အမရာ၏ ပညာကို ထပ်မံ စမ်းသပ်ခြင်း

တစ်နေ့သ၌ မဟော်သဓာသည် အမရာကို ပညာစမ်းလို၍ အမရာ ဆန်တစ်ခွက်ကို နက်ဖြန်နံနက် မုန့်ကြွပ်၊ ယာဂု၊ ထမင်း သုံးမျိုးရအောင် ချက်၍ ပေးပါဟု ဆို၏။ အမရာလည်း ကောင်းပါပြီဟု ဝန်ခံ၍ တစ်ခွက်သော ဆန်ကို ဆုံ၌ ဖြူစင်စွာ ဖွပ်သဖြင့် ဆန်ရင်းကို ထမင်းချက်၏။ ဆန်လတ်ကို ယာဂုကျို၏။ ဆန်ခွဲကိုကား အမှုန့်ဖြစ်အောင် ထောင်း၍ မုန့်ကြွပ်လုပ်၏။ ထိုထမင်း၊ ယာဂု၊ မုန့်ကြွပ်နှင့်လျော်သော စမဲ ဟင်းလျာကိုလည်း ပြီးစေပြီးသော် နံနက်စောစော၌ ပြင်ဆင်၍ မဟော်သဓာအား ပေး၏။ မဟော်သဓာသည် ယာဂု၊ မုန့်ကြွပ်၊ ထမင်းတို့ကို အစဉ်အတိုင်း သုံးဆောင်ပြီး ခံတွင်းလျှာပေါ်၌ ချကာမျှဖြင့် တစ်သောင်းခုနစ်ထောင်ကုန်သော အကြောတို့ကို ဆောင်၍ တည်၏။ သို့သော် မဟော်သဓာသည် အမရာအား စုံစမ်းလိုသောကြောင့် သင်သည် မချက်တတ်ဘဲလျက် ငါ့ဆန်ကို ဖျက်ဆီးဘိသနည်းဟုဆို၍ မစင်ကဲ့သို့ ရွံရှာဟန်ပြုလျက် ထွေးပစ်လိုက်ပြီး ယာဂု၊ မုန့်ကြွပ်၊ ထမင်းသုံးမျိုး တစ်ပေါင်းတည်းနယ်ပြီးလျှင် အမရာ၏ ဦးခေါင်းပေါ်မှ လောင်းချလိုက်၍ သင် ယခု တံခါးဝမှာနေချေဟု မပိုင်မီကပင် နိုင်သံနှင့် ဆို၏။

အမရာသည် ဘုရားလောင်းအား စိုးစဉ်းမျှ စိတ်မသာခြင်း မရှိမူ၍ အရှင်··· ကောင်းပါပြီ၊ နေစေချင်လျှင် နေပါမည်ဟုဆိုလျက် တံခါးဝ၌

သွားနေ၏။ မဟော်သဓာသည် ဤမိန်းမကား အမျက်မာန်မရှိ၊ မိန်းမကောင်း မိန်းမမြတ်ပေတည်းဟု သိပြီးလျှင် လာလှည့်ဟု ခေါ်၏။ အမရာလည်း အမျက်ဒေါသမာန် မရှိခြင်းကြောင့် တစ်ခွန်းတည်းဖြင့်ပင် ရှိသေစွာ လာ၍ အနီး၌နေ၏။ ဘုရားလောင်းသည် ကွမ်းအစ်ထည့်သော အိတ်၌ အသပြာ တစ်ထောင်နှင့် ထဘီကောင်းတစ်ထည်ကို ထည့်၍ မိမိအိမ်ကပင် ဆောင်ယူ ခဲ့၏။ ထိုထဘီ အမရာကိုပေး၍ ရေချိုးပြီး ဝတ်၍လာရန် ပြောကြားခဲ့သည်။ အမရာလည်း မဟော်သဓာဆိုတိုင်း ရေချိုးပြီးသော် ထဘီအသစ်ကို ဝတ်၍ လာ၏။

## အမရာကို မြို့သို့ ခေါ်ဆောင်ခြင်း

ထို့နောက် မဟော်သဓာသည် အဝတ်ချုပ်ခရသော ဥစ္စာများနှင့် အိမ်ကပါသော အသပြာတစ်ထောင်ကို အမရာ၏ မိခင်ဖခင်တို့အား ပေးပြီး လျှင် သမီးကို တောင်းယူခဲ့သည်။ မိဘနှစ်ပါးကလည်း သမီးကို ကိုယ်စိတ် ချမ်းသာစေရန် ကြင်နာလေးမြတ်ပါဟု မှာကြား၏။ ထို့နောက် သုခမိန်သည် ယောက္ခမနှစ်ယောက်ကို ပန်ကြား၍ အမရာသတို့သမီးကို ခေါ်လျက် မိမိ နေရာမြို့သို့ ဆောင်သွားလေ၏။

သုခမိန်သည် အမရာ၏ ပညာကို စမ်းလိုသဖြင့် အမရာအား ထီးနှင့်ဖိနပ်ကို ပေး၍ ဖိနပ်စီးကာ ထီးဆောင်းခဲ့ဟု ဆို၏။ အမရာသည် သစ်ပင်သစ်ခက် စသည် မရှိသောလွင်ပြင်၌ နေပူသော်လည်း ထီးကို မဆောင်း၊ သစ်ပင်သစ်ခက်အောက် စသည်၌ သွားရသောအခါ နေမပူ သော်လည်း ထီးကို ဖွင့်လှစ်၍ ဆောင်း၏။ ရေမရှိသော မြေပြင်၌ ဖိနပ်ကို မစီး၊ ရေရှိရာရောက်မှသာလျှင် ဖိနပ်ကို စီး၏။ ထိုအကြောင်းကို သုခမိန် ကမေးလျှင် အရှင်··· ရေမရှိရာ ရေအပြင်၌ ခလုတ်ဆူးငြောင့်ကို မြင်သာ သည်ဖြစ်၍ ဖိနပ်မစီးသော်လည်း မစူးမရှရာ။ ရေထဲ၌မူကား ငါးလိပ် ဆူးငြောင့်ခလုတ်ရှိ၍ မမြင်နိုင်သဖြင့် နင်းမိခဲ့သော် ဖိနပ်မစီးလျှင် စူးရှ နိုင်သည်။ တောအရပ်သို့ သွားရခြင်း၌ သစ်ပင်သစ်ခက်တို့၌ ခွေးမြွေ သော သစ်ကိုင်းတို့ ကျိုးကျနိုင်သည်ဖြစ်၍ ထီးဆောင်း၏။ လွင်ပြင်၌ကား

ဤသို့သော ဘေးမရှိသည်ဖြစ်၍ ထီးမဆောင်းခြင်း ဖြစ်သည်ဟု ဖြေကြား၏။ သုခမိန်သည် ဤသတို့သမီးသည် ငယ်ရွယ်သော်လည်း အလွန်ပညာရှိပေစွဟု အောက်မေ့၏။

ထိုမှတစ်ဖန် ခရီးဆက်သော် လမ်းအနီး၌ အသီးများစွာ သီးနေသော ဆီးပင်တစ်ပင်ကို တွေ့၏။ ထိုအခါ အမရာသည် အရှင်… ဆီးပင်ပေါ်သို့တက်၍ ဆီးသီးခူးဆွတ်ယူကာ သုံးဆောင်တော်မူပါလော့ဟုဆို၏။ မဟော်သဓာသည် ငါခရီးပန်းနေ၍ မတတ်နိုင်။ သင်စွမ်းနိုင်လျှင် တက်၍ ဆွတ်ယူပါလော့ဟု ဆို၏။ အမရာသည် ကောင်းပါပြီဟု ဝန်ခံပြီး ဆီးပင်ပေါ်သို့တက်၍ သစ်ခွကြား၌ နေလျက် ဆီးသီးဆွတ်ယူ၏။ အမရာကလည်း မဟော်သဓာ၏ ပညာရှိ မရှိ စုံစမ်းအံ့ဟု ကြံပြီး "အရှင်… ဆီးသီးအေးကို စားလိုသလော၊ ဆီးသီးပူကို စားလိုသလော" ဟု မေး၏။ မဟော်သဓာက ပညာစမ်းမှန်းကို မသိလေယောင်ပြု၍ ဆီးသီးပူကို စားလို၏ဟု ဆို၏။ အမရာလည်း ဆီးသီးကို ဆွတ်ယူပြီး မြေပူရာ မြေဖုတ်ထဲသို့ ချပေး၏။ တစ်ဖန် ဆီးသီးအေးကို စားလိုသည်ဟု ဆိုပြန်သော် မြက်ပင်ပေါ်သို့ ချပေး၏။ မဟော်သဓာသည် ထိုဆီးသီးကို ကောက်ယူလျက် သန့်ရှင်းအောင်ပြုပြီး သုံးဆောင်ကာ အမရာကို ဆီးပင်ပေါ်မှ ဆင်းသက်စေ၏။ အမရာသည် ဆီးပင်ပေါ်မှ ဆင်းသက်ပြီး ရေအိုးကို ယူပြီးသော် မြစ်သို့သွား၍ ရေခပ်ကာ အရှင်… သောက်တော်မူပါဟု ပေး၏။

## အမရာ၏ ကိုယ်ကျင့်တရားကို စမ်းသပ်ခြင်း

ထို့နောက် ခရီးဆက်ပြန်သော် မြို့သို့ ရောက်လေ၏။ မြို့သို့ရောက်လျှင် သုခမိန်သည် အမရာ၏ ကိုယ်ကျင့်တရားကို စုံစမ်းလိုသောကြောင့် တံခါးမှူးအိမ်၌ ခဏနေရစ်ဦးဟု ဆိုပြီး တံခါးမှူးမယားအား အပ်ထားခဲ့၍ အိမ်သို့ ပြန်၏။ မဟော်သဓာသည် လုလင်ပျိုတို့ကို ခေါ်စေပြီး "ငါသည် မြောက်တံခါးမှူးအိမ်၌ မိန်းမတစ်ယောက်ကို ထားခဲ့၏။ ထိုမိန်းမအား အသပြာတစ်ထောင်နှင့် မင်းကြီး၏သားတော်က စေလွှတ်ကြောင်း ပြောဆို စုံစမ်းကြ" ဟု ဆို၏။ မင်းချင်းတို့သည် သုခမိန်ဆိုတိုင်း စုံစမ်း

ကြ၏။ အမရာသည် အသပြာတစ်ထောင်ထုပ်နှင့် တောင်းဆိုလာသော လုလင်တို့အား မောင်ကြီးတို့ ဤအသပြာတစ်ထောင်သည် ကျွန်ုပ်လင်၏ ခြေဖဝါး၌ကပ်သော မြူလုံးလောက်မျှ အဖိုးမထိုက်ပါ။ နှစ်ခြိုက်ရာသွား၍ တစ်ပါးမှာသာ ရှာကြပါဟု ဆို၏။ သုံးကြိမ်တိုင်အောင် ဖြားယောင်းနိုင်းသော်လည်း အချည်းနှီးသာ ဖြစ်၏။ မိမိလင်ယောကျ်ားပေါ်တွင် အလွန်သစ္စာရှိသော အမျိုးသမီးပင် ဖြစ်ပေသည်။

တစ်ဖန် မဟော်သဓာသည် မင်းအာဏာထား၍ ခေါ်ချေ၊ မလိုက်လျှင် လက်ကိုဆွဲငင်၍ ခေါ်ခဲ့ဟု စေလွှတ်၏။ မင်းချင်းတို့လည်း မင်းကြီး၏ သားတော်က သူ့ကို ငြင်းပယ်သောကြောင့် အမျက်တော်ဝင်ပြီး အပါခေါ်ခဲ့ရန် စေလွှတ်၍ ယခု လာကြရသည်ဟု ဆိုလေ၏။ ထိုအခါ အမရာသည် မောင်ကြီးတို့ အရှင့်သားတော်ကို မထီမဲ့မြင် မပြုဝံ့ပါ။ အရှင့်သားတော်က သူကောင်းပြုလိုသော်လည်း ဘုန်းကံနည်းသည့် ကျွန်မဖြစ်၍ ကံထားရာ လင်နှင့် ရှိချေပြီ ဖြစ်သောကြောင့် သူကောင်း မပြုထိုက်ပါ၊ ကံနည်းမိန်းမ ဖြစ်ကြောင်းကို လျှောက်ထားခြင်းသာ ဖြစ်ပါသည်ဟု ဆို၏။ မင်းချင်းတို့သည် အပါခေါ်ခဲ့ရမည် အမိန့်တော်ရှိ၍ ဆွဲငယ်ခေါ်ယူလျက် မဟော်သဓာထံသို့ ပို့လေ၏။

အမရာသည် မင်းသားကိုမြင်သော် မမှတ်မိ၍ ပြုံးရယ်ခြင်းကိုလည်း ပြု၏။ မျက်ရည်ယိုစီး ငိုကြွေးခြင်းကိုလည်း ပြု၏။ သုခမိန်က အဘယ့်ကြောင့်နည်းဟု မေးသော် အရှင့်သားတော်ဘုရား··· ကျွန်ုပ်ပြုံးရယ်ခြင်းသည် အရှင့်သားကို မခံ့ညားလို၍ မဟုတ်ပါ။ မြင့်မြတ်သော စည်းစိမ်သည် ဘုန်းကံနည်း သောသူတို့အား မထိုက်၊ ထိုစည်းစိမ်တို့သည် ရှေးက ဒါန, သီလ စသည်ကိုပြု၍ ကုသိုလ်ကံကြောင့် ရအပ်၏။ ကုသိုလ်ကံ၏အကျိုး အလွန်အံ့ဩဖွယ် ရှိစွတကားဟု ကြံမိ၍ နှစ်လိုသော နှလုံးဖြင့် ရွှင်ပြုံးမိပါသည်။ မျက်ရည်ယိုစီး ငိုသည်မှာ ဤသို့သော စည်းစိမ်တော်ကြီးကိုရသော သခင်ဖြစ်ပါလျက် သူတော်ကောင်း အလေ့အကျင့်ဖြင့်သာ ပျော်ပါးရမည်ကို စိတ်အလိုသို့လိုက်၍ လင်ရှိမိန်းမကို သိမ်းယူမည်။ ဤမကောင်းမှုသည် တမလွန် သံသရာ ကြီးစွာသော ဆင်းရဲ၊ ငရဲမီးလျှံသို့ ပို့ဆောင်သဖြင့် ဆင်းရဲရှာလိမ့်မည်ကို သနားခြင်းကရုဏာသက်၍

စိတ်မကောင်းသဖြင့် ငိုမိပါသည်ဟု လျှောက်၏။

သုခမိန်သည် အမရာ၏ စိတ်နေစိတ်ထား ကိုယ်ကျင့်တရား စင်ကြယ်ပေ၏ဟု နှစ်သက်ဝမ်းမြောက်ပြီး "အချင်းတို့ ဤမိန်းမကို တံခါးမှူးအိမ်သို့ ပြန်ပို့ကြ"ဟု မိန့်၏။ ထို့နောက် သုခမိန်သည် မထင်မရှား အပ်ချုပ်သမား၏ အသွင်ဖြင့် တံခါးမှူးအိမ်သို့ ပြန်သွားပြီး အတူတကွ ပျော်ရွှင်စွာ နေ့ညဥ့်ကိုကုန်စေ၏။ မဟော်သဓာသည် အမရာကို တံခါးမှူးအိမ်တွင်ပင်ထားခဲ့၍ နန်းတော်သို့ ဝင်ပြီးလျှင် ဥဒုမ္ဗရမိဖုရားအား မိမိနှစ်သက်ရာ မိန်းမကောင်းရခဲ့ကြောင်း လျှောက်ထားခဲ့၏။ မိဖုရားကြီးလည်း နှစ်သက်ဝမ်းမြောက်စွာ ဝိဒေဟရာဇ်မင်းကြီးထံသွား၍ အကျိုးအကြောင်း လျှောက်ထား၏။ ထို့နောက် မဟော်သဓာနှင့် အမရာတို့အား မြို့တွင် မင်းညီမင်းသားတို့ ထိမ်းမြားမင်္ဂလာ ဆောင်ရွက်ရိုး အစဉ်ရှိသည့်အတိုင်း ကြီးကျယ်ခမ်းနားစွာ ထိမ်းမြားမင်္ဂလာကို ပြုပေး၏။ မင်းနှင့်တကွ ပြည်သူ ပြည်သားအပေါင်းတို့ကလည်း လက်ဆောင်ပဏ္ဏာများဖြင့် ပူဇော်ကြကုန်၏။ အမရာဒေဝီသည် ရောက်လာသမျှ လက်ဆောင်မှန်သမျှကို တစ်ဝက်ခွဲ၍ လက်ဆောင်အဖြစ် တုံ့ပြန်ပေး၏။

## အမရာဒေဝီ၏ ပညာအစွမ်း

**"လိမ္မာရွှင်သီ၊ ပညာရှိသား၊ ဓိတိတည်မတ်၊ မိန်းမမြတ်တို့၊ နတ်နှင့်မခြား၊ လင်ယောကျ်ားကို၊ ပျော်ပါးမပြတ်၊ ရွှင်စေတတ်လျက်၊ လေးမြတ်သက်ထင်၊ မိမိလင်အား၊ လူတွင်စင်စစ်၊ မိတ်ကြီးဖြစ်၏"** ဟူသော မဃဒေဝလင်္ကာအဆိုအရ အသိအလိမ္မာ ဉာဏ်ပညာရှိပြီး ဖြောင့်မတ်တည်ကြည်သော မိန်းမကောင်း မိန်းမမြတ်သည် လင်ယောကျ်ားကို နတ်ကဲ့သို့ ရိုသေလေးစားလျက် နှလုံးစိတ်ဝမ်း ရွှင်လန်းအောင် အမြဲပြုမူဆောင်ရွက်တတ်သည်။ လင်ယောကျ်ား၏ အကျိုးစီးပွားကို တိုးတက်အောင်၊ အခက်အခဲ မှန်သမျှကိုလည်း ဖြေရှင်းပေးနိုင်စွမ်းရှိသောကြောင့် မိတ်ဆွေကောင်း မိတ်ဆွေစစ်လည်း ဖြစ်ပါပေ၏။ ***(မဃဒေဝ။ ၃၁၅။)***

ယခုလည်း အမရာဒေဝီသည် ခင်ပွန်းသည်၏ ဘေးအန္တရာယ်

များကို မိမိပညာအစွမ်းဖြင့် ပယ်ဖျောက်ပေးခဲ့လေ၏။ အမတ်ကြီး လေးယောက်တို့သည် အချင်းချင်းတိုင်ပင်ကြပြီး အမတ်သုခမိန်တို့ ငါတို့သည် သူဌေးသား မဟော်သဓာကဲ့သို့ပင် အရာရာမှာ မစွမ်းနိုင်ကြ ဖြစ်ချေသည်။ မဟော်သဓာ ပညာကို ပြိုင်လျှင် အရှုံးဘက်သာ ကြုံကြရ၏။ ယခုတစ်ဖန် ဘုန်းပညာရှိသော မယားကောင်းနှင့် ပေါင်းမိပြန်သဖြင့် မဟော်သဓာ နှစ်ယောက် ဖြစ်သကဲ့သို့ ရှိချေတော့၏။ မဟော်သဓာပျက်စီးကြောင်း မကောင်းသော ဥပါယ်ဖြင့် ကုန်းတိုက်စကားဆို၍ မင်းကြီးအား လျှောက်ထားရသော် မကောင်းလောဟု တိုင်ပင်၏။ သေနကသုခမိန်က သူ့အကြံအစည်ကို ပြောပြ၏။ ငါသည် မင်းကြီး၏ ပတ္တမြားဆံကျင်ကို ခိုးယူအံ့။ ပက္ကုသအမတ်က မင်းကြီး၏ ရွှေပန်းကုံး၊ ကာမိန္ဒအမတ်က ကမ္ဗလာ၊ ဒေဝိန္ဒအမတ်က ရွှေခြေနင်းတို့ကို ခိုးကြလော့။ ငါတို့ ခိုးယူပြီးလျှင် မဟော်သဓာအိမ်သို့ တစ်ပါးသော စားဖွယ်သောက်ဖွယ်တို့ကို ရောင်းဟန်ပြု၍ ပို့အံ့။ ထိုအခါ အမှုထင်ရှားစွာ ဖြစ်လတ္တံ့ဟု ဆို၏။ အမတ်တို့လည်း သေနကသုခမိန်ဆိုတိုင်း အသီးသီး မင်းကြီး၏ ပစ္စည်းတို့ကို ခိုးယူကြကုန်၏။

## အမတ်ကြီးလေးယောက် ခိုးထည်များ အမရာအိမ် ပို့စေခြင်း

ထို့နောက် သေနကအမတ်သည် ရက်တက်အိုး၌ ပတ္တမြားဆံကျင်ကို ထည့်၍ ကျွန်မတစ်ယောက်ကို ခေါ်ပြီး သင်သည် ရက်တက်အိုးကို ရွက်လျက် လှည့်လည်ရောင်းဟန်ပြု၍ သူတစ်ပါးတို့က ဝယ်လိုသော်လည်း မရောင်းနှင့်။ မဟော်သဓာအိမ်က ခေါ်မေးလျှင် အဖိုးမယူဘဲ ပေး၍လာခဲ့ဟု စေလွှတ်၏။ ထိုကျွန်မသည် ဝန်ခံ၍ ရက်တက်အလိုရှိလျှင် ဝယ်ကြပါဟု ဆိုကာ မဟော်သဓာသုခမိန် အိမ်အနီး၌ ခေါက်တုံ့ခေါက်ပြန် သွားနေ၏။ အမရာဒေဝီသည် အိမ်တံခါးဝ၌ရပ်လျက် အကြောင်းတစ်စုံတစ်ရာ ရှိသည် ဖြစ်ရာ၏ဟု ကြံ၍ ရက်တက်သည်ကို ခေါ်၏။ အမရာဒေဝီသည် ရက်တက်အိုးကို ဤတွင် ချခဲ့၍ ကျွန်မများကို သင်သွားခေါ်ပါချေဟု ရက်တက်သည်ကို စေလွှတ်လိုက်ပြီး ရက်တက်သည်မ မရှိခိုက်တွင် အိုးကို

လက်ဖြင့်နှိုက်၍ စမ်းလေသော် ပတ္တမြားဆံကျင်ကို တွေ့မြင်လျှင် ပကတိအတိုင်း ပြန်ထား၏။ အမရာဒေဝီသည် ရက်တက်သည်မ အိမ်ကျွန်မများကို ခေါ်ခဲ့ပြီးမှ အသာအယာ ဖြောင်းဖြပြောဆို၍ ဘယ်သူ့အိမ်က ပေးသနည်းဟု မေး၏။ သခင်မ အကျွန်ုပ်ကား သေနကသုခမိန်၏ ကျွန်မပါ၊ သုခမိန်ခိုင်းစေသဖြင့် ဤသို့ပြုလုပ်ရပါသည်ဟု ဆို၏။ ထို့နောက် အမရာသည် ရက်တက်သည်မ၏ အမိအမည်ပါမေးပြီး ဤရက်တက်အိုးသည် အဖိုး ဘယ်မျှထိုက်သနည်းဟု မေးပြန်သော် လေးအသပြာထိုက်၏ဟုဆို၏။ ထိုသို့ဖြစ်လျှင် အကျွန်ုပ်ဝယ်မည်ဟုဆိုသော် သခင်မ အလိုရှိမူ အဖိုးမလိုပြီ၊ အိုးနှင့်တကွပင် ယူတော်မူပါဟု ဆို၍ အမရာဒေဝီအား ပေးအပ်ပြီး မိမိအိမ်သို့ ပြန်သွား၏။

အမရာဒေဝီက သေနကအမတ်ကြီးသည် မင်းကြီး၏ ပတ္တမြားဆံကျင်ကို ခိုးယူပြီး သူ့အိမ်သို့ပို့လိုက်ပုံ အကြောင်းစုံကို ကမ္ဗည်းအက္ခရာ ထိုးမှတ်၍ သိမ်းယူထား၏။ ထိုမှတစ်ဖန် ပက္ကုသအမတ် ပို့လိုက်သော မင်းကြီး၏ ရွှေပန်းကုံး၊ ကာမိန္ဒအမတ် ပို့လိုက်သော မင်းကြီး၏ ကမ္ဗလာ၊ ဒေဝိန္ဒအမတ် ပို့လိုက်သော မင်းကြီး၏ ရွှေခြေနင်းတို့ကိုလည်း ရေးနည်းအတူ ပို့လာသည့် နှစ်၊ လ၊ ရက်၊ အချိန်၊ ကျွန်မ၏အမည်၊ မိခင်၏အမည်၊ အရှင်နှင့်တကွ အလုံးစုံကို ကျွန်မတို့ နှုတ်ထွက်အတိုင်း ကမ္ဗည်းလိပ် ထိုးမှတ်၍ သိမ်းယူထားလေ၏။ ထိုအကြောင်းကို အမရာဒေဝီသည် မဟောသဓာအား ပြောကြားထား၏။

**အမတ်ကြီးတို့ ကုန်းချောစကား ဆိုကြခြင်း**

ထို့နောက် သုခမိန်လေးယောက်တို့ နန်းတော်သို့ ဝင်ကြလေ၍ မင်းကြီးအား "အရှင်မင်းကြီး… အရှင်၌ ဆင်မြန်းတော်မူမြဲဖြစ်သော ပတ္တမြားဆံကျင်ကို ကျွန်ုပ်တို့ မမြင်ရပါ။ အဘယ့်ကြောင့် ဆင်မြန်းတော်မမူပါသနည်းဟု လျှောက်၏။ အမတ်ကြီးတို့ ကောင်းပြီ၊ ယခု ငါဆင်မြန်းအံ့ဟုဆို၍ ယူစေသော် တန်ဆာလေးခုလုံး မတွေ့မမြင်ရသဖြင့် ပျောက်ကြောင်းကို သိလေ၏။ မင်းကြီးက အဘယ့်ကြောင့် ဤတန်ဆာလေးခု

ပျောက်ရသနည်းဟု ဆိုသောအခါ သုခမိန်လေးယောက်တို့သည် သာမန် ခိုးသူယူဝံ့မည် မဟုတ်။ သူကြွယ်သားက မြှောက်စား၍ သူကောင်းပြု တော်မူရာတွင် မင်းကြီးကို ထောင်ထားလိုဟန် အကြံနှင့် ရန်သူတော် ထိုသူကြွယ်သား ခိုးယူသည်ဟု သတင်းကြားကြောင်း လျှောက်ထား၍ ကုန်းတိုက်စကား ဆိုကြကုန်၏။ ထိုကုန်းချောစကားကို မဟော်သဓာ ၏အကျိုးကို လိုလားကြသော နန်းတွင်းသားများက မဟော်သဓာအား အသိပေးကြကုန်၏။ မဟော်သဓာသည် ဤစကား မှန်၊ မမှန် မင်းကြီး နှင့် တွေ့မြင်မှ အမှန်သိနိုင်အံ့ဟု ကြံပြီး မင်းကြီးအား ခစားအံ့သောငှာ နန်းတော်သို့ ဝင်လေ၏။ မင်းကြီးသည် အမတ်တို့စကား နားဝင်၍ ပြင်းစွာ အမျက်ထွက်လျက် မဟော်သဓာကို မြင်လျှင် အဘယ်သူနည်း၊ ငါမသိ ဟုမိန့်ကာ မျက်နှာကိုမျှ အမြင်မခံ ပြန်မကြည့်ဘဲ နန်းထဲသို့ ဝင်သွား လေ၏။

မင်းကြီးသည် သုခမိန်လေးယောက်တို့၏ ကုန်းချောစကားကို နားဝင်၍ အမျက်ထွက်လျက် မဟော်သဓာအား ရာဇဝတ်ထုံးရှိသည့်အတိုင်း ယခုပင် လုပ်ကြံပြီးစေဟု သူသတ်အကြီးအမှူးတို့ကို စေခိုင်း၏။ မဟော် သဓာအကျိုးကို လိုလားကြသော နန်းတွင်းသားတို့သည် မဟော်သဓာအား ခေတ္တခဏ ရှောင်တိမ်း၍ နေတော်မူသင့်ကြောင်းဆိုသဖြင့် အမရာဒေဝီအား အစစအရာရာ ပညာဖြင့် သိအောင်ပြုလျက် နေ့ညဥ့်မပြတ် သတိဝီရိယ ရှိပါစေဟု မှာကြားပြီး မထင်မရှား ဆင်းရဲသားအသွင်ဖြင့် ဒက္ခိဏာယဝ မဇ္ဈုံးရွာသို့သွားပြီး အိုးထိန်းသည်အိမ်၌ မှီခိုလျက်နေလေ၏။

သုခမိန်လေးယောက်တို့သည် မဟော်သဓာပြေးကြောင်း ကြားသိ ရ၍ ဝမ်းမြောက်ကြကုန်၏။ မဟော်သဓာ မရှိသည့်နောက် အမရာဒေဝီကို သိမ်းယူမည်ဟု ကိုယ်စီကြံကြပြီးသော် အမရာဒေဝီထံ လက်ဆောင်ပဏ္ဏာ များပို့လျက် အမှာစကား ပါးကြကုန်၏။ ထိုအခါ အမရာဒေဝီသည် သုခမိန် လေးယောက်တို့၏ လက်ဆောင်အသီးသီးကို သိမ်းယူလိုက်ပြီး ထိုသူတို့ကို မည်သည့်အချိန်ရောက်လျှင် ကြွတော်မူခဲ့ပါဟု အသီးသီး မှာလိုက်ပြီး မိမိ အိမ်အတွင်း၌ နက်သောတွင်းကို လူလေးငါးယောက် နေသာရုံ တူးစေကာ

မစင်ခြောက်၊ မစင်စိုတို့ကို ရေဖျော်၍ ပြည့်စေ၏။ ထိုတွင်းပေါ်၌ အိမ်ထဲကနေ၍ နင်းသာအောင် ယန္တရားစက် ပျဉ်ဖုံးထိုးပြီးမှ တွင်းလေးမျက်နှာ၌ ခန်းစီးကန့်လန့်ကာ ကာရံ၍ ထားလေ၏။

**အမတ်ကြီးလေးယောက် မစင်တွင်းကျခြင်း**

အမရာဒေဝီ မှာလိုက်သည့်အချိန်ရောက်လျှင် သေနကအမတ်သည် မိမိကိုယ်ကို ရေချိုး၊ တန်ဆာဆင်ပြီး အမရာအိမ်သို့သွား၏။ အမရာဒေဝီလည်း ဆရာ… ကြွတော်မူပါဟု ဖိတ်ခေါ်ပြီး စကားမာယာ လိမ္မာလှစွာဖြင့် လှည့်ပတ်ပြောဆို၍ အတူမအိပ်ခင် ရေချိုးတော်မူပါဦးဟု စီမံထားသော ရေချိုးပျဉ်ချပ်ပေါ်သို့ တက်စေ၏။ အမရာဒေဝီသည် သေနကအမတ် ပျဉ်ပေါ်သို့တက်၍ ရပ်သောအခါ အိမ်ထဲသို့ဝင်၍ ယန္တရားပျဉ်ဖုံးစွန်းကို နင်း၏။ သေနကအမတ်သည် ပျဉ်ပေါ်မှလျှော၍ မစင်တွင်းသို့ကျလေ၏။ အမရာဒေဝီလည်း ယန္တရားပျဉ်ဖုံးကို တွင်းပေါ်၌ ဖုံးအုပ်မြဲဖုံးထားပြန်၏။ ကျန်အမတ်သုံးယောက်တို့ကိုလည်း ထိုနည်းတူ မစင်တွင်းထဲသို့ ကျစေ၍ တညဥ့်ပတ်လုံး တွင်းထဲ၌ နေစေ၏။

ညဥ့်မိုးသောက်ရောက်မှသာလျှင် အမတ်လေးယောက်ကို မစင်တွင်းမှ ထုတ်ယူစေပြီး ဆံမုတ်ဆိတ်တို့ကို ရိတ်စေ၍ အရှက်လုံရုံမျှ အဝတ်ဖုံးလွှမ်းစေကာ မုန့်မှုန့်ကို ကော်ရည်ပျစ်ပျစ်ရှိအောင် ကျိုစေပြီး အေးလျှင် ထိုအမတ်လေးယောက်တို့ကို တကိုယ်လုံးအနှံ့ သုတ်လိမ်းပြီး လဲဝါဂွမ်းဖြင့် ဖွေးဖွေးဖြူအောင် ကပ်ငြိစေ၏။ ထို့နောက် တစ်ယောက်စီ ဖျာလိပ်ထဲ ထည့်လိပ်၍ ထမ်းယူစေကာ နန်းတော်သို့သွား၍ မင်းကြီးနှင့်သာ ထိုက်တန်သော ရတနာလေးပါးနှင့်တကွ မျောက်ဖြူလေးစီးကို အမရာဒေဝီက ဆက်သလိုကြောင်းလျှောက်ထားပြီး မင်းကြီးအား ဆက်သ၏။ မင်းကြီးသည် ဖျာလိပ်ကို ဖွင့်ခွာစေသော် မျောက်ဖြူနှင့်တူသော သုခမိန်လေးယောက်တို့ကို မင်းကြီးမှစ၍ မှူးမတ်အခြွေအရံ နန်းတွင်းသားအပေါင်းတို့ တွေ့မြင်ကြကာ အလွန်အံ့သြဖွယ်ရှိပေစွဟု ရယ်မောကြကုန်၏။ ထိုသုခမိန်လေးယောက်တို့သည် အလွန်ရှက်ကြလေကုန်၏။

ဤသို့ ရှက်စေပြီးနောက် အမရာဒေဝီသည် မိမိခင်ပွန်း မဟောသဓာ၌ အပြစ်မရှိသောအဖြစ်ကို လျှောက်တင်၍ အကြောင်းစုံ ရှင်းပြကာ ပြဿနာကို ဖြေရှင်းပေးလိုက်သည်။ အမရာဒေဝီ၏ အကျင့်သီလ ဂုဏ်ပညာ ကျေးဇူး အထူးသဖြင့် တင့်တယ်မြင့်မြတ်လှပါပေတော့သည်။

*(ဇာ၊ ၌၊ ၆။ ၁၆၃-၂၁၃။)*

ထို့ကြောင့် သုလသာဇာတ်တော်၌-

**“န ဟိ သဗ္ဗေသု ဌာနေသု၊ ပုရိသော ဟောတိ ပဏ္ဍိတော။**
**ဣတ္ထီပိ ပဏ္ဍိတာ ဟောတိ၊ တတ္ထ တတ္ထ ဝိစက္ခဏာ။”**

(ခပ်သိမ်းကုန်သောတရားတို့၌ ယောကျ်ားသည်သာလျှင် ပညာရှိ မဟုတ်။ မိန်းမသည်လည်း ပညာရှိ၍အရာရာ၌ အထူးသဖြင့် သိမြင်တတ်ကြကုန်၏။)ဟု တောစောင့်နတ်က သုလသာအမျိုးသမီးကို ချီးမွမ်းပြောဆိုခဲ့ဖူးသည်။ *(ဇာ၊ ၌၊ ၃။ ၄၁၆။)*

ထို့ကြောင့် မန်လည်ဆရာတော်ဘုရားကြီးက **“ယုတ်မြတ်ဟူကြ၊ ဤလောက၌၊ မိန်းမယောကျ်ား၊ သဘောအားဖြင့်၊ ခြားနားမရှိ၊ သားချစ်သိလော့၊ သတိပညာ၊ အရင်းသာတည့်၊ ပညာမည်ငြား၊ ဤတရားလည်း၊ ယောကျ်ား၌သာ၊ မဟုရာဘူး၊ အမရာဒေဝီ၊ ဘေရီစမ္မ၊ ဒိန္နာစသည်၊ အပွကဟူ၊ နည်းငယ်မူကား၊ လူဝယ်ထိုသို့၊ မိန်းမတို့လည်း၊ မရို့ပညာ၊ ရှိတတ်စွာ၏”**ဟု မိန့်ဆိုခဲ့သည်။ *(မဃဒေဝ။ ၃၁၄။)*

ဤသို့လျှင် အမရာဒေဝီသည် အသပြာထောင်ထုပ်ဖြင့် ဖြားယောင်းသွေးဆောင်ခဲ့သော်လည်း လင်ယောကျ်ားအပေါ် သစ္စာမဖောက် ကိုယ်ကျင့်တရား စောင့်ထိန်းခြင်း၊ လင်ယောကျ်ားအပေါ် အမျက်ဒေါသမရှိ ရိုကျိုးစွာ အလုပ်အကျွေးပြုခြင်း၊ လင်ယောကျ်ား ဘေးရန်ဒုက္ခနှင့် ကြုံလာသောအခါ မိမိဉာဏ်ပညာအစွမ်းဖြင့် လွတ်မြောက်စေခြင်း စသော အကြောင်းတို့ကြောင့် တော်လေးဝ မိန်းမမြတ်စာရင်း ဝင်ခဲ့ရပါသည်။

**မယား၇–မျိုး**

မိန်းမ (မယား) ၇–မျိုးရှိကြောင်း ဘုရားရှင် အနာထပိဏ်သူဌေးကြီး၏ ချွေးမ သုဇာတာကို ဟောကြားဖူးသည်။

၁။ သူသတ်ကောင်နှင့်တူသော မယား။

၂။ ခိုးသူနှင့်တူသော မယား၊

၃။ အရှင်သခင်နှင့်တူသော မယား၊

ဤသုံးမျိုးသည် မကောင်းပေ၊ သေသောအခါ အပါယ်ငရဲသွားရလိမ့်မည်။

၄။ အမေနှင့်တူသော မယား၊

၅။ နှမနှင့်တူသော မယား၊

၆။ မိတ်ဆွေနှင့်တူသော မယား၊

၇။ ကျွန်မနှင့်တူသော မယား။

ဤလေးမျိုးသည် ကောင်း၏။ သေသောအခါ နတ်ရွာသုဂတိရောက်ရ၏။ *(အံ၊ ၂။ ၄၆၇။)*

ထိုအကြောင်းကို မန်လည်ဆရာတော်ဘုရားကြီးက **"မယားခုနစ်မျိုး၊ ရှိမြဲရိုးတွင်၊ ခိုးသူအရှင်၊ သူသတ်သွင်သို့၊ အကြင်မယား၊ လား၏ငရဲ၊ အမြဲမှတ်တိ၊ အမိတမျှ၊ နှမမယွန်း၊ ခင်ပွန်းသဖွယ်၊ ကျွန်နှယ် လေးဖြာ၊ မယားမှာကား၊ နိဗ္ဗာနတ်ပြည်၊ လားမြဲမည်၏။ ယင်းသည်လေးသွယ်၊ မယားဝယ်လည်း၊ ကျွန်နှယ်အလား၊ ထိုမယားမူ၊ ယောကျ်ားဆုယန်၊ နိဗ္ဗာန်ဆုကောင်း၊ တောင်းကမလွတ်၊ မချွတ်တူတည်၊ ပြည့်မြဲမည်၏"**ဟု မိန့်ဆိုခဲ့သည်။

*(မဃဒေဝ။ ၃၁၂။)*

အမရာဒေဝီသည် လင်သား၏ အကျိုးစီးပွားကို အမြဲကြည့်ပြီး တိုးတက်အောင် အကြံပေး ကူညီစောင့်ရှောက်ကာ အမိက သားကို ကြင်နာစွာ ပြောဆိုသလို လင်သား နားဝင်ချိုအောင် ပြောဆိုတတ်သောကြောင့် အမိနှင့်တူသောမယားလည်း ဖြစ်ပါသည်။ အစ်မကြီးက ညီမ၊ မောင်များကို စောင့်ရှောက်သကဲ့သို့ မိမိလင်သားကို ထိန်းသိမ်းစောင့်ရှောက်ကာ အရက်

အကြောက်စိတ်ထားပြီး လင်သားအလိုကို သိတတ်သောကြောင့် နှမနှင့်တူသော မယားလည်း ဖြစ်ပါသည်။ လင်သားနှင့်တွေ့သောအခါ အချိန်ကြာကြာ ကွဲကွာနေသော မိတ်ဆွေနှင့် တွေ့ရသကဲ့သို့ ဝမ်းသာလှိုက်လှဲ ပြောဆိုဆက်ဆံခြင်း၊ မျိုးရိုးဂုဏ်နှင့်ကိုယ်ကျင့်တရားကို မလေးမစား မပြုတတ်သောကြောင့် မိတ်ဆွေနှင့်တူသော မယားလည်း ဖြစ်ပါသည်။ လင်သားက ပြစ်တင်ပြောဆို သတ်ပုတ်မည်ဟု ခြိမ်းခြောက်ပြောဆိုစေကာမူ သည်းခံတတ်ခြင်း၊ ခွန်းတုံ့ပြန် မပြောဆိုခြင်း၊ တစ်ဖန် ပြန်လည်ရန်မတွေ့ခြင်း၊ စိတ်မဆိုး စိတ်မကောက်တတ်သောကြောင့် ကျွန်မနှင့်တူသော မယားလည်း ဖြစ်ပါသည်။

## ၂။ စန္ဒကိန္နရီ (စန္ဒကိန္နရာ၏ ဇနီး)

ကိန္နရီ (စန္ဒကိန္နရီ) ဟူသည် ဘုရားအလောင်းတော် ကိန္နရာဖြစ်စဉ်ဘဝ လင်ယောကျ်ားအပေါ် သစ္စာထားလွန်းသူ ပါရမီဖြည့်ဖက် ရာဟုလာမယ်တော် ယသော်ဓရာအလောင်းပင် ဖြစ်ပါသည်။

သဗ္ဗညုဘုရားရှင် ကပိလဝတ်နေပြည်တော် နိဂြောဓာရုံကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ခမည်းတော် သုဒ္ဓေါဒနမင်းကြီး နန်းတော်၌ ခင်ပွန်းအပေါ် သစ္စာစောင့်သိ ချစ်မြတ်နိုးသော ရာဟုလာမယ်တော်ကို အကြောင်းပြုကာ ဤအတိတ်ဇာတ်ကြောင်းကို ဟောကြားတော်မူခဲ့သည်။

### ယသော်ဓရာ၏ ဂုဏ်ကျေးဇူး

ဘုရားရှင်သည် ခမည်းတော်မင်းကြီး၏ နန်းတော်၌ နေ့ဆွမ်းဘုဉ်းပေးပြီးသောအခါ မဟာဓမ္မပါလဇာတ်တော်ကို ဟောကြားတော်မူ၏။ ထို့နောက် ဘုရားရှင်သည် မင်းကြီးအား သပိတ်တော်ယူစေ၍ အဂ္ဂသာဝကနှစ်ပါးတို့နှင့်အတူ ရာဟုလာမယ်တော် တိုက်ခန်းသို့ကြွတော်မူ၏။ ရာဟုလာမယ်တော်သည် ဘုရားရှင် ကြွလာတော်မူသည်ကို သိ၍ အခြံအရံ မိန်းမ

အပေါင်းတို့အား ဖန်ရည်စွန်းသောအဝတ်တို့ကို ဝတ်စေကုန်၏။ ဘုရားရှင်ကြွတော်မူလာသောအခါ အလုံးစုံသော မိန်းမတို့သည် တစ်ပြိုင်နက် ငိုကြွေးကြကုန်၏။ ရာဟုလာမယ်တော် ယသော်ဓရာသည်လည်း ခုနစ်နှစ်တာ ကွေကွင်း ခွဲခွာနေရ၍ မောင်တော်ဘုရားကို ဖူးမြော်ရလျှင် လွမ်းစိတ်တွေကို မြိုသိပ်မထားနိုင်တော့ဘဲ ရှိက်ကြီးတငင် မျက်ရည်တသွင်သွင် စီးလျက်ရှိသေစွာ ခြေတော်ကို နဖူးတင်လျက် ရှိခိုးပူဇော်လေ၏။

ခမည်းတော်မင်းကြီးက "သားတော်ဘုရား… ချွေးမလေး ယသော်ဓရာသည် သားတော်ဘုရား တောထွက်၍ ဖန်ရည်စွန်းသောအဝတ်ကို ဝတ်ကုန်၏ဟု ကြားလျှင် ဖန်ရည်စွန်းသောအဝတ်ကို ဝတ်၏။ ပန်းပန်ခြင်း အလှပြင်ခြင်းကို စွန့်ကုန်၏ဟု ကြားလျှင် ပန်းပန်ခြင်း အစသည်တို့ကို စွန့်၏။ မြေ၌အိပ်၏ဟု ကြားလျှင် မြေ၌ အိပ်၏။ သားတော်ဘုရား ရဟန်းပြုသောကာလ၌ မုဆိုးမသဘောဖြစ်၍ တစ်ပါးကုန်သော မင်းတို့သည် လက်ဆောင်ပဏ္ဏာဖြင့် တောင်းဆိုကြသော်လည်း လက်မခံခဲ့" ဟု ယသော်ဓရာ၏ သားတော်အပေါ် အချစ်ကြီးပုံ အလုံးစုံသော ဂုဏ်ကျေးဇူးကို လျှောက်ထား၏။

ထိုအခါ ဘုရားရှင်က မြတ်သောမင်းကြီး နှမတော် မယ်ယသော်သည် ယခုဘဝ၌သာလျှင် သစ္စာစောင့်စည်း အကြင်နာကြီးခဲ့သည့် ချစ်ခရီးဖော်ဖြစ်သည် မဟုတ်သေး။ ရှေး တိရစ္ဆာန်မျိုးဖြစ်စဉ်၌လည်း မိမိလင်ယောကျ်ားအပေါ် သစ္စာစောင့်စည်း အချစ်ကြီးကာ သူတစ်ပါးဆောင်ယူခြင်းငှာ မတတ်နိုင်ခဲ့ဟုမိန့်ကာ ခမည်းတော် တောင်းပန်အပ်သည် ဖြစ်၍ အတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူ၏။

**စန္ဒတောင်ပေါ်မှာ ပျော်ပွဲဆင်**

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး ထီးနန်းစိုးစံစဉ် ဘုရားလောင်းသည် ဟိမဝန္တာတွင် ကိန္နရာမျိုး၌ ဖြစ်ကာ ဇနီးသည် စန္ဒာမည်သော ကိန္နရီမယ်လေးနှင့်အတူ စန္ဒ ဟုတွင်သော ငွေတောင်ပေါ်၌ ပျော်ရွှင်စွာ နေထိုင်ကြသည်။

တစ်နေ့တွင် ပြဟ္မဒတ်မင်းကြီးသည် ဖန်ရည်စွန်းသော အဝတ်ကို ဝတ်လျက် မုဆိုးအသွင်ဖြင့် ဟိမဝန္တာသို့ တစ်ယောက်တည်း ဝင်ခဲ့သည်။ ထိုမင်းသည် အမဲကိုစားလျက် မြစ်ငယ်တစ်ခု၏ ကမ်းတစ်လျှောက် အစဉ် အတိုင်းလျှောက်၍ မြစ်ညာသို့ တက်လေ၏။ စန္ဒတောင်၌ ကိန္နရာတို့သည် မိုးတွင်းအခါ၌ တောင်ပေါ်မှ မဆင်းသက်ဘဲ တောင်ပေါ်၌သာ နေထိုင်ကြ ကုန်၏။ နွေအခါမှသာ တောင်အောက်သို့ ဆင်းသက်ကြကုန်၏။

"အမြတ်ခေါင်ဆင့်၊ တောင်ပံတင့်သည်၊ မောင်နှင့်နှမ၊ ဖြစ်စဉ်က ဝယ်၊ အလှရည်ထင်၊ ကြည်ကြည်စင်သား၊ လည်တင်ယှက်၍၊ တူလက်တွဲ၍၊ မြခဲမြရောင်၊ စန္ဒတောင်ဟု၊ ရွှေရောင်ငွေရောင်၊ အလှဆောင်သား၊ ထို တောင်ဒေသ၊ ရပ်ဌာန၌၊ နေကြကုန်ပြီ" *(စန္ဒကိန္နရီပျို့၊ ၄၀။)*

ထိုအခါ၌ ကိန္နရာ ကိန္နရီ မောင်နှံနှစ်ဖော်သည် တောင်ပေါ်မှ ဆင်းသက်၍ နံ့သာများ လိမ်းကျံ၊ ပန်းဝတ်မှုန်တို့ကို စားလျက် ပန်းပုဆိုး တို့ကိုဝတ်ရုံကာ နွယ်ပုခတ် အတူစီးလျက် သာယာသောတေးသီချင်းများ ကို သီကျူးကာ ကခုန်မြူးထူး ပျော်ပါးနေကြ၏။ တစ်ဖန် တစ်ခုသော ချောင်းအကွေ့၌ ဆင်းသက်၍ ရေ၌ ပန်းတို့ကို ကျဲပြီးလျှင် ရေကစား၍ ငွေရောင်အဆင်းနှင့်တူသော သဲပြင်ဝယ် ပန်းအခင်းကို ခင်း၍ ဝါးလုံး လေးများကို တူရိယာအဖြစ် တီးခတ်လျက် တူစုံမောင်မယ် သီဆို ကခုန် ကာ မောင်နှံနှစ်ဖော် စန္ဒတောင်မှာ ကြင်နာယုယ နေကြပြန်၏။

"စန္ဒကိန္နရာ၊ လောင်းပွင့်လျာနှင့်၊ သာယာရစ်ရှိ၊ ချစ်ကြီးသီသည်၊ ကိန္နရီမယ်၊ သီဂီသွယ်တို့၊ မြိုင်လယ်ရဂုံ၊ တီးသံစုံဖြင့်၊ က–ပုံ နည်းကဲ၊ ဘယ်ညာယှက်၍၊ ကမ်းထက်သောင်ယံ၊ ငွေရောင်လျှံဝယ်၊ မောင်နှံဖော်ငဲ၊ ခေါ်ထူးတွဲလျက်" *(စန္ဒကိန္နရီပျို့။ ၄၄။)*

"မဂ္ဂင်ရောင်ညီး၊ ရွှေဖောင်ကြီးနှင့်၊ အောင်သီးဆွတ်ချူ၊ ယူတော်မူ ရာ၊ စောမြတ်စွာကား၊ မြင့်ကြာဝေးလှ၊ ရှေးမဆွက၊ စန္ဒကိန္နရာ၊ ဖြစ်စဉ် ခါဝယ်၊ စန္ဒတောင်ယံ၊ အခေါင်စံသား၊ မောင်နှံနှမ၊ ရောင်လျှံပသည်၊

စန္ဒကိန္နရီ၊ နတ်တာပြီနှင့်၊ ချစ်ကြည်ဆကဲ၊ ပျော်ကာနွဲ၍" *(စန္ဒကိန္နရီပျို့။ ၁၁၃-၄။)*

ဗာရာဏသီမင်းကြီးသည် ထိုကိန္နရာတို့၏ အသံကို ကြားလျှင် ခြေသံမကြားရလေအောင် ဖြည်းညင်းစွာသွား၍ ချုံကွယ်မှကြည့်လျှင် ကိန္နရီမယ်၌ နှစ်သက်တပ်မက်သောစိတ် ဝင်မိသည်ဖြစ်၍ ကိန္နရာဖိုကို မြားဖြင့် ပစ်ခွင်းလိုက်ရာ မြားဒဏ်သင့်၍ လဲကျပြီး ပြင်းထန်စွာ ဝေဒနာကို ခံစားရရှာလေသည်။ ကိန္နရီမယ်လေးသည် သူမ၏ချစ်လင် ပန်းပုံထဲ လဲကျ သွားသည်ကို အတူပျော်မြူးကခုန်ရင်း မြင်ရ၍ ပန်းပုံထဲ လဲလျောင်းသည် ဟု အထင်ရှိခဲ့သည်။ ကိန္နရာဖိုက နာကျင်လွန်း၍ ငိုကြွေးကာမှ အပြေး ရောက်လာ ပွေ့ဖက်လျက် စိုးရိမ်ခြင်းပြင်းပြစွာဖြင့် သည်းထန်စွာ ငိုကြွေးလေ တော့သည်။

"ချစ်ရည်မပြယ်၊ ဆွေသည်မယ်နှင့်၊ ကြည်ဖွယ်မရဲ၊ လည်ဝယ် ဆွဲလျက်၊ မခွဲဘူးပါ၊ သည်တစ်ခါဝယ်၊ သောင်သာစဲစ၊ သဲလွလွ၌၊ ကွဲရ တော့မည်။"
*(စန္ဒကိန္နရီပျို့။ ၈၈။)*

ဗြဟ္မဒတ်မင်းသည် "ကိန္နရာဖိုကြီး သေသွားပြီ၊ ကိန္နရီမယ်လေး မှာ အားကိုးစရာ မရှိတော့ဘူး၊ ယခုအချိန်မှာ အခွင့်သာပြီ၊ ငါ့ဘက် ပါအောင် ဖြားယောင်းသွေးဆောင်ကာ ပြောဆိုမှပဲ"ဟု ကြံစည်ပြီး ပုန်းကွယ်ရာကနေ ထွက်လာခဲ့၏။ မင်းကြီးကို ကိန္နရီမယ် တွေ့မြင်လျှင် မောင်တော့်ကို မြားနဲ့ပစ်သတ်သူသည် ဤလူယုတ်မာပင် ဖြစ်လိမ့်မည်၊ အလွန်ယုတ်မာ ရက်စက်ပါပေ၏ဟု ကြောက်လန့်တကြား တောင်ထိပ် ပေါ်သို့ တက်ပြေးပြီး မင်းကြီးကို ကျိန်ဆဲလေ၏။

### အသက်သေရင် သေပါစေ အချစ် ဝေမပေးနိုင်

ထိုအခါ မင်းကြီးသည် ကိန္နရီမယ်လေးအား "ရှင်မစန္ဒာ မစိုးရိမ် မပူဆွေး မငိုကြွေးပါလင့်၊ ငါသည် ဗာရာဏသီမင်း ဖြစ်၏။ သင့်ကို အဂ္ဂမဟေသီ မိဖုရားအရာ၌ထား၍ ချီးမြှောက်ပါမည်ဟု ဖြားယောင်း၏။

ထိုအခါ စန္ဒကိန္နရီမယ်လေးသည် မင်းကြီး၏စကားကို ကြားလျှင် ခြသေ့်နှင့်တူသော အသံကို ကျူးရင့်လျက် "မင်းကြီး... စင်စစ် ငါသည် အသက်ပင် အသေခံမည်။ သင်၏ ဇနီးမယား အဖြစ်မခံနိုင်၊ သင်သည် ငါ၏ ချစ်လှစွာသောခင်ပွန်းကို အပြစ်မရှိဘဲ သတ်ရက်၏" ဟု ဆိုလေ၏။

ဤသို့လျှင် ယသော်ဓရာအလောင်းလျာ ကိန္နရီမယ်လေးသည် တောကြီးထဲတွင် အားကိုးစရာမရှိသော်လည်း မောင်တော့်အပြင် ဘယ်သူ့ကိုမှ အချစ်တွေ ဝေမပေးခဲ့ပေ။ ရှင်ဘုရင် ဖြစ်စေကာမူ မင်းစည်းစိမ်ကို မမက်မောဘဲ ခါးခါးသီးသီး ငြင်းဆိုခဲ့သည်။ ထို့ကြောင့်ပင် သစ္စာစောင့်စည်း အကြင်နာကြီးကြသော ချစ်ခရီးဖော် ဇနီးတွေထဲတွင် စန္ဒကိန္နရီသည် "တော်ဝင်သူ"တစ်ပါး ဖြစ်ခဲ့လေသည်။

မင်းကြီးသည် ကိန္နရီမယ်လေး မိမိအလိုသို့လိုက်အောင် မစွမ်းဆောင်နိုင်သည်ရှိသော် ကိန္နရီမောင်နှံတို့နှင့် ဝေးရာသို့ ထွက်ခွာသွားလေ၏။ ကိန္နရီမယ်လေးသည် မင်းကြီး ထွက်ခွာသွားသော် တောင်ထိပ်မှ သက်ဆင်း၍ မောင်တော်ကို ရင်ခွင်ထဲထည့်ကာ ပွေ့ပိုက်ဖက်ကာ ငိုကြွေးလေ၏။ ထို့နောက် မောင်တော်၏ ရင်ဘတ်ပေါ်သို့ လက်တင်၍ စမ်းသပ်ကြည့်သည်တွင် အသက်မသေသေးကြောင်း သိရသဖြင့် လောကပါလနတ်တို့အား သစ္စာပြု တိုင်တည်လိုက်ရာ သိကြားမင်း သိရှိပြီး ပုဏ္ဏားအသွင်ဖြင့် ရောက်လာကာ ကိန္နရာဖိုအား ကရားမှရေဖြင့် သွန်းလောင်းပေးလိုက်သည်။ ထိုခဏတွင်ပင် မြားဆိပ်များ ပြေလျော့သွားပြီး ကိန္နရာဖိုလည်း လဲနေရာမှ ချက်ချင်းထနိုင်လေသည်။ ကိန္နရီမယ်လေးသည် ချစ်လှစွာသော လင်တော်မောင် အသက်ကို ကယ်တင်ပေးသော ပုဏ္ဏားအသွင်ဆောင်ထားသည့် သိကြားမင်းကို ကျေးဇူးတင်လွန်းသဖြင့် အကြိမ်ကြိမ်ရှိခိုးလိုက်သည်။ သိကြားမင်းသည် ထိုကိန္နရာတို့အား ဤနေ့မှစ၍ စန္ဒတောင်မှဆင်းသက်၍ လူ့ခရီး (လူတွေ ရောက်နိုင်သောအရပ်) သို့ မသွားကြနှင့်၊ ဤစန္ဒတောင်ပေါ်၌သာလျှင် နေရစ်ကြကုန်လော့ဟု အဆုံးအမပေး၍ မိမိနေရာ တာဝတိံသာသို့ ပြန်သွားလေ၏။

ဇာတ်တော်ပေါင်းသော် ဗြဟ္မဒတ်မင်းသည် ဒေဝဒတ်၊ သိကြား

မင်းသည် အနုရုဒ္ဓါ၊ စန္ဒကိန္နရီသည် ရာဟုလာမယ်တော် ယသော်ဓရာ၊ စန္ဒကိန္နရာသည် ဘုရားရှင် ဖြစ်လာခဲ့သည်။ *(ဇာ၊ ၄၊ ၄။ ၂၈၂။)*

ဤသို့လျှင် စန္ဒကိန္နရီမယ်လေးသည် ဗြဟ္မဒတ်မင်းက လင်ဖြစ်သူ ကိန္နရာဖိုကို မြားဖြင့် ပစ်ခွင်းပြီး မိဖုရားရာထူးဖြင့် ဖြားယောင်းသွေးဆောင် သော်လည်း လက်မခံခဲ့ပေ။ ကိန္နရာဖို အသက်ရှင်ရန်သာ သစ္စာပြု၍ ကယ်တင်နိုင်ခဲ့သဖြင့် စံနမူနာ ယူသင့်သော ဇနီးကောင်းအဖြစ် တော်လေးဝ စာရင်း ဝင်ခဲ့ရပါသည်။

ကမ္ဘာလောကကြီးတွင် အကြင်နာသမုဒယအရာမှာ လူတို့ အတု ယူသင့်သော ငှက်မောင်နှံများစွာ ရှိကြလေ၏။ အဟိတ်တိရစ္ဆာန်တွေပဲဟု အထင်မသေးသင့်ပေ။ ငှက်တွေလောက် မကြင်နာကြသော ဇနီးမောင်နှံ များ လောကကြီးတွင် အများအပြား ရှိကြပါသည်။

ကမ္ဘာပေါ်တွင် တစ်ကောင်နှင့် တစ်ကောင် အလွန်ကြင်နာတတ် သော လွန်းကြင်ငှက်များ ရှိကြသည်။ အဖိုအမ လည်ချင်းယှက်၍ ချစ်ခင် ကြင်နာစွာ နေတတ်ကြသည်။

ထို့ကြောင့် **"မိဘနှစ်ပါး၊ ပေးထိမ်းမြားလျက်၊ ရွှစားလျက်ပင်၊ စုံမက်ခင်လျက်၊ လွန်းကြင်ရွှေငှက်၊ လည်ချင်းယှက်သို့"**ဟု *(ဥမ္မာဒန္တီပျို့။ ၄၁။)* ၌ ရေးဖွဲ့ထားသည်ကို တွေ့ရပါသည်။

ထို့ပြင် အောက်ချင်းဆိုသော ငှက်မျိုးတို့သည်လည်း ကြင်နာစွာ အအုပ်အသင်းနှင့် နေတတ်ကြ၏။ ထိုငှက်မျိုးတို့သည် ငှက်မောင်နှံ အချင်း ချင်း အလွန်ချစ်ခင် ကြင်နာကြသည်။ မခွဲမခွာ အတူတွဲကာ နေထိုင်တတ် ကြသည်။ အဖိုအမတစ်ကောင် အရင်သေလျှင် ကျန်ခဲ့သောတစ်ကောင် ကလည်း လိုက်သေကြသည်အထိ အချစ်ကြီးကြ၏။

ထို့ကြောင့် လူဖြစ်သောသူတို့သည်လည်း-

ဘဝါဘဝေ၊ အထက်က
နှစ်ဖြာရေစက်၊ ပြုသမျှမကွာ
တဏှာသဝေ၊ မပျက်သမျှ
ပါလေချက်၊ သမုဒယတဏှာကြောင့်

ခုဘဝမှာ၊ ဇနီးမောင်နှံရယ်လို့ လာဖြစ်ကြရခြင်း ဖြစ်သည့်အတွက် အတူချစ်ခင်ကြင်နာစွာဖြင့် သစ္စာရှိစွာ ဘဝခရီးကို လျှောက်လှမ်းသင့်ပါသည်။

## ၃။ မဒ္ဒီဒေဝီ (ဝေဿန္တရာမင်းကြီး၏ဇနီး)

မဒ္ဒီဒေဝီသည်လည်း ဘုရားအလောင်းတော်၏ ပါရမီဖြည့်ဖက် ဖြစ်၍ ထိုဘဝ၌ လင်ယောကျ်ားတိုင်းပြည်မှ နှင်ထုတ်ခံရချိန်တွင် အေးအတူ ပူအမျှ ဒုက္ခကို မျှဝေခံစားရန် ဝင်္ကပါတောင်သို့ လိုက်ပါ၍ လုပ်ကျွေးပြုစုရှာသော တော်ဝင်သူ ဇနီးကောင်းပင် ဖြစ်ပါသည်။

### ဒါနနှင့်ပျော် ဘုရားအလောင်းတော်

လွန်လေပြီးသောအခါ သိဝိတိုင်း၊ (ဇေတုတ္တရာ) စေတုတ္တရာပြည်၌ သိဝိမင်းကြီး၏ သားတော် (သဥ္စယ)သိဥ္စည်းမင်းသားသည် အရွယ်ရောက်လျှင် မဒ္ဒရာဇ်မင်း၏ သမီးတော် ဖုသတီဒေဝီနှင့် ထိမ်းမြားကာ ထီးနန်းအပ်နှင်းခံရသည်။ မိဖုရားကြီး သန္ဓေရှိသောအခါ လှူဒါန်းလိုသော ချင်ခြင်းဖြစ်၍ အလှူဇရပ် ခြောက်ဆောင်ဆောက်ကာ နေ့စဉ် အသပြာ ခြောက်သိန်းဖိုး လှူဒါန်းသည်။ ဘုရားလောင်း ပဋိသန္ဓေနေသည့် နေ့မှစ၍ သိဥ္စည်းမင်းကြီးအား အခွန်အတုတ် ပဏ္ဏာလက်ဆောင်တို့ အတိုင်းအရှည်မရှိ ပြန့်ပွားတိုးတက်ကုန်၏။ ဘုရားလောင်း၏ အာနုဘော်ကြောင့် ဇမ္ဗူဒိပ်ကျွန်းအပြင်၌ နေကုန်သော ထီးဆောင်း မင်းအပေါင်းတို့သည် လက်ဆောင်များစွာ ဆက်သလာကြကုန်၏။

မိဖုရားကြီးသည် ကိုယ်ဝန်ဆယ်လပြည့်လတ်သော် မြို့ကို လှည့်လည်၍ ရှုမြင်လိုသည်ဟု မင်းကြီးအား လျှောက်ကြား၏။ မင်းကြီးလည်း စေတုတ္တရာပြည်ကို တန်ဆာဆင်စေ၍ မိဖုရားကြီးနှင့်တကွ မြင်းရထားစီးလျက် လှည့်လည်ရာ လှည်းကုန်သည်တို့၏ ရောင်းဝယ်ဖောက်ကားသွားလာရာ ခရီးလမ်းအလယ်သို့ ရောက်လျှင် သားဖွားချင်၍ ကမ္မဇလေလှုပ်သဖြင့် ထိုခရီးလမ်းမအလယ်၌ပင် သားဖွားမင်္ဂလာ တဲနန်း စီမံ၍

သားတော်ကို ဖွားမြင်လေ၏။ သားတော်သည် မယ်တော်ဝမ်းမှ ဖွားခါစ ကပင် လက်တော်ကို ဆန့်တန်းလျက် မယ်တော် သားတော် အလှူပေးအံ့၊ ဥစ္စာ တစိုးတစိမျှ ရှိပါသလားဟု ဆို၏။ ထိုအခါ မယ်တော်သည် ချစ်သား အလိုရှိတိုင်း အလှူပေးလော့ဟု အသပြာတစ်ထောင်ထုပ်ကို လက်အနီး၌ ထားပေး၏။

[လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်း ပါရမီဆယ်ပါးကို ဖြည့်လျက် ဘဝများစွာ ကျင်လည်တော်မူရသော ဘုရားလောင်းသည် ဝေဿန္တရာ ဇာတ်တော် (ဝေဿန္တရာမင်းသားဘဝ)၊ ဥမင်္ဂဇာတ်တော် (မဟောသဓာ သတို့သားဘဝ)၊ အဆုံးစွန်သော (သိဒ္ဓတ္ထမင်းသား)ကိုယ်တော် ဤသုံးဘဝ တို့၌ ဖွားခါစကပင် စကားပြောတော်မူပါသည်။]

ဘုရားလောင်းကို ကုန်သည်တို့သွားရာ ခရီးအစွန်း၌ ဖွားသော ကြောင့် ဝေဿန္တရာဟူသော အမည်ကို မှည့်ကုန်၏။ ထိုမင်းသား ဖွားမြင် သည့်နေ့မှာပင် ပစ္စယဆင်ဖြူတော်လည်း ရောက်လာ၏။ ခမည်းတော် သိဥ္စည်းမင်းကြီးသည် သားတော်အား ယုယထိန်းသိမ်းစိမ့်သောငှာ နို့ထိန်း အဖြစ် အဆင်းလှပတင့်တယ်သော အမျိုးသမီး (၂၄၀) ကို ရွေးချယ်ပေး ခဲ့သည်။ အမတ်ခြောက်သောင်းတို့၏ အိမ်၌လည်း ဖွားဖက်တော် ခြောက် သောင်း ဖွားမြင်ကြကုန်၏။ ဝေဿန္တရာမင်းသားသည် ခမည်းတော် ဆင်မြန်း ပေးသော အဖိုးတစ်သိန်းထိုက်တန်သည့် တန်ဆာကိုးခုကို ကိုးကြိမ်တိုင် အောင် ပေးလှူခဲ့၏။

### ဝေဿန္တရာမင်းသားနှင့် မဒ္ဒီဒေဝီတို့အား ထိမ်းမြားပေးခြင်း

ဘုရားလောင်းသည် ၁၆-နှစ်အရွယ်ရောက်လတ်သော် တစ်ဆယ့် ရှစ်ပါးသော အဋ္ဌာရသအတတ်တို့ကို တတ်မြောက်၏။ ခမည်းတော်မင်း ကြီးသည် သားတော်မင်းသားအား ထီးနန်းအပ်နှင်းလိုသည်ဖြစ်၍ မိဖုရား ကြီးနှင့် တိုင်ပင်လျက် မဒ္ဒရာဇ်မင်း၏ သမီးတော် မဒ္ဒီမင်းသမီးနှင့် ကြီးကျယ် ခမ်းနားစွာ ထိမ်းမြားမင်္ဂလာဆောင်ပေး၍ သားတော်အား ထီးနန်းနှင့်တကွ တစ်ပြည်လုံးကို အပ်နှင်းကာ မင်းအဖြစ် အဘိသိက်သွန်း၏။ မဒ္ဒီမင်းသမီး

အားလည်း တစ်သောင်းခြောက်ထောင်သော မောင်းမအပေါင်း ခြံရံလျက် မိဖုရားကြီးအရာ ထား၏။

ဝေဿန္တရာမင်းကြီးသည် ထီးနန်းစိုးစံသည့် နေ့မှစ၍ နေ့စဉ် ခြောက်သိန်းသော ဥစ္စာတို့ကို ပေးလှူ၏။ ထို့နောက် မဒ္ဒီဒေဝီမှ သားတော် ဇာလီနှင့် သမီးတော် ကဏှာဇိနတို့ ဖွားမြင်၏။ ဘုရားလောင်းသည် တစ်လ လျှင် ခြောက်ကြိမ် ဆင်ဖြူတော်ပစ္စယကိုစီးလျက် အလှူဇရပ် ခြောက် ဆောင်တို့ကို လှည့်လည်ကြည့်ရှုတော်မူ၏။

တစ်နေ့တွင် ကာလိင်္ဂပြည် (ကလိင်္ဂရာဇ်ပြည်)၌ မိုးခေါင်သည် ဖြစ်၍ ဆာလောင်မွတ်သိပ်ခြင်း ဒုဗ္ဘိက္ခန္တရ ကပ်ဘေးနှင့် ရင်ဆိုင်ကြရ၍ ဝေဿန္တရာမင်းကြီးထံ ဆင်ဖြူတော်ကို အလှူခံရာ အခြံအရံများနှင့်တကွ ရက်ရက်ရောရော လှူဒါန်းခဲ့သည်။ ထိုအခါ ပြည်သူအပေါင်းတို့ အမျက် ထွက်ကြ၍ တိုင်းပြည်မှ နှင်ထုတ်ပေးရန် တောင်းဆိုကြသဖြင့် ခမည်းတော် သိဥ္စည်းမင်းကြီးသည် ပြည်သူတို့၏ဆန္ဒကို မလွန်ဆန်နိုင်ဘဲ အပြစ်မရှိ သော သားတော်ကို တိုင်းပြည်မှ နှင်ထုတ်ပေးသည်။ မယ်တော်က တောင်းပန် သော်လည်း မရရှာချေ။

**မင်းဝေဿန္တ၏ ကြင်ယာတော်အား အမှာစကား**

ဘုရားအလောင်းတော်သည် တိုင်းပြည်မှ မထွက်ခွာမီ ဆင်၊ မြင်း၊ ရထား၊ မိန်းမ၊ နို့ညစ်နွားမ၊ ကျွန်ယောကျ်ား၊ ကျွန်မိန်းမတို့ကို ခုနစ်မျိုး ခုနစ်ရာစီ လှူဒါန်းရန် စစ်သူကြီးအမတ်ကို စီစဉ်ခိုင်းထားခဲ့သည်။ ထို့နောက် အလောင်းတော်သည် မဒ္ဒီဒေဝီထံသို့သွား၍ "ချစ်လှစွာသော မဒ္ဒီ… ငါသည် သင့်အား ပေးအပ်သော ရွှေ, ငွေ စသော ဥစ္စာသည်လည်း များစွာရှိ၏။ သင့် ဖခမည်းတော် လက်ဖွဲ့ဥစ္စာရတနာတို့လည်း များစွာရှိ၏။ ထိုဥစ္စာ အပေါင်းကို ရွှေအိုးကြီး မြှုပ်နှံထားလော့"ဟု ဆို၏။ "အရှင်… ဥစ္စာ ရတနာများကို အဘယ်အရပ်၌ မြှုပ်ထားရသော် လုံခြုံပါအံ့နည်း"ဟု ကြင်ယာတော် မဒ္ဒီမိဖုရားက မေး၏။ ထိုအခါ ဘုရားအလောင်းက-

**"သီလဝန္တေသု ဒတွာသိ၊ ဒါနံ မဒ္ဒီ ယထာရဟံ။**
**န ဟိ ဒါနာ ပရံ အတ္ထိ၊ ပတိဋ္ဌာ သဗ္ဗပါဏိနံ။"** ဟု ဆိုတော်မူ၏။

(မဒ္ဒီမိဖုရား… သင်၏ ဥစ္စာရတနာများစွာတို့ကို ကျိုးကျတိုက်တာ မြေတွင်း သွင်းမြှုပ်သိမ်းထားငြားသော်လည်း ငါးပါးရန်သူ မနှောင့်ယှက် စေကာမူ တစ်သက်တာမျှ အခိုက်အတန့်သာ တည်သည်ဖြစ်၍ မလုံခြုံ သေး။ သီလဝန္တ (သီလရှိသူ)ဖြစ်သော အလှူခံ မြေခိုင်ခိုင်၌ မယိုင်မပြို ကြည်ညိုခြင်း သဒ္ဓါတိုက်ကျိုဖွဲ့၍ ငွေ့ကွက်ပိတ်သို ဝန်တိုခြင်း မြူချေးညို မတင်သော လွတ်လွတ်ပေးလှူခြင်း စေတနာဖြင့် ရတနာအစစ် ဥစ္စာနှစ် ကို ကျစ်လစ်သေချာစွာ မြှုပ်ထားလော့။ ဤလှူဒါန်းခြင်း ရွှေအိုးသည်သာ လျှင် သံသရာအဆက်ဆက် အရိပ်သဖွယ် ကိုယ်နှင့် ထက်ကြပ်လိုက်လျက် သုံးဆောင်၍ မကုန်နိုင်သော အနုဂါမိကရွှေအိုး ဖြစ်သည်။ ဤရွှေအိုးထက် နိုင်လုံသော ရွှေအိုးမည်သည် မရှိဟု ဆိုတော်မူ၏။ မဒ္ဒီမိဖုရားလည်း အမိန့်တော်အတိုင်း ကောင်းပါပြီဟု ဝန်ခံ၏။)

ထို့နောက် ငါ့သားတော်၊ သမီးတော် ရင်သွေးနှစ်ယောက်ကို ရေးက ထက်သာ၍ ကြင်နာစုံမက် ချစ်ခင်ပါ။ နှမတော်၏ ယောက္ခမ ငါ့ခမည်း တော်၊ မယ်တော်တို့ကိုလည်း ကောင်းစွာမြတ်နိုး ကိုးကွယ်ကြည်ညိုပါ။ ငါနှင့် ပြည်ထောင်ဖက်ချင်း မင်းတစ်ပါးက နှမတော်ကို တောင်ညာစံထား မိဖုရားပြုလိုပါလျှင် ထိုဆိုလာသော မင်းကို အရှင်ဟုမှတ်၍ ငါ့ကို လုပ်ကျွေး သကဲ့သို့ ရိုသေစွာ လုပ်ကျွေးပါ။ ထိုမင်းတို့၏ အမျိုးအနွယ် အကျင့်အမူ ကို မနှစ်သက်လျှင် နှမတော် နှစ်သက်သဘောကျသော အရှင်ကို ရှာ၍ ငါ့ကို ကဲ့သို့ ရိုသေစွာ လုပ်ကျွေးပါ။ ငါသည် နှမတော်နှင့် ကွေကွင်းရတော့မည်။ ငါနှင့်ကွေကွင်း ခွဲခွာရ၍လည်း နွမ်းလျော့ညှိုးငယ် ကိုးကွယ်ရာမရ ဒုက္ခ မဖြစ်စေနှင့်ဟု မှာကြား၏။

ထိုစကားကို ကြားလျှင် အရှင်… မအပ်မရာစကားကို အဘယ့် ကြောင့် ဆိုဘိသနည်း။ ငါသည် ဆင်ဖြူတော်ကို လှူလိုက်သောကြောင့် ပြည်သူပြည်သားအပေါင်းတို့ အမျက်ထွက်ကြပြီး ယခုပင် ပြည်မှ နှင်ထုတ် မည်ဟု အညီအညွတ် စုရုံးကြကုန်၏။ ငါသည် အလှူပေးလိုသောကြောင့်

တစ်နေ့မျှ ဆိုင်းငံ့ပါဟု တောင်းပန်၍ နက်ဖြန်၌ ခုနစ်ရာအပေါင်းသော အလှူကြီးကို ပေးလှူ၍ သဘက်ခါမိုးသောက်လျှင် ဤပြည်မှ ထွက်ခွာသွားရချေမည်။ ငါသွားရမည့် တောအုပ်သည် လူသူမနီး သစ်ကြီး ဝါးကြီး ပိတ်ဆီးကာလျက် များစွာသော သစ်၊ ကျား၊ ဆင်၊ ခြသေ့၊ ဝံ၊ အောင်းသားရဲအပေါင်းတို့ဖြင့် အလွန်ကြောက်မက်ဖွယ်ရှိ၏။ ထိုတောထဲ၌ ငါသည် အဘယ်မှာ အသက်ရှင်နိုင်ပါအံ့နည်း။ ထို့သို့ဖြစ်သောကြောင့် မမေ့မလျော့ရှိအောင် သတိဖြင့် နေထိုင်သွားရန် ငါမှာကြားခဲ့သည်ဟု ဆို၏။

## မဒ္ဒီဒေဝီ၏ အေးအတူ ပူအမျှစိတ်ထား

ထိုစကားကို ကြားလျှင် မိဘအမျိုးမှ အစဉ်မပျက်သော မင်းရိုးနန်းနွယ်၊ တင့်တယ်သော မိန်းမကောင်း လက္ခဏာ၊ ငါးဖြာသော ကြန်အင်၊ မိမိအရှင်၌ ကျင့်ရာဆောင်ရာသော မိန်းမကောင်းတို့ဝတ် ဤသို့ အမျိုး၊ အဆင်း၊ သီတင်း (ကိုယ်ကျင့်သီလ)သုံးဖြာ ကြန်အင်အင်္ဂါနှင့် ပြည့်စုံသော မိဖုရားသည် "နှမတော် အသက်တမျှ ကြင်နာလှသော ပြည်မသခင် အရှင်မင်းကြီး... အဘယ့်ကြောင့် မအပ်သောစကားကို ဆိုဘိသနည်း။ ယခု ငါတစ်ယောက်တည်း လူသူမနီး တောမြိုင်ကြီးသို့ သွားရမည်ဟု ဆိုသော အရှင့်စကားသည် မယား၌ ချစ်ခင်ကြင်နာသူတို့၏ စကား မဟုတ်၊ မယားကို ချစ်သောသူတို့သည် မယားကိုပါ အပါခေါ်သွားရမည်၊ မယားမလိုက်လိုသော်သာ တစ်ယောက်တည်း သွားရမည် ဆိုသင့်၏။

အရှင်သည် နှမတော် အလိုဆန္ဒကို အရင် မမေးဘဲ မှာထားတော်မူသည်ကား မသင့်ပါ။ စင်စစ် ပြည်သူတို့ နှင်၍ အရှင်ထွက်သွားရသော်လည်း အရှင့်နောက် ဖဝါးခြေထပ် ချစ်နှမလိုက်ပါအံ့။ အရှင်နှင့်အတူနေ၍ ယခုပင် သေရသည်ဖြစ်စေ၊ အရှင်နှင့် ကွေကွင်းလျက် အသက်ထက်ဆုံး နေရမည်ဖြစ်စေ၊ စည်းစိမ်ချမ်းသာနှင့် နေရမည်ဖြစ်စေ မနေလိုပါ။ အတူနေရလျှင် ယခုပင် သေရမည်ဆိုသော်လည်း သေလိုပါ၏။ အသက်ရှင်လျှင်လည်း အရှင့်လက်တွင် ရှင်စေ၊ သေလျှင်လည်း အရှင့်လက်ပေါ်တွင်ပင် သေပါစေ၊ အရှင်နှင့်ကွေကွင်းပြီး အသက်ရှင်ရခြင်းကား အချည်းနှီး

အကျိုးမရှိပါ။ အလျှံတပြောင်ပြောင် တောက်လောင်သော ရှားမီးကျီးထဲ၌ ဆင်း၍ သေရသော်မှ ကောင်း၏။

အရှင်… အသိဉာဏ်ပညာရှိသော လူကိုထား၍ တိရစ္ဆာန်မှ သော်လည်း မိမိလင်သွားရာ နောက်၌ အစဉ်တစိုက်လိုက်၍ ချမ်းသာ မက္ကာ ဆင်းရဲတကွ ပျော်ပါးကြကုန်သေး၏။ အရှင့်အပေါ် အသက်နှင့်အတူ ချစ်သော နှမသည် အရှင်သွားလေရာ နောက်တော်သို့ အဘယ့်ကြောင့် မလိုက်ဘဲ နေပါအံ့နည်း။ တောမြောင်ချောက်ကြား သွားရသော ဆင်ပြောင် ကြီး၏နောက်သို့ ဆင်မသည် အစဉ်လိုက်သကဲ့သို့ အရှင်ကြွတော်မူရာ နောက်တော်သို့ ချစ်နှမ သားငယ်နှစ်ယောက်နှင့် အတူလိုက်၍ အရှင်အား စိတ်ချမ်းမြေ့အောင် ရှိသေစွာ လုပ်ကျွေးပါအံ့ဟု ဆို၏။

ဘုရားလောင်း ဝေဿန္တရာမင်းကြီး၏ ဗောဓိဆုပန် ဒါနပါရမီ ဖြည့်ဆည်းရာ၌ အတူကြည်နူးသောစိတ်ဖြင့် ကူညီခဲ့သဖြင့် မင်းကြီး ကုသိုလ်တိုးပွား စိတ်ချမ်းသာမှုများ ရရှိခဲ့သည်။ ယောကျ်ားပါရမီ ကူညီ ဖြည့်ခြင်းသည် ဇနီးကောင်းဖြစ်မှသာလျှင် ကျင့်သုံးနိုင်ပါသည်။

ထိုအကြောင်းကို မန်လည်ဆရာတော်ဘုရားကြီးက **"တစ်ဆစ် ထိုပြီး၊ မြတ်စာတိဖြင့်၊ ဗောဓိဆုပန်၊ ယောကျ်ားမွန်တို့၊ ငါးတန်ပရိစ္စာဂ၊ စရိယ၌၊ တကွမချွတ်၊ တူကြည်ညွတ်၍၊ အမြတ်ဝသီ၊ ပါရမီကို၊ ကူညီ အားသစ်၊ ဖြည့်ဘက်ဖြစ်၏"** ဟု ရေးဖွဲ့ခဲ့ပါသည်။ ***(မဃဒေဝ။ ၃၁၅။)***

ဤသို့လျှင် မဒ္ဒီဒေဝီသည် ခင်ပွန်းသည် တိုင်းပြည်မှ နှင်ထုတ်ခံရ သောအခါ နောက်တော်ပါးမှ မညည်းမညူ လိုက်ပါ၍ လုပ်ကျွေးပြုစု ခဲ့သည်။ တောထဲတွင် လင်သားနှင့် သား၊ သမီးတို့ကို အစာရေစာ ရှာဖွေ ကျွေးမွေး ပြုစုစောင့်ရှောက်ခဲ့သဖြင့် တော်လေးဝဝင် မြင့်မြတ်သော အမျိုး သမီးအဖြစ် ထင်ရှားခဲ့ပါသည်။ ***(ဇာ၊ ၄၊ ၇။ ၂၄၁။)***

*** ဆင်းရဲချမ်းသာ၊ တူမကွာ၊ ကြင်နာ မယားမြတ်။**
**မယားနှင့်လင်၊ အပြစ်မြင်၊ နေ့စဉ် ရန်ဖြစ်တတ်။**

လင်နှင့်မယား၊ ချစ်ခင်ငြား၊ စီးပွားတက်မည်မှတ်။
မယားနှင့်လင်၊ လွန်ချစ်ခင်၊ ပျော်ရွှင်အိမ်ထောင်မှတ်။
ကုသိုလ်ပုညာ၊ တူညီမျှ၊ ရောက်ကြနတ်တို့ရွာ။

## ၄။ သမ္ဗူလ/သမ္ဗုလာ (သောတ္တိသေန၏ ဇနီး)

သမ္ဗုလာဟူသည် အမျိုးကောင်းသမီး ကျင့်ဝတ်နှင့် ပြည့်စုံပြီး လင်ကို နတ်ကဲ့သို့ ရိုသေစွာ အလုပ်အကျွေးပြုလျက် လင့်အပေါ် သစ္စာ ရှိသူ တော်ဝင်သူ ဇနီးကောင်း မလ္လိကာအလောင်း ဖြစ်ပါသည်။

သဗ္ဗညုမြတ်စွာဘုရား သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်း သုံးနေတော်မူစဉ် ကောသလမင်းကြီး၏ မလ္လိကာမိဖုရားကို အကြောင်းပြု၍ ဤသမ္ဗုလာဇာတ်တော်ကို ဟောတော်မူ၏။ မလ္လိကာသည် မိဖုရားမဖြစ်ခင် ဘုရားရှင်အား သုံးဆုပ်သော မုယောမုန့်ကို ဝမ်းမြောက်စွာ လှူဒါန်းခဲ့သော အလှူ၏ အာနုဘော်ကြောင့် ထိုနေ့၌ပင်လျှင် ကောသလမင်းကြီး၏ မိဖုရား အဖြစ်သို့ ရောက်၍-

၁။ လင်၏ ရှေးဦးစွာ ထခြင်း၊
၂။ လင်၏ နောက်မှ အိပ်ခြင်း၊
၃။ အဘယ်ကို ပြုစေလိုသနည်းဟု မေး၍
လင်၏ အလိုသို့လိုက်၍ ပြုခြင်း၊
၄။ ချစ်နှစ်သက်ဖွယ် ကျင့်လေ့ရှိခြင်း၊
၅။ ချစ်ခင်လေးမြတ်စွာ ပြောဆိုလေ့ရှိခြင်း

ဟူသော ကောင်းသော အကျင့်ကျေးဇူးနှင့် ပြည့်စုံ၏။ ဉာဏ်ပညာ နှင့်လည်း ပြည့်စုံ၏။ လင်ကို နတ်ကဲ့သို့ ရိုသေ၏။ ရတနာမြတ်သုံးပါးအား ကိုးကွယ်ဆည်းကပ်ပြီး အမြဲလှူဒါန်းပူဇော်လေ့ရှိ၏။ မလ္လိကာ၏ ဂုဏ်သတင်း သည် သာဝတ္ထိပြည်၌ ထင်ရှားကျော်စော၏။ ထိုမလ္လိကာအကြောင်းနှင့်စပ်၍ ဘုရားရှင်သည် ချစ်သမီးမလ္လိကာသည် ယခုမှသာလျှင် ကျင့်ဝတ်နှင့်ပြည့်စုံ၍

လင်ကို နတ်ကဲ့သို့ ရိုသေသည် မဟုတ်သေး။ ရှေး၌လည်း ရိုသေခဲ့ဖူးသည်၊ လင့်အပေါ် သစ္စာစောင့်သိခဲ့ဖူးသည်ဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

## နူနာသည်မင်းသား၏ ဇနီးသည်ဘဝ

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီးအား သောတ္ထိသေန မည်သော သားတော်တစ်ပါးရှိ၏။ အရွယ်ရောက်သော် သားတော်ကို အိမ်ရှေ့မင်းသားအဖြစ် ထားတော်မူ၍ အလွန်အဆင်းလှပသော သမ္ဗုလာမင်းသမီးနှင့် ထိမ်းမြားပေး၏။ နောင်သောအခါ မင်းသားကိုယ်၌ နူနာရောဂါ စွဲကပ်၍ ဆေးသမားအကျော်တို့ဖြင့် ကုသပါသော်လည်း မပျောက်နိုင်ဘဲ နူနာတို့သည် ပေါက်ကွဲကုန်၍ စပ်ဆုပ်ရွံရှာဖွယ် ဖြစ်ကုန်၏။ ထိုအခါ မင်းသားသည် စိတ်နှလုံး မချမ်းသာတော့ဘဲ ငါ့အား မင်းအဖြစ်ဖြင့် အဘယ်အကျိုးရှိအံ့နည်း။ တော၌သာလျှင် သေအံ့ဟု မင်းကြီးအား လျှောက်ထား၍ တောသို့ ဝင်လေ၏။ သမ္ဗုလာမိဖုရားသည် တားမြစ်သော်လည်း မရ၍ လင်ကို တော၌ ပြုစုလုပ်ကျွေးအံ့ဟု မင်းသားနှင့်အတူ တိုင်းပြည်မှ ထွက်ခွာခဲ့၏။

## လင်ကို နတ်ကဲ့သို့ ရိုသေစွာ လုပ်ကျွေးခြင်း

ထို့နောက် တောထဲ၌ ကျောင်းဆောက်၍ အတူနေထိုင်ကြရာ သမ္ဗုလာမင်းသမီးသည် လင်သားကို နတ်ကဲ့သို့ ကိုးကွယ်ပြီး မယားဝတ်တရားနှင့်အညီ ပြုစုသည်။ သစ်သီးများ ရှာဖွေကျွေးမွေး၍ မင်းသားအား ခြေဆုပ်လက်နယ် ပြုလုပ်ပေးပြီး အိပ်ချိန်သို့ရောက်လျှင် မင်းသားအိပ်ရာအနီး၌ ကပ်၍ အိပ်၏။

## လင့်အပေါ် သစ္စာထားလွန်းသူ

သမ္ဗုလာမင်းသမီးသည် တစ်နေ့သောအခါ တော၌ သစ်သီးရှာဖွေ

ပြီးနောက် ချောင်းငယ်၌ ရေချိုးအဝတ်လဲကာ ချောင်းနား၌ ရပ်၏။ ထိုအခါ မင်းသမီး၏ ကိုယ်ရောင်ဖြင့် တောတစ်ခုလုံး တစ်ပြိုင်နက် လင်း၏။ ထိုခဏ၌ အစာရှာထွက်လာသော ဒါနောဘီလူးသည် အစာရှာရန် တော၌ လှည့်လည်သည်ရှိသော် သမ္ဗုလာမင်းသမီးကို မြင်၍ တပ်မက်သောစိတ်ဖြင့် ချစ်ရေးဆို၏။ သင့်အား ငါသည် မိဖုရားပြု၍ အလုံးစုံသော ဥစ္စာ အသုံးအဆောင်ကို အလိုရှိတိုင်း ပေးအံ့၊ သင်သည် ငါနှင့်အတူ မွေ့လျော်ပါလော့ဟု ဆို၏။ သစ္စာမြဲသော မင်းသမီးသည် မည်သို့ပင် စည်းစိမ်ဖြင့် ဖြားယောင်းပါသော်လည်း လက်မခံခဲ့ပေ။ နောက်ဆုံး၌ မိဖုရားအဖြစ်ကို လက်မခံလျှင် သင့်အား စားအံ့ဟု ခြိမ်းခြောက်၍ အကြမ်းနည်းဖြင့် လက်ကို ဆွဲကိုင်၏။ မင်းသမီးသည် ပြင်းစွာသော စိုးရိမ်ထိတ်လန့်ခြင်းသို့ ရောက်၍ သမ္မာဒေဝနတ်များကို တိုင်တည်သဖြင့် သိကြားမင်း ရောက်လာပြီး ဘီလူး၏ဦးခေါင်းကို ဝရဇိန်လက်နက်ဖြင့် ချိန်ရွယ်လျက် မင်းသမီးကို လွှတ်ပေးရန် ပြောဆိုသည်။ ထိုအခါမှ ဘီလူးသည် မင်းသမီးအား လွှတ်ပေး၏။ ထို့နောက် သိကြားမင်းသည် ဘီလူးကို သံခြေချင်းခတ်၍ တောင်သုံးလုံးခြားသည့် ချောက်ထဲ၌ ထားပစ်ခဲ့သည်။

ထိုအကြောင်းကို မန်လည်ဆရာတော်ဘုရားကြီးက **"ထိုပြီးအပ၊ ဤလောက၌၊ လင်မှတစ်ပါး၊ နတ်ယောကျ်ားနှင့်၊ တွေ့ကြားစေမူ၊ စောသမ္ဗူသို့၊ အယူမယွင်း၊ စိတ်ညွှတ်ခြင်းမျှ၊ ကင်းလတ်တုံဘိ၊ ကျင့်မြဲတ်ရှိသား၊ အနတိစာရီနှီ၊ ကျမ်းညီမသွေ၊ သန္တေဥတ္တင်၌၊ မိန်းမမြတ်တို့၊ ကျင့်ဝတ်ဖြိုးပုံ၊ ခြောက်အင်စုံလျက်"** ဟု ရေးဖွဲ့ခဲ့သည်။

## အချိန်မှန် ပြန်မရောက်၍ မင်းသား သံသယဝင်

မင်းသားသည် အချိန်မှန် ပြန်ရောက်မလာသော မိဖုရားကို သံသယဝင်၍ မမြင်ကွယ်ရာအရပ်၌ ပုန်းကွယ်နေခဲ့သည်။ ထိုနေ့၌ မိုးချုပ်မှ ပြန်ရောက်လာသော သမ္ဗုလာမင်းသမီးသည် ယစ်မသည် ပျံ့သွားသည်ဖြစ်၍ သားငယ်မရှိသော အသိုက်သို့ လာသကဲ့သို့လည်းကောင်း၊

ဦးချိုမှကင်းသော နွားငယ်ကို ချစ်ခင်တပ်မက်သော မိခင်နွားမသည် နွားငယ် မရှိသော နွားခြံသို့ လာသကဲ့သို့လည်းကောင်း၊ ထို့အတူ လူသားစား ဒါနောဘီလူးလက်မှလွတ်သော ထိုသမ္ဗုလာသည် မင်းသား မရှိသော ကျောင်းသို့ ရောက်လာလေ၏။

သမ္ဗုလာသည် လင်တော်မောင် မင်းသားအား မတွေ့သော် ငိုကြွေး မြည်တမ်းနေ၏။ ထိုသို့ ငိုကြွေးနေသော မင်းသမီးကို မြင်၍ မင်းသားသည် သမ္ဗုလာသည် အလွန် ငိုကြွေးနေ၏။ စင်စစ် ထိုသမ္ဗုလာ၏ စိတ်သဘောကို ငါမသိ၊ အကယ်၍ ငါ၌ ချစ်မြတ်နိုး၍ ငိုလျှင် နှလုံးကွဲရာ၏။ ရှေးဦးစွာ စုံစမ်းအံ့ဟု သွား၍ ကျောင်းတံခါး၌ သွားရပ်၏။ မင်းသမီးသည် မင်းသား ကို မြင်လျှင် ခြေတို့ကို ရှိခိုး၍ အရှင့်သား၊ အဘယ်အရပ်သို့ ကြွတော် မူသနည်းဟု မေး၍ ငို၏။ ထိုအခါ သောတ္ထိသေနမင်းသားသည် နှမ··· သင်သည် ယခင်နေ့များက စောစောပြန်ရောက်၏။ ယနေ့ကား အလွန် မိုးချုပ်မှ ပြန်လာသည်မှာ ငါ့ထက် ချစ်မြတ်နိုးရသူနှင့် တွေ့နေ၍ မိုးချုပ် ရသလောဟု ဆို၏။

**သစ္စာသည်သာ အားကိုးရာ**

သမ္ဗုလာသည် ဖြစ်ကြောင်းကုန်စင် ရှင်းပြသော်လည်း မင်းသား က လက်မခံဘဲ မိန်းမတို့၏ စကားသည် မှန်ခဲ၏။ သင့်စကားကို မည်သူ ယုံမည်နည်းဟု ဆို၏။ ထိုအခါ သစ္စာတရားကိုသာ အားကိုးရာရှိတော့ သော မင်းသမီးသည် ရေပြည့်အိုးတစ်လုံးကို ရှေ့မှာထား၍ "အရှင်··· အကျွန်ုပ်သည် အရှင့်သားမှတစ်ပါး အရှင့်သားထက် သာလွန်၍ ချစ်အပ် သောသူကို မသိစဖူး၊ ဤမှန်သော သစ္စာစကားကြောင့် အရှင့်သား၏ အနာရောဂါ ကင်းပျောက်ပါစေသတည်း" ဟု သစ္စာပြုပြီး ထိုသစ္စာရေကို မင်းသား၏ ဦးခေါင်းမှ သွန်းလောင်းချလိုက်ရာ နူနာများသည် ထိုခဏ တွင်ပင် လုံးဝပျောက်ကင်းသွားလေသည်။

ထိုအကြောင်းကို မန်လည်ဆရာတော်ဘုရားကြီးက-

"မင်းလျာနရိန္ဒ၊ သောတ္ထိသိန်လည်း၊ ညှိုးပိန်ကာယ၊ ကိုယ်ဒုက္ခဖြင့်၊ ကုဋ္ဌရောဂါ၊ ဝေဒနာကို၊ သမ္ဘူလာနတ်၊ မိဘုန်းမြတ်လျှင်၊ နှုတ်ရွတ်သာယာ၊ ချစ်မေတ္တာနှင့်၊ သစ္စာဆေးကု၊ ပြု၍သုခ၊ ချမ်းသာရ၏" ဟူ၍ ရေးဖွဲ့ခဲ့ပါသည်။ *(မဃဒေဝ။ ၃၁၂။)*

ထို့နောက် သူတို့ ဇနီးမောင်နှံသည် တောစခန်း၌ နှစ်ရက် သုံးရက် နေပြီးနောက် ဗာရာဏသီသို့ ပြန်ခဲ့ကြပြီး ဥယျာဉ်တော်အတွင်း ခေတ္တ ရပ်နားကြသည်။ ထိုသတင်းကို ကြားသိရသော ခမည်းတော် ဗြဟ္မဒတ် မင်းကြီးသည် ဥယျာဉ်တော်သို့ လိုက်လာပြီးလျှင် သားတော်မင်းသားအား ထီးဖြူကိုလွှဲအပ်၍ သမ္ဘူလာအား မိဖုရားကြီးအဖြစ်ဖြင့် အဘိသိက်သွန်း ပေးကာ ရွှေနန်းတော်သို့ ခေါ်လာခဲ့သည်။ မင်းကြီးကမူ ရသေ့ပြု၍ ဥယျာဉ် တော်၌ နေလေသည်။

ဇာတ်တော်ပေါင်းသော် သမ္ဘူလာမိဖုရားသည် မလ္လိကာမိဖုရား၊ သောတ္ထိသေနမင်းသားသည် ကောသလမင်းကြီး၊ အဖရသေ့သည် သဗ္ဗညု ဘုရားရှင် ဖြစ်လာကြသည်။

ဤသို့လျှင် သမ္ဘူလာသည် ခင်ပွန်းသည် သောတ္ထိသေန နူနာ ရောဂါစွဲကပ်သဖြင့် တောထဲသို့ သွားနေသောအခါ နောက်တော်ပါးက လိုက်ပါပြီး မယားဝတ္တရား ကျေပွန်စွာဖြင့် ခြေဆုပ်လက်နယ်ပြုကာ သစ္စာ ရှိခဲ့သူဖြစ်သည်။ မိမိ၏ခင်ပွန်းသည်အပေါ် မဖောက်မပြား သစ္စာမေတ္တာ ထားခဲ့ပုံကိုလည်း သစ္စာဓိဋ္ဌာန်ပြုခဲ့သဖြင့် လင်ယောကျာ်း နူနာရောဂါ ပျောက် ကင်းခဲ့ရသည်။ ထို့ကြောင့် တော်လေးဝဝင် မြင့်မြတ်သော၊ စံထားထိုက်သော အမျိုးကောင်းသမီးအဖြစ် ယနေ့တိုင် ထင်ရှားနေခြင်း ဖြစ်ပါသည်။

ထိုတော်လေးဝဝင် ဇနီးကောင်းလေးဦးတို့တွင် မဒ္ဒီဒေဝီနှင့် သမ္ဘူလာ မင်းသမီးတို့သည် တောမြိုင်အလယ် လင်သွားရာနောက် ဖဝါးခြေထပ် လိုက်၍ ဆင်းရဲအတူ ချမ်းသာမဖက် အတူယှဉ်တွဲကာ လင်ကို ရိုသေစွာ အလုပ်အကျွေး ပြုစုကြပုံ တူညီပါသည်။

ထိုအကြောင်းကို မန်လည်ဆရာတော်ဘုရားကြီးက "ညာတင်ဒေဝီ၊ မယောသီဠ်၊ မဒ္ဒီနတ်တူ၊ လှသမ္ဘူတို့၊ မြိုင်ငှုတောရပ်၊ အတူကပ်၍၊ ရက်စပ်မချန်၊ လုပ်ကျွေးထန်လျက်၊ ဝေသာန်ဆုကြီး၊ အပြီးရမိ၊ မင်းသောတ္ထိမှာ၊ နူနာပျောက်ကင်း။" ဟု ရေးဖွဲ့ခဲ့ပါသည်။ *(မဃဒေဝ။ ၁၇၄။)*

**သစ္စာစောင့်တတ်၊ မိန်းမမြတ်၊ လူနတ် ချစ်သည်သာ။**

# အမိတဘောဂ သူဌေးကြီးငါးဦး

ဗိမ္ဗိသာရမင်းကြီး၏ အာဏာစက်ပြန့်နှံ့ရာ ရာဇဂြိုဟ်ပြည်နယ် အတွင်း၌ **အမိတဘောဂ** = သုံးမကုန် စွဲမကုန် စည်းစိမ်ကုံလုံကြွယ်ဝသည့် သူဌေးကြီးပေါင်း ၅-ဦးတို့ ရှိကြလေသည်။ ထိုသူတို့ ဖြည့်ဆည်းပူးခဲ့သော ပါရမီကောင်းမှုတို့ကို အားကျကာ အတုယူ လိုက်နာကျင့်သုံးနိုင်ကြရန် ရည်ရွယ်၍ လေ့လာတင်ပြပါမည်။

**(ဗိမ္ဗိသာရရညော ပန ဝိဇိတေ ပဉ္စ အမိတဘောဂါ နာမ အဟေသုံ ဇောတိကော, ဇဋိလော, မေဏ္ဍကော, ပုဏ္ဏကော, ကာဠဝဠိယောတိ။)**

*(ဓမ္မ၊ ဋ္ဌ၊ ၁။၂၄၃။)*

## ၁။ ဇောတိကသူဌေးကြီး

### ကြံခင်းပိုင်ရှင် သူကြွယ်ညီနောင်

ရှေးလွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ သူကြွယ်ညီအစ်ကို နှစ်ယောက်တို့သည် အလုပ်သမားများစွာဖြင့် ကြံစိုက်ပျိုး၍ စီးပွားရှာ၏။ တစ်နေ့သ၌ ညီငယ်သည် ကြံခင်းသို့သွား၍ ကြံနှစ်ချောင်းကို ဖြတ်ရာအရပ်မှ ဖက်နှင့် ဖွဲ့စည်းကာ မိမိနှင့် အစ်ကိုအတွက် ယူဆောင်ပြီး ပြန်လာခဲ့၏။

လမ်းခရီးတွင် ဂန္ဓမာဒနတောင်၌ သမာပတ်မှထ၍ ကြွတော်မူလာသော ရှင်ပစ္စေကဗုဒ္ဓါသည် ညီငယ်ကို ချီးမြှောက်အံ့ဟု ညီငယ်ရှိရာသို့ ကြွတော်မူလာ၏။ ညီငယ်သည် ထိုပစ္စေကဗုဒ္ဓါကို မြင်လျှင်မြင်ချင်း ကြည်ညို

သဒ္ဓါစိတ်ဖြင့် ရှိခိုး၍ မြင့်သောနေရာ၌ ပုဆိုးကိုခင်းပေးကာ သီတင်းသုံးစေတော်မူပြီး သပိတ်ထဲသို့ မိမိအတွက် ကြံချောင်းကို စိုက်ထောင်လျှုဒါန်း၏။ ကြံရည်တို့သည် သပိတ်ထဲသို့ ယိုစီးကျဆင်း၍ သပိတ်ကို ပြည့်စေ၏။ ရှင်ပစ္စေကဗုဒ္ဓါသည် ထိုကြံရည်ကို သုံးဆောင်တော်မူ၏။ ညီငယ်သည် သဒ္ဓါကြည်ညိုစိတ် တိုးပွားလာကာ အစ်ကိုအတွက် ယူလာသော ကြံကိုလည်း လှူပြန်လေ၏။

[ထိုခေတ်က ကြံကြိတ်စက်တို့ဖြင့် ကြံရည်ညစ်ရသည် မဟုတ်။ ကြံချောင်းကို စိုက်ထောင်လိုက်လျှင် ဖြတ်ရာအရပ်မှ ကြံရည်တို့သည် အလိုလို ထွက်ကြလာကုန်၏။]

ရှင်ပစ္စေကဗုဒ္ဓါသည် နောက်ထပ် လှူသောကြံရည်ကို တစ်ပါးသော ပစ္စေကဗုဒ္ဓါတို့နှင့် အတူတကွ ဝေဖန်သုံးဆောင်လိုသောကြောင့် အလှူခံယူ၍ သာလျှင် နေတော်မူ၏။ ညီငယ်သူကြွယ်သည် အရှင်ဘုရား… တပည့်တော်သည် အဦးအဖျား ကြံရည်ကို လှူဒါန်းရသော ကောင်းမှုကြောင့် နတ်ပြည် လူ့ပြည်တို့၌ စည်းစိမ်ချမ်းသာကို အစဉ်အတိုင်း ခံစားစံစားပြီးမှ အဆုံး၌ အရှင်ဘုရားတို့ ရောက်အပ်ရအပ်သော တရားထူးတရားမြတ်ကို ရောက်ရပါလို၏ဟု ဆုတောင်း၏။ ရှင်ပစ္စေကဗုဒ္ဓါသည် အနုမောဒနာပြု ဆုပေး၍ ကောင်းကင်ခရီးဖြင့် ဂန္ဓမာဒနတောင်သို့ ကြွတော်မူကာ ငါးရာသော ပစ္စေကဗုဒ္ဓါတို့အား ထိုကြံရည်ကို လှူပြန်လေ၏။ ထိုအခြင်းအရာကို သူကြွယ်မြင်စေရန် အရှင်မြတ်က အဓိဋ္ဌာန်ထားတော်မူ၍ အတိုင်းမသိ ကြည်နူးဝမ်းမြောက်ရလေ၏။

ညီငယ်သူကြွယ်သည် နောင်တော်ထံသို့ ရောက်သောအခါ လမ်းတွင် ရှင်ပစ္စေကဗုဒ္ဓါအား ဖူးမြင်ရ၍ ကျွန်တော်၏ ကြံချောင်းမှ ကြံရည်ကို လှူပြီး နောင်တော်အတွက် ယူလာသော ကြံချောင်းကိုပါ လှူဒါန်းခဲ့ပါသည်။ နောင်တော်သည် အဖိုးအခကိုသော်လည်းကောင်း၊ အလှူအဖို့ကိုသော်လည်းကောင်း ယူကုန်လော့ဟု ဆို၏။ နောင်တော်သည်လည်း ရှင်ပစ္စေကဗုဒ္ဓါကို ကိုယ်တိုင် မဖူးမြင်ရသော်လည်း ညီငယ်ပြောပြစဉ်ပင် ပီတိဖြင့် တွေ့ထိသော ကိုယ်ရှိ၍ ငါ့အား ပစ္စေကဗုဒ္ဓါအရှင်မြတ် သိမြင်တော်မူသော တရားကိုသာလျှင် သိရခြင်း ဖြစ်ပါစေဟု ဆုတောင်းပတ္ထနာပြု၏။

**ဝိပဿီဘုရားလက်ထက် သူကြွယ်ညီနောင် ဖြစ်ခြင်း**

ထိုသူကြွယ်ညီနောင်တို့သည် ထိုဘဝမှ စုတေသော် နတ်ပြည်၌ဖြစ်၍ ဖုဿဘုရားရှင်နှင့် ဝိပဿီဘုရားရှင်နှစ်ဆူတို့၏ ကြားကာလကို နတ်ပြည်၌သာ ကုန်လွန်စေကြလေ၏။ ထိုသူကြွယ်တို့ နတ်ပြည်၌ တည်စဉ်အခါ၌သာလျှင် ဝိပဿီမြတ်စွာဘုရားသည် လောက၌ ပွင့်တော်မူ၏။ ထို့နောက် သူကြွယ်ညီနောင်တို့ နတ်ပြည်မှ စုတေ၍ ဗန္ဓုမတီနေပြည်တော်တွင် တစ်ခုသောအမျိုးအိမ်၌ ညီအစ်ကိုနှစ်ယောက် ဖြစ်လေ၏။ မိဘတို့သည် နောင်တော်အား သေန ဟူသော အမည်ကို၊ ညီငယ်အား အပရာဇိတ ဟူသော အမည်ကို မှည့်ကြလေကုန်၏။

ထိုညီအစ်ကိုနှစ်ယောက် အရွယ်ရောက်လာပြီး အိမ်ထောင်စုကို ကောင်းစွာ တည်တံ့စေ၍ နေထိုင်ကြစဉ် "အို သူတော်ကောင်း သူမြတ်လောင်းတို့... လောက၌ ရတနာသုံးပါး ဖြစ်ထွန်းပွင့်ပေါ်ခဲ့လေပြီ၊ အလှူဒါနကို လေးလှူကြကုန်လော့၊ သီလဆောက်တည်ကြကုန်လော့၊ တရားတော်ကို နာယူကြပါကုန်လော့"ဟု နိဗ္ဗာန်ဆော်ပုဂ္ဂိုလ်၏ ဗန္ဓုမတီနေပြည်တော်အတွင်း၌ လှည့်လည်ကြွေးကျော်သောအသံကို ကြားရသဖြင့် လူအပေါင်းတို့သည် နံနက်ခင်း အလှူလှူကြ၍ နေမွန်းလွဲသောအခါ တရားနာသွားကြသည်ကို မြင်ရကား နောင်တော်သည် ထိုသူတို့နှင့်အတူ တရားနာလိုက်ပါခဲ့၍ ပရိသတ်အစွန်အဖျား၌ ထိုင်နေလျက် တရားနာယူလေ၏။

သေနသူကြွယ်သည် တရားတော် နာယူပြီးသောအခါ ရှင်ရဟန်းဝတ်လိုသော လုံ့လဝီရိယဖြစ်လာရကား ဘုရားရှင်ထံ ရဟန်းအဖြစ်ကို တောင်းပန်လေ၏။ ဘုရားရှင်က သင့်အား ပန်ကြားသင့်သော ဆွေမျိုးတို့ရှိလျှင် ပန်ကြားပြီးမှ ပြန်လာခဲ့လော့ဟု မိန့်တော်မူ၏။ သေနသူကြွယ်သည် ညီငယ်အား ငါ... ဘုရားရှင်ထံတော်၌ ရဟန်းပြုတော့အံ့။ ငါ၏ များသော စည်းစိမ်ဥစ္စာတို့ကို ညီငယ်ယူ၍ နေရစ်ခဲ့လော့ဟု ဆိုလေ၏။ ထို့နောက် ဘုရားရှင်ထံတော်သို့သွား၍ ရဟန်းပြုလတ်သော မကြာမြင့်မီသာလျှင် ရဟန္တာဖြစ်လေ၏။ ညီငယ်သည်လည်း နောင်တော် ရဟန်းပြုရာ၌ ဘုရားအမှူးရှိသော ရဟန်းသံဃာအား ခုနစ်ရက်ပတ်လုံး အလှူကို ပေးလှူ၍ နောင်တော်အား

အရှင်ဘုရားတို့သည် ဘဝမှ ထွက်မြောက်ကြောင်းကို ပြုတော်မူအပ်ပြီ။ တပည့်တော်သည် ရဟန်းပြုခြင်းငှာ မတတ်နိုင်။ အိမ်ရာတည်ထောင် လူဘောင်၌နေသော တပည့်တော်အား လျောက်ပတ်သော ကောင်းမှုကံကို ညွှန်ကြားတော်မူပါဟု လျှောက်၏။

## ညီတော် အပရာဇိတ ဂန္ဓကုဋိ ဆောက်လုပ်လှူဒါန်းခြင်း

ထိုအခါ မထေရ်သည် ညီသူကြွယ်ကို ဘုရားရှင်အလို့ငှာ ဂန္ဓကုဋိကို ဆောက်လုပ်ပါလော့ဟု မိန့်တော်မူ၏။ ညီသူကြွယ်သည် အထူးထူးသော သစ်တို့ကို တိုက်ဆောင်စေ၍ တိုင် စသည်အလို့ငှာ ရွေစေ၊ တိုက်ခွဲစေပြီးနောက် ရွှေစီခြယ်သော တိုင်တစ်လုံး၊ ငွေစီခြယ်သော တိုင်တစ်လုံး၊ ပတ္တမြားစီခြယ်သော တိုင်တစ်လုံး ဤသို့ စသည်ဖြင့် ရတနာခုနှစ်မျိုး စီခြယ်အပ်သော တိုင်တို့ကို ပြုလုပ်စေလျက် ဂန္ဓကုဋိကျောင်းတော်ကြီးကို ဆောက်လုပ်စေပြီးလျှင် ရတနာခုနစ်သွယ် စီခြယ်အပ်သော အမိုးအုတ်တို့ဖြင့်ပင် ကျောင်းတော်ကြီးကို မိုးစေလေ၏။

## တူတော်မောင် အပရာဇိတ က ဆင်ဝင်ဆောင် လှူဒါန်းခြင်း

ထိုသို့ ကျောင်းတော်ကြီး ဆောက်လုပ်နေသောအခါ၌ ဦးရီးနှင့် အမည်တူ အပရာဇိတသည် လာလတ်၍ ဦးရီးတော်၏ အလှူအဖို့၌ ပါဝင်လို၍ ကျွန်တော်အားလည်း အလှူအဖို့ကို ပေးပါရန်ဆို၏။ ဦးရီးတော်သည် တူတော်အား ငါ့တူ… ငါ မပေးနိုင်။ ငါသည် တစ်ပါးသော သူတို့နှင့် မဆက်ဆံ မရောနှောသော ကျောင်းကို ပြုလုပ်လိုသည်ဟု ဆို၏။

တူတော်သည် ကျောင်းအလှူ၌ ပါဝင်ခွင့်မရ၍ ဂန္ဓကုဋိရှေ့၌ ဆင်ဝင်ဧည့်ခံဆောင်ကို ရတနာခုနစ်ပါးဖြင့် တန်ဆာဆင်၍ ဆောက်လုပ်လှူဒါန်းလေ၏။ ထိုတူတော် အပရာဇိတသည် ဤဘုရားမြတ်စွာ ပွင့်ထွန်းတော်မူရာကာလ၌ "မေဏ္ဍက" သူဌေးကြီး ဖြစ်လာလေသည်။

## ဂန္ဓကုဋိကျောင်းတော်ကြီး၏ ရှုမျှော်ခင်းနှင့် တင့်တယ်ပုံ

ထိုကျောင်းတော်ကြီး၌ ရတနာခုနစ်ပါးဖြင့်ပြီးသော လေသာပြတင်းကြီး သုံးပေါက်ပါရှိပြီး ထိုပြတင်းသုံးပေါက်တို့၏ ရှေ့တည့်တည့်၌ လေးထောင့်ရေကန်ကြီး သုံးလုံးတို့ကို ပြုလုပ်စေပြီးလျှင် နံ့သာလေးမျိုး ရေအပြည့်ထည့်၍ ကြာဝတ်မှုန်တို့ဖြင့် ဘုရားရှင်ကို ကြဲဖြန့်ရန် ရည်သန်လျက် ကြာမျိုးငါးပါးတို့ကို ရေကန်တို့၌ စိုက်ပျိုးစေလေ၏။

ကျောင်းတော်ကြီး ထုပိကာ၏ လေးမျက်နှာအလွှာများကို ရွှေနီဖလံဖြင့်၊ အထွတ်ကို သန္တာ၊ ထုပိကာ၏အောက် အမိုးအုတ်များကို မြကျောက်ဖြင့် ပြုလုပ်လေသည်။ ထိုဂန္ဓကုဋိကျောင်းတော်ကြီးသည် ကနေသော ဥဒေါင်းပမာ တင့်တယ်လှပနေ၏။ ထို့နောက် သူကြွယ်သည် ရတနာခုနစ်ပါးအနက် ခတ်သင့်သော ရတနာမျိုးကို ခတ်၊ မခတ်သင့်သော ရတနာမျိုးကို အတုံးလိုက် အခဲလိုက်သာလျှင် ယူဆောင်ခဲ့၍ ဂန္ဓကုဋိကျောင်းတော်ကြီးကို ဝန်းပတ်လျက် ပုဆစ်ဒူးနစ်လုမျှ မြင့်အောင် ပရိဝုဏ်ကြီးတစ်ခုလုံးကို ရတနာခုနစ်ပါးတို့ဖြင့် ပြည့်စေလေ၏။

## မြတ်စွာဘုရားအား ဂန္ဓကုဋိကျောင်းတော်ကြီး တင်လှူခြင်း

ကျောင်းတော်ကြီး ဆောက်လုပ်ပြီးစီးသောအခါ သူကြွယ်သည် နောင်တော် သေနမထေရ်မြတ်ထံ လျှောက်ထား၏။ မထေရ်မြတ်သည် ဘုရားအထံတော်သို့ ဆည်းကပ်သွားရောက်၍ "မြတ်စွာဘုရား... ညီတော်သူကြွယ်သည် ရှင်တော်ဘုရားအတွက် ဂန္ဓကုဋိကျောင်းတော်ကို ဆောက်လုပ်ပြီးစေအပ်ပါပြီ၊ ယခုအခါ၌ ရှင်တော်ဘုရားတို့၏ သုံးဆောင်တော်မူခြင်းကို လိုလားတောင့်တပါသည်ဘုရား" ဟု လျှောက်ထားလေ၏။

ဘုရားရှင်သည် ဂန္ဓကုဋိသို့ ရှေးရှုကြွသွားတော်မူပြီးလျှင် ဂန္ဓကုဋိကို ခြံရံ၍ ပရိဝုဏ်အပြည့် ကြဲဖြန့်ထားသော ရတနာခုနစ်ပါး အစုအပုံကို ကြည့်ရှုတော်မူလျက် တံခါးမုခ်၌သာ ရပ်တော်မူ၏။ နောင်တော် မထေရ်က ဘုရားရှင်အလိုကိုသိ၍ ညီသူကြွယ်ကို နည်းပေးစကား မိန့်ကြားရာ သူကြွယ်

က "ရှင်တော်ဘုရား… ရတနာတို့ကို တပည့်တော် စောင့်ရှောက်ပါမည်၊ ငဲ့ကွက်ခြင်း မရှိဘဲ ချမ်းသာစွာ သီတင်းသုံးတော်မူပါဘုရား"ဟု လျှောက်ထားလေ၏။

[မြတ်စွာဘုရား တံခါးမှခ်၌ ရပ်တော်မူရခြင်းမှာ နံနက်အခါ၊ ညချမ်းအခါတို့၌ လူများစွာ လာရောက်၍ ဘုရားဖူး တရားနာကြမည်။ ထိုသူတို့သည် ရတနာတို့ကို ယူ၍သွားသော် ငါဘုရားတို့သည် မတားမြစ်ကောင်း၊ ပရိဂ္ဂဏ်၌ များစွာသောရတနာတို့ကို မိမိအလုပ်အကျွေး ဒါယကာတို့ ဆောင်ယူကုန်သော် မတားမြစ်ဘိဟု သူကြွယ်သည် ငါဘုရား၌ အမျက်ဒေါသပြုမိလျှင် အပါယ်လားရာ၏ဟု နှလုံးပြု၍ ရပ်နေတော်မူခြင်း ဖြစ်၏]

ထို့နောက် သူကြွယ်သည် လုံခြုံရေးဝန်ထမ်းများ ခန့်ထား၍ တရားနာသူ လူများကို ခါးပိုက်၊ ခြင်းတောင်း၊ အိတ်တို့ဖြင့် ယူခြင်းကို တားမြစ်၍ ဆင်းရဲသူတို့ကို လက်နှစ်ဖက်ဖြင့် အပြည့်ယူကြပါစေ၊ ချမ်းသာ ပြည့်စုံသူတို့အား လက်တစ်ဖက်ဖြင့် ယူကြပါစေကုန်ဟု မှာကြားထား၏။ မြို့တွင်း၌လည်း ဤအကြောင်းကို လှည့်လည်ပြောကြားစေခဲ့သည်။

သူကြွယ်၏ စိတ်သန္တာန်မှာ ရတနာသုံးပါးကို ကြည်ညိုသူတို့ တရားတော်နာကြရန် သွားကြကုန်လိမ့်မည်။ သဒ္ဓါကြည်ညိုခြင်း မရှိသူတို့သည် ဥစ္စာကို လိုချင်သဖြင့် လာ၍ တရားတော်နာကြလျှင်လည်း အားလုံးဝဋ်ဆင်းရဲအပေါင်းမှ လွတ်မြောက်ကြကုန်လိမ့်မည်။ ထို့ကြောင့် လူအပေါင်းကို ထောက်ပံ့ချီးမြှောက်ခြင်းငှာ ဤသို့ မှာကြားခြင်း ဖြစ်ပါသည်။

တစ်ကြိမ် ဖြန့်ကြဲအပ်သော ရတနာတို့ကုန်လျှင် ဒုတိယအကြိမ် ထိုနည်းတူ ဖြန့်ကြဲထားစေ၏။ ထိုဒုတိယအကြိမ် ရတနာတို့ ကုန်ပြန်သော် တတိယအကြိမ်လည်း ထိုနည်းအတူ ပူဆစ်ဒူးဝန်းမျှ ကျုံနစ်လောက်သော အပိုင်းအခြားအားဖြင့် ဖြန့်ကြဲထားစေကုန်၏။

## သဥ္စါးသီးမျှ ရှိသော ပတ္တမြား မိစ္ဆာပုဏ္ဏား ယူသွားခြင်း

အထူးအားဖြင့် သူကြွယ်သည် "မြတ်စွာဘုရား၏ ကိုယ်တော်မှ ထွက်သော ရောင်ခြည်တော်နှင့် ပတ္တမြားရောင်ကို ကြည့်ရှုဖူးမြင်ရသူတို့

ကြည့်၍အားမရ မရောင့်ရဲနိုင်ဘဲ ဖြစ်ပေလိမ့်မည်''ဟု အကြံဖြစ်သောကြောင့် မြတ်စွာဘုရား၏ ခြေတော်ရင်း၌ သခွါးသီးမျှရှိသော အတိုင်းမသိ အဖိုးထိုက်တန်သော ပတ္တမြားရတနာတစ်ခုကို ထားလေသည်။ လူများအပေါင်းသည် သူကြွယ် ကြံစည်အောက်မေ့သည့်အတိုင်း ဘုရားရှင်၏ ကိုယ်တော်ရောင်နှင့် ပတ္တမြားရောင်ကို အားမရ မရောင့်ရဲနိုင်လောက်အောင်ပင် ကြည့်ရှုကြလေ၏။

တစ်နေ့သ၌ မိစ္ဆာအယူရှိသော ပုဏ္ဏားတစ်ယောက်သည် ဘုရားရှင်ရှေ့၌ထားသော ပတ္တမြားရတနာကို ယူလိုသောကြောင့် ပရိသတ်များအကြားတိုးဝင်၍ သွားလေ၏။ သူကြွယ်သည် ထိုပုဏ္ဏား၏ ပတ္တမြားယူလိုသောအခြင်းအရာကို မြင်လျှင် ဤပုဏ္ဏားသည် ပတ္တမြားရတနာကို မယူလျှင် ကောင်းပေစွဟု ကြံ၏။ သို့သော် ပုဏ္ဏားသည် ဘုရားရှင်ကို ရှိခိုးဘိသကဲ့သို့ ခြေတော်ရင်း၌ မိမိလက်ကို တုပ်ဝတ်ညွတ်စေကာ ပတ္တမြားရတနာကြီးကို ကောက်ယူ၍ မိမိ၏ ခါးပိုက်ကြား၌ ဝှက်ထားပြီးလျှင် ဖဲသွားလေ၏။

သူကြွယ်သည် စိတ်မကောင်းစွာဖြင့် ဘုရားရှင်ထံသွား၍ ''မြတ်စွာဘုရား··· တပည့်တော်သည် သုံးကြိမ်တိုင်အောင် ဂန္ဓကုဋီကို ခြံရံ၍ ပူဆော်ဒူးမျှလောက်သော အပိုင်းအခြားဖြင့် ရတနာခုနစ်ပါးကို ဖြန့်ကြဲအပ်ပါကုန်၏။ ထိုရတနာတို့ကို ယူကြကုန်သော သူတို့အပေါ်၌ တပည့်တော် အမျက်ဒေါသ မထွက်ဖူးပါ။ စိတ်ကြည်လင်သည်သာ ဖြစ်ပါ၏ဘုရား။ ယခုမူကား ဤပုဏ္ဏား ပတ္တမြားယူသွား၍ စိတ်ထားကြည်လင်စိမ့်သောငှာ မတတ်နိုင်ပါဘုရား''ဟု လျှောက်ထားလေ၏။

## ဥစ္စာကို ရန်သူတို့ မဖျက်ဆီးနိုင်အောင် ဆုတောင်းခြင်း

မြတ်စွာဘုရားသည် သူကြွယ်၏စကားကို ကြားတော်မူလျှင် မိမိဥစ္စာကို သူတစ်ပါးမဆောင်နိုင်အောင် နည်းညွှန်စကား အရိပ်အမြွက် မိန့်ကြားတော်မူလေ၏။ သူကြွယ်သည် ဘုရားရှင်ပေးတော်မူသောနည်းဖြင့် မြတ်စွာဘုရားကို ရှိခိုးလျက် ''မြတ်စွာဘုရား··· ယနေ့ကို အစပြု၍ တပည့်တော်၏ ဥစ္စာကို မြိတ်ဆာချည်မျှင် တပင်မျှကိုပင်သော်လည်း တပည့်တော်ကို လွှမ်းမိုးအနိုင်ကျင့်၍ ရာပေါင်းများစွာသော မင်းများ၊ ခိုးသူများသည် မသိမ်း

ပိုက်နိုင်၊ မလုယက်နိုင်၊ မခိုးယူနိုင်ကြပါစေ။ မီး, ရေ မဖျက်ဆီးနိုင်ပါစေ'' ဟု ဆုတောင်းပတ္ထနာမှုကို ပြုလေ၏။

မြတ်စွာဘုရားသည်လည်း သူကြွယ်အား ''**ဧဝံ ဟောတု** = ဤ ယခု သင်ဆုတောင်းသည့်အတိုင်း ဖြစ်ပါစေ''ဟု အနုမောဒနာပြုတော်မူ လေ၏။ ထိုသူကြွယ်သည် ဂန္ဓကုဋိကျောင်း ရေစက်ချပွဲ၌ ရဟန်းတော်ပေါင်း (၆၈၀၀၀၀၀) ခြောက်သန်းရှစ်သိန်းတို့အား ကျောင်းတိုက်အတွင်းမှာပင် ကိုးလပတ်လုံး အလှူကြီးပေးလှူ၍ နောက်ဆုံး၌ ရဟန်းတို့အား တိစီဝရိတ် သင်္ကန်းသုံးထည်စီ ဆက်ကပ်လှူဒါန်းလေ၏။ အငယ်ဆုံး သံဃာအား လှူဒါန်း အပ်သည့် သင်္ကန်းလျာသုံးထည်စာ အဝတ်တို့သည်ပင် အဖိုးတသိန်း ထိုက်တန် ကုန်၏။

## နောက်ဆုံး ဇောတိကသူဌေးဘဝ

ထိုအပရာဇိတ ကျောင်းဒါယကာသည် အသက်ထက်ဆုံး ကုသိုလ် ကောင်းမှုပြု၍ ထိုဘဝမှ စုတေသော် နတ်ပြည်၌ဖြစ်ကာ ၉၁-ကမ္ဘာရှည်လျား စွာသော အခါကာလပတ်လုံး အပါယ်လေးပါး မလားမရောက်မူ၍ ဤဘုရား ရှင် ပွင့်ထွန်းတော်မူသောအခါ ရာဇဂြိုဟ်ပြည်၌ သူဌေးတစ်ဦးအိမ်၌ ဖြစ်၏။ ထိုသတို့သား ဖွားမြင်သောနေ့၌ လက်နက်များ၊ ကိုယ်ဝယ်ဝတ်ဆင်ထား အပ်သည့် အဆင်တန်ဆာများ အရောင်တောက်ပကြကုန်၏။ ထိုအကြောင်းကို ဖခင် သူဌေးကြီးသည် မင်းကြီးအား သွားရောက် လျှောက်ထား၏။ မင်းကြီး သည် ထိုသူငယ်၏ ကောင်းမှုအာနုဘော်ကြောင့်ဟု သိရသောအခါ ကောင်းစွာ မွေးမြူစေ၍ ထိုသူငယ်အတွက် နို့ဖိုး နေ့စဉ် အသပြာတစ်ထောင်ကို ပေးစေ လေ၏။ ထို့နောက် ထိုသူငယ်ကို အမည်မှည့်သောနေ့၌ တမြို့လုံး တခဲနက် အလျှံတပြောင်ပြောင် အရောင်တလက်လက် တောက်ပမှုကို အကြောင်းပြု၍ ''ဇောတိကသတို့သား''ဟု အမည်မှည့်ကြလေကုန်၏။

## ဇောတိကသူဌေးအိမ်ကို သိကြား ဖန်ဆင်းပေးခြင်း

ထို့နောက် ဇောတိကသူဌေးသား အရွယ်ရောက်သောအခါ သူ့

အတွက် အိမ်ဆောက်ရန် မြေအပြင်ကို သုတ်သင်ရှင်းလင်းအပ်သည်ရှိသော် သိကြားမင်း၏ ပဏ္ဍုကမ္ဗလာကျောက်နေရာသည် ပူနွေးသော အခြင်းအရာကို ပြလေ၏။ သိကြားမင်း ဆင်ခြင်သည်ရှိသော် ဇောတိကအတွက် အိမ်နေရာကို ယူကြကုန်၏''ဟု သိ၍ ဤသူဌေးကား လူတို့ ဆောက်လုပ်အပ်သောအိမ်၌ နေရမည့်သူ မဟုတ်၊ ငါ ထိုအအရပ်သို့ သွား၍ ဆောင်ရွက်ပေးအံ့ဟု ကြံကာ လက်သမားအသွင်ဖြင့် သွားလေ၏။ ထိုလက်သမားသည် ဇောတိကသူဌေးကား သင်တို့ဆောက်လုပ်သောအိမ်၌ နေရမည့်သူ မဟုတ်ချေဟု ပြောဆိုပြီးလျှင် တစ်ဆယ့်ခြောက်မင်းပယ် ကျယ်ဝန်းသော မြေအရပ်ကို စူးစူးစိုက်စိုက် ကြည့်ရှုလိုက်လေ၏။ ထိုမြေအရပ်သည် ထိုခဏမှာပင် ကသိုဏ်းဝန်းပမာ ညီညွတ်သောမြေအရပ်ဖြစ်ပြီး ထိုမြေအရပ်ကို ဖောက်ခွဲ၍ ရတနာခုနစ်ပါးဖြင့်ပြီးသော ဘုံခုနစ်ဆင့်ရှိ ပြာသာဒ်ကြီး ပေါ်ပေါက်လာလေ၏။ ထိုပြာသာဒ်ကို ခြံရံလျက် ရတနာခုနစ်ပါးဖြင့်ပြီးသော တံတိုင်းကြီးခုနစ်ထပ်၊ ထိုတံတိုင်းခုနစ်ထပ်တို့၏ အစွန်အနား၌ ပဒေသာပင်တို့ ပေါက်လာကြကုန်၏။ ထို့ပြင် ပြာသာဒ်လေးခု အထောင့်တို့၌ ရွှေအိုးကြီးလေးလုံးပေါ်ပေါက်ကုန်၏။ ရွှေအိုးတို့တွင် တစ်လုံးသည် တစ်ယူဇနာအတိုင်း အရှည်ရှိ၏။ တစ်လုံးသည် သုံးဂါဝုတ်၊ တစ်လုံးသည် ယူဇနာခွဲ၊ တစ်လုံးသည် တစ်ဂါဝုတ်ရှိ၏။ ပြာသာဒ်ကြီး၏ထောင့်တို့၌ ထန်းပင်ပျို ပင်စည်လုံး ပမာဏရှိကုန်သော ရွှေကြံချောင်းလေးခုတို့ ဖြစ်ကုန်၏။ ထိုကြံပင်တို့၏ အရွက်တို့သည် ပတ္တမြားဖြင့် ပြီးကုန်၏။ ပင်စည်တို့သည် ရွှေဖြင့် ပြီးကုန်၏။ ထိုကြံပင်ကြီးတို့သည် ဇောတိကသူဌေး၏ ရှေးကောင်းမှုကုသိုလ်ကံကို ထင်ရှားပြသရန် ဖြစ်ပေါ်လာကြကုန်၏။

## နတ်ဘီလူးတို့ စောင့်ရှောက်ခြင်း

ခုနစ်ခုသော တံခါးမုခ်တို့၌ နတ်ဘီလူး စစ်မှူးခုနစ်ဦးတို့သည် နောက်လိုက်အခြံအရံ ဘီလူးများစွာတို့ဖြင့် စောင့်ရှောက်ကြလေသည်။ ထိုဇောတိကသူဌေးကြီး၏ ကြီးကျယ်ခမ်းနားသော စည်းစိမ်ချမ်းသာများ ဖြစ်ပေါ်လာမှုကို ဗိမ္ဗိသာရမင်းကြီး ကြားသိရပြီး သူဌေးတို့ ဆောင်းထိုက်သော

ထီးကို စေလွှတ်ပို့စေ၏။ ထိုသူဌေးသားသည် ထိုအချိန်မှစ၍ "ဇောတိက သူဌေး"ဟူ၍ အမည်ထင်ရှား ကျော်ကြားလာလေ၏။

## သူဌေးကတော် "သတုလကာယီ" မြောက်ကျွန်းသူကို နတ်တို့ယူဆောင် ပို့သခြင်း

ဇောတိကသူဌေးနှင့် အတူတကွ ကုသိုလ်ကောင်းမှု ပြုခဲ့သော အမျိုးသမီးသည် ထိုအချိန်ဝယ် ဥတ္တရကုရုကျွန်း (မြောက်ကျွန်း)၌ ဖြစ်ရှိနေလေသည်။ ထိုမြောက်ကျွန်းသူ "သတုလကာယီ"ကို နတ်တို့ ဆောင်ယူပြီး ဇောတိက၏ ခုနစ်ထပ်တိုက်ကြီး ကျက်သရေတိုက်ခန်း၌ ထိုင်နေစေကြလေကုန်၏။ ထိုသူဌေးကတော်သည် မြောက်ကျွန်းမှ လာသောအခါ ဆန်တစလယ်ချက်နှင့် မီးကျောက်သုံးလုံးတို့ကိုသာ ယူဆောင်ခဲ့လေသည်။ ထိုသူဌေး ဇနီးမောင်နှံတို့အား အသက်ထက်ဆုံး ထိုဆန်ဖြင့်ပင် ချက်ပြုတ်စားသောက်သော်လည်း မကုန်နိုင်ပေ။ ထမင်းချက်သောအခါ ဆန်ကို ထမင်းအိုး၌ ထည့်ပြီးလျှင် ထိုမီးကျောက်သုံးလုံးတို့၏ အပေါ်၌ထား၏။ ထိုကျောက်မှ မီးလျှံထွက်၍ ထမင်းကျက်လျှင် အလိုလို ငြိမ်းအေးကုန်၏။ ဟင်းလျာချက်လျှင်လည်း ဤနည်းအတူပင် ဖြစ်သည်။ ပတ္တမြားကျောက် အရောင်ဖြင့်ပင် နေကြကုန်၏။ သူတို့သည် မီးရောင်၊ ဆီမီးရောင်ကို လုံးဝ မသိကြကုန်။ သူဌေးကြီး၏ ဂုဏ်သတင်းသည် ဇမ္ဗူဒီပါတစ်ကျွန်းလုံး၌ ထင်ရှားပျံ့နှံ့ခြင်း ဖြစ်၏။

## ဇမ္ဗူဒိပ်တစ်ကျွန်းလုံး လာရောက်ကြည့်ရှုခြင်း

များစွာသော လူအပေါင်းတို့သည် လှည်းယာဉ် စသည်တို့ဖြင့် ကြည့်ရှုရန် လာကြကုန်၏။ ဇောတိကသူဌေးကြီးသည် လာတိုင်း လာတိုင်းကုန်သော လူတို့အား ထမင်းကျွေးခြင်း၊ ပဒေသာပင်တို့မှ အဝတ်ပုဆိုးတို့ကို ယူစေခြင်း၊ ရွှေအိုးတို့မှ အသက်မွေးလောက်ရုံ ဥစ္စာကို ယူစေခြင်းတို့ဖြင့် ပြန်လည် လွှတ်ဒါန်း၏။ ဇမ္ဗူဒိပ်ကျွန်းသူကျွန်းသားတို့သည် ဥစ္စာကို ယူသွားကြသော်လည်း ရွှေအိုး၌ လက်တစ်သစ်မျှ ယုတ်လျော့ခြင်း မဖြစ်ပေ။

နောက်အဖို့၌ ဗိမ္ဗိသာရမင်းကြီးသည် များစွာသော အခြံအရံဖြင့်

ဓောတိကသူဌေး၏ ဘုံနန်းပြာသာဒ်သို့ ကြွရောက်ကြည့်ရှုလေ၏။ ဗိမ္ဗိသာရမင်းကြီးသည် ထိုဓောတိကအိမ်၌ တံခါးမုခ်အသီးသီးတို့၌ တံမြက်လှည်း၍ အမှိုက်စွန့်သွန်သော ကျွန်မအသီးသီးတို့ကိုပင် သူဌေးကတော်ဟု မှတ်ထင်ခဲ့ရလေသည်။ ဤသို့လျှင် ဓောတိက၏ ဘုံနန်းပြာသာဒ်၌ ကျွန်မများပင် သူဌေးကတော်တွေဟု ထင်မှားလောက်အောင် ခမ်းနားတင့်တယ်လှကုန်၏။ ဓောတိကသူဌေးသည် မင်းကြီးကို ခရီးဦးကြိုဆိုကာ ရိုသေစွာ ရှိခိုးပြီး မင်းကြီးနောက်မှ လိုက်ပါလျက် "ရှေ့မှ ကြွတော်မူကြပါ အရှင်မင်းကြီး"ဟု ပြောဆိုလေ၏။ မင်းကြီးသည် ပတ္တမြားရတနာခင်း၍ ထားအပ်သော မြေသည် ချောက်ကမ်းပါးကြီးကဲ့သို့ ဖြစ်၍ ထင်နေလေ၏။ မင်းကြီးသည် "ဤဓောတိကသူဌေးကား ငါ့ကို ဖမ်းယူရန် တွင်းကြီးကို တူးထားအပ်လေပြီ"ဟု အထင်လွဲကာ ခြေမချဝံ့ပဲ ရှိလေ၏။

ဓောတိကသူဌေးသည် "အရှင်မင်းကြီး... ဤအရာသည်ကား တွင်းမဟုတ်ပါ၊ ကျွန်တော်မျိုး၏ နောက်မှ လိုက်ပါတော်မူခဲ့ကြပါလော့" ဟု ပြောဆိုကာ မင်းကြီး၏ ရှေ့မှသွားသောအခါမှ ပတ္တမြားရတနာမြေကို နင်း၍ အောက်အပြင်မှ အစပြုကာ ပြာသာဒ်ကို ကြည့်ရှုလျက် လှည့်လည်လေ၏။

အဇာတသတ်မင်းသားလေးသည် ခမည်းတော် မင်းကြီးနှင့်အတူ လိုက်ပါစဉ် ငါ့ခမည်းတော်ကြီးသည် လွန်စွာ မိုက်မဲလေစွ၊ သူဌေးကြီးက ရတနာခုနစ်ပါးဖြင့်ပြီးသော ပြာသာဒ်၌ နေသည်ဖြစ်ပါလျက် မင်းကြီးဖြစ်လျက် သစ်သားနန်းအိမ်၌ နေဘိ၏။ ငါ မင်းဖြစ်ခဲ့လျှင် ဓောတိကသူဌေးအား ဤပြာသာဒ်၌ နေခွင့်မပေးဟု ကြံစည်အောက်မေ့လေ၏။

ဗိမ္ဗိသာရမင်းကြီးသည် နံနက်စာပွဲတော်ကို ဓောတိကသူဌေးအိမ်၌ပင် ပွဲတော်တည်ခဲ့သည်။ မင်းကြီးသည် ဓောတိကသူဌေး ကျွေးမွေးသော အလွန်ချိုမြိန်အရသာရှိသည့် အစားအသောက်များကို အလွန်အမင်းစား၍ အတိုင်းအရှည် မသိနိုင်ပဲရှိလေ၏။ ထိုအခါ သူဌေးက မင်းကြီး အစာမကြေမည်စိုး၍ သင့်တော်လောက်ပါပြီ အရှင်မင်းကြီးဟု သတိပေးရလေသည်။

**မင်းကြီးထံ သတုလကာယီသူဌေးကတော် အခစားဝင်ခြင်း**

ထို့နောက် မင်းကြီးနှင့် သူဌေးကြီး စကားပြောဆိုနေကြရင်း မင်းကြီးက သူဌေးကတော် မရှိဘူးလားဟုမေးရာ သူဌေးကြီးက မင်းကြီး သူဌေးကတော်ကို တွေ့မြင်တော်မူလို၏ဟု ဆင်ခြင်မိ၍ သူဌေးကတော်ကို မင်းကြီးအား ခစားရန် သွားခေါ်လေသည်။ အရှင် ယခု ကျွန်တော်မ အဘယ်အမှုကို ပြုရမည်နည်းဟု မေးမြန်းလျှင် သူဌေးကြီးက "ထန်းရွက်ယက်ဝန်းကို ယူဆောင်ကာ လာရောက်၍ မင်းကြီးကို ယပ်လေခပ်ပေးလော့"ဟု ပြောဆိုလေ၏။

သူဌေးကတော်သည် မင်းကြီးကို ယပ်လေခပ်ပေးနေစဉ် မင်းကြီး၏ ဦးရစ် (ခေါင်းပေါင်းတော်)မှ အနံ့ကို ယူဆောင်လာသော လေသည် သူဌေးကတော်၏ မျက်လုံးနှစ်ဖက်တို့ကို တိုက်ခတ်လေသော် မျက်ရည်တို့သည် တသွင်သွင် စီးကျလာလေကုန်၏။ ထိုအခြင်းအရာကို မင်းကြီး မြင်ရ၍ သူဌေးကြီးကို "သူဌေးကြီး… မာတုဂါမမည်သည် ဉာဏ်ပညာနည်းပါးလှ၏၊ မင်းကြီးသည် ငါ့အရှင်သခင်၏ စည်းစိမ်ကို သိမ်းယူလေရာ၏ဟု အောက်မေ့ကာ မင်းဘဏ္ဍာအဖြစ် သိမ်းယူမည်မှ ကြောက်ရွံ့သောကြောင့် ငိုကြွေးနေသည် ထင်၏၊ ငါ သင်၏ စည်းစိမ်ကို အလိုမရှိ"ဟု ပြောပြကာ သူဌေးကတော်ကို နှစ်သိမ့်ရန် ပြောဆိုလေ၏။

**ဇောတိကသူဌေးက မင်းကြီးအား သခွါးသေဆစ်သီးခန့်ရှိ ကျောက်မျက်ရတနာကြီးကို ပေးလိုက်ခြင်း**

ထိုအခါ ဇောတိကသူဌေးက "အရှင်မင်းကြီး… ဤသူဌေးကတော် မငိုပါ၊ မင်းကြီး၏ ဦးရစ်(ခေါင်းပေါင်းတော်)ရနံ့ကြောင့် မျက်ရည်များ ဖြစ်ပွားခြင်း ဖြစ်ပါသည်။ သူဌေးကတော်သည် ဆီမီးအရောင်၊ ပကတိမီးအရောင်များကို မကြည့်ရဘဲ ကျောက်မျက်ရတနာအရောင်ဖြင့်သာလျှင် စားသောက်၊ နေထိုင်၊ အိပ်စက်သူ ဖြစ်ပါသည်။ အရှင်မင်းကြီးသည်ကား ဆီမီးအရောင်ဖြင့် နေထိုင်သည် ဖြစ်တော်မူပါလိမ့်မည်" ဟု ရှင်လင်း

လျှောက်ထားလေ၏။ ထို့နောက် ဇောတိကသူဌေးကြီးသည် "အရှင်မင်းကြီး… ယနေ့မှစ၍ ကျောက်မျက်ရတနာအရောင်ဖြင့်သာ နေတော်မူကြပါ"ဟု လျှောက်ထား၍ သခွားငဆစ်သီးခန့်ပမာဏရှိသည့် အဖိုးအနဋ္ဌထိုက်တန်သော ကျောက်မျက်ရတနာကြီးကို ဆက်သလိုက်လေ၏။ မင်းကြီးသည် သူဌေးကြီး၏ စည်းစိမ်ကြီးကျယ်ခမ်းနားလှပါဘိ၏ဟု ချီးမွမ်းစကားပြောကြားကာ ရွှေနန်းတော်သို့ ပြန်သွားလေ၏။

## အဇာတသတ်မင်း၏ မတရားအပြုအမူကြောင့် ဇောတိကသူဌေးကြီး သံဝေဂရ၍ ရဟန်းပြု၍ ရဟန္တာဖြစ်ခြင်း

နောက်တချိန်ဝယ် အဇာတသတ်မင်းသားသည် ဒေဝဒတ်နှင့် ပေါင်းကာ ခမည်းတော်မင်းကြီးကို လုပ်ကြံသတ်ဖြတ်ပြီးနောက် မင်းအဖြစ်သို့ ရောက်ရှိလတ်သော် "ဇောတိကသူဌေးကြီး၏ ပြာသာဒ်ကြီးကို တိုက်ခိုက်သိမ်းယူမည်"ဟူသော အကြံဖြင့် စစ်ကြီးဆင်ကာ ထွက်လာလတ်၍ သူဌေးကြီး၏ ပြာသာဒ်ကြီး အရံအကာ ကျောက်မျက်ရတနာတံတိုင်း၌ အခြံအရံစစ်တပ်ကြီးနှင့်တကွသော မိမိအရိပ်ကို မြင်လေလျှင် "ဇောတိကသူဌေးသည် စစ်ကြီးဆင်လျက် ဗိုလ်ပါကို ခေါ်ဆောင်ကာ ငါ့ကို တိုက်ခိုက်ရန် ထွက်လာလေပြီ"ဟု အောက်မေ့၍ တံတိုင်းအနီးသို့ပင် မချဉ်းကပ်ဝံ့ပဲ ရှိလေ၏။

ဇောတိကသူဌေးကြီးသည် ထိုနေ့၌ ဥပုသ်စောင့်သုံး သီလဆောက်တည်ကာ စောစောစီးစီးကပင် နံနက်စာကို စားပြီးလျှင် ကျောင်းတော်သို့ သွားရောက်၍ ဘုရားရှင်အထံတော်၌ တရားတော်ကို နာယူကာ ချမ်းသာစွာ ထိုင်နေလျက် ရှိ၏။

**"ဝိသမလောဘ၊ ပြွမ်းပြွမ်းထ၍၊ အနှကြွေကြမ်း၊ လူသော့သွမ်းတို့၊ ညှိုးနွမ်းဒုက္ခ၊ ရောက်သမျှပင်၊ မွေ့ကိန်းပျော်၊ သူ, သူတော်ကား၊ စိတ်သော်ရွှင်မွေ့၊ ကိုယ်ချမ်းမြေ့၏။ ။ မွေ့ပဒေသ။**

*(မဟာဗုဒ္ဓဝင်၊ ဆဌ-ဒု။ ၃၇၇။)*

အဇာတသတ်မင်း စစ်ကြီးဆင်၍ လာရောက်သောအခါ သူဌေးကြီး၏ နန်းပြာသာဒ် ပထမတံခါးမုခ်၌ အစောင့်ယူနေသော နတ်ဘီလူးသည် "သင် ဘယ်ပြေးနိုင်မည်နည်း"ဟု ခြိမ်းခြောက်ဟစ်ကြွေးကာ အခြံအရံနှင့်တကွသော အဇာတသတ်မင်းကို တိုက်ခိုက်ဖျက်ဆီးလျက် စစ်ကြီးပျက်စေကာ နေရာအနှံ့လိုက်လေ၏။ ထိုအခါ အဇာတသတ်မင်းကြီး စစ်ကြီးပျက်ရှုံး၍ ဦးတည်မိရာကျောင်းတော်သို့သာ ပြေးသွားလေ၏။

ကျောင်းတော်၌ အဇာတသတ်မင်းကို ဇောတိကသူဌေးကြီး မြင်လေလျှင် "မင်းကြီးအကြောင်း အသို့ရှိသနည်း"ဟု ပြောဆိုကာ ထိုင်နေရာမှ ထ၍ ရပ်တည်လေ၏။ အဇာတသတ်မင်းက "သူဌေး... သင်သည် သင့်လူများကို 'ငါနှင့် စစ်ထိုးရစ်ကြ'ဟု စေခိုင်းထားပြီး သင်က ကျောင်းတော်သို့ လာ၍ တရားနာသကဲ့သို့ အဘယ့်ကြောင့် နေထိုင်ဘိသနည်း"ဟု ရန်တွေ့စကား ပြောကြားလေလျှင် သူဌေးကြီးသည် "အရှင်မင်းကြီး... ကျွန်ုပ်အိမ်ကို သိမ်းယူရန် သွားရောက်တော်မူခဲ့ပါသလော"ဟု မေးလေ၏။ အဇာတသတ်မင်းက "အိမ်း... ငါသွားရောက်ခဲ့သည်"ဟု ဒေါသသံပါပါဖြင့် ပြောကြားလေလျှင် ဇောတိကသူဌေးကြီးသည် "အရှင်မင်းကြီး... အကျွန်ုပ်က အလိုမရှိ (သဘောမတူ)လျှင် ကျွန်ုပ်အိမ်ကို အရှင်မင်းကြီး တစ်ဦးတည်း မဆိုထားဘိ မင်းပေါင်း အထောင်သော်မှလည်း သိမ်းယူခြင်းငှာ မတတ်နိုင်"ဟု တည်ငြိမ်ရဲရင့်စွာ ပြောဆိုလေ၏။

ထိုအခါ အဇာတသတ်မင်းသည် "ငါက သင်သဘောတူမှ သင့်ပစ္စည်းကို ယူရမှာတဲ့လား၊ ငါသည် မင်းဖြစ်သောကြောင့် သင့်ပစ္စည်းကို သင် အလိုမတူစေကာမူ ယူနိုင်သည်"ဟု မင်းမာန်တက်ကာ ပြောဆိုလေ၏။ ထိုသို့ဖြစ်လျှင် အရှင်မင်းကြီး ကျွန်ုပ်လက်ဆယ်ချောင်း၌ ဤနှစ်ဆယ်သော လက်စွပ်တို့ကို အရှင်မင်းကြီးအား မပေးလိုပါ။ စွမ်းနိုင်လျှင် ချွတ်ယူပါဟုဆိုသော် အဇာတသတ်မင်းသည် သူဌေး၏လက်မှ လက်စွပ်များကို ဘယ်မှ, ညာမှ အပြန်ပြန်လှည့်လည်၍ ချွတ်ယူပါသော်လည်း ရာဇပလ္လင်ပေါ်မှ ခုန်ဆင်း သာပျက်၍ လက်စွပ်တကွင်းကိုမျှပင် ရအောင် မဖြုတ်ယူနိုင်ချေ။ ထိုအခါ သူဌေးကြီးက "အရှင်မင်းကြီး... အလိုတော်ရှိလျှင် ဝတ်လဲတော်ကို ဖြန့်၍

ခံတော်မူပါလော့"ဟု ပြောဆိုကာ လက်ချောင်းများကို ဖြောင့်ဖြောင့် အောက်သို့ စိုက်ချလိုက်လေ၏။ ထိုခဏ၌ လက်စွပ်ကွင်းနှစ်ဆယ်တို့သည် အလွယ်နှင့် ထွက်ကျလာလေကုန်၏။ ထို့နောက် အဇာတသတ်မင်းကို ဇောတိကသူဌေးကြီးသည် "မင်းကြီး... သင်မင်းကြီး မျက်မြင်အတိုင်းပင် ကျွန်ုပ်၏ဥစ္စာကို ကျွန်ုပ်က အလိုမရှိ သဘောမတူလျှင် သိမ်းယူခြင်းဌာ မစွမ်းနိုင်ပါ"ဟု ပြောဆို၍ အဇာတသတ်မင်း၏ ရိုင်းပြသော အပြုအမူများကြောင့် သံဝေဂကြီးစွာဖြစ်ပြီးလျှင် "အရှင်မင်းကြီး... အကျွန်ုပ်အား ရှင်ရဟန်းပြုလုပ်ရန် ခွင့်ပြုပါလော့"ဟု ပြောဆိုလေ၏။

အဇာတ်တသတ်မင်းသည် သူဌေးကြီး ရဟန်းပြုလျှင် ချမ်းသာစွာ ပြာသာဒ်ကို ယူရပေတော့အံ့ဟု ကြံစည် စိတ်ကူးလျက် တခွန်းတည်းသော တောင်းပန်စကားဖြင့်ပင် "သင် ရဟန်းပြုလိုမူ ပြုလော့"ဟု အလွယ်ပင် ပြောဆိုလိုက်လေ၏။ ဇောတိကသူဌေးကြီးသည် သံဝေဂကြီးစွာ ဖြစ်ရှိ၍ မြတ်စွာဘုရား၏ အထံတော်၌ ရဟန်းပြုပြီးသော် မကြာမီပင် ရဟန်းတရားပွားများအားထုတ်သဖြင့် အရဟတ္တဖိုလ်သို့ဆိုက်ရောက်ကာ ဇောတိကမထေရ်ဟု ထင်ရှားလေတော့၏။ ဇောတိကမထေရ် ရဟန္တာဖြစ်သော ခဏမှာပင် ဘုံနန်းပြာသာဒ် အစရှိသော စည်းစိမ်အလုံးစုံသည် ပျောက်ကွယ်သွားလေ၏။ သူဌေးကတော်ကိုလည်း နတ်တို့သည် မြောက်ကျွန်းသို့သာလျှင် တဖန်ပြန်၍ ပို့ဆောင်ကြလေကုန်၏။ *(ဓမ္မ၊ ၄၊ ၂။ ၄၄၆။ ပဋိသံ၊ ၄၊ ၂။၂၉၂။)*

## ၂။ ဇဋိလ သူဌေးကြီး

မြတ်စွာဘုရား လက်ထက်တော်အခါဝယ် ဗာရာဏသီပြည်၌ အလွန်အဆင်းလှသည့် သူဌေးသမီးတစ်ယောက် ရှိလေသည်။ ထိုသူဌေးသမီးကို ၁၆-နှစ်အရွယ် ရောက်သောအခါ မိဘတို့သည် စောင့်ရှောက်ရန် ကျွန်မတစ်ယောက်ပေးအပ်၍ ဘုံခုနစ်ဆင့်ရှိသော ပြာသာဒ်၏ အထက်ဆုံးအထပ်ဝယ် ကျက်သရေတိုက်ခန်း၌ နေထိုင်စေကြလေသည်။ တစ်နေ့သ၌ လေသာပြတင်းကိုဖွင့်၍ အပြင်သို့ကြည့်နေသော သူဌေးသမီးကို ကောင်းကင်ခရီး

ဖြင့်သွားသော ဝိဇ္ဇာဓိုရ်ယောကျ်ားသည် မြင်လျှင် မြင်ချင်း ချစ်ခင်စုံမက်၍ လေသာပြတင်းဖြင့်ဝင်ကာ ထိုသူဌေးသမီးနှင့်အတူ ပေါင်းဖော်ခြင်းကို ပြု၏။

ထိုသူဌေးသမီးသည် မကြာမြင့်မီ ကိုယ်ဝန်ရလေ၏။ သူဌေးသမီးသည် ကျွန်မကို နှုတ်ပိတ်၍ ဆယ်လလွန်သောအခါ သားယောကျ်ားကို ဖွားမြင်၍ အိုးသစ်၌ထည့်ကာ ဂင်္ဂါမြစ်၌ မျှောခိုင်း၏။ အခြားသူများမေးလျှင် သခင်မ၏ ဗလိနတ်စာ ပေးသောအမှုဖြစ်သည်ဟု ဖြေဆိုရန် မှာထား၍ ကျွန်မကို စေခိုင်းလေ၏။

## အိုးတစ်လုံးအတွက် မိန်းမနှစ်ဦး တရားရုံးရောက်ခြင်း

ဂင်္ဂါမြစ်အောက်၌ မိန်းမနှစ်ယောက်တို့ ရေချိုးကြစဉ် ရေ၌ မျောလာသော ထိုအိုးကိုမြင်လျှင် မိန်းမတစ်ယောက်သည် ဤအိုးကား ငါ့အိုးတည်းဟု ဆို၏။ ကျန်တစ်ယောက်က အိုးအတွင်းရှိပစ္စည်းသည် ငါ့ဥစ္စာတည်းဟု ဆိုပြီး အိုးကို ဆယ်ယူကြ၏။ အိုးကို ဖွင့်ကြည့်သည်ရှိသော် သူငယ်ကိုမြင်လျှင် မိန်းမနှစ်ယောက် သူပိုင်, ငါပိုင်ဟု အငြင်းအခုံ ဖြစ်ကြ၏။ အမတ်ကြီးတို့ထံ အဆုံးအဖြတ်ခံယူရန်သွားကြရာ အမတ်ကြီးတို့ကလည်း ဆုံးဖြတ်ခြင်းငှာ မတတ်နိုင်၍ မင်းကြီးအထံသို့ သွားကြ၏။ မင်းကြီးသည် ထိုမိန်းမတို့စကားကို ကြားသိပြီးလျှင် ဒုတိယမိန်းမကို "သင်သည် သူငယ်ကို ပိုင်စေ"၊ ပထမ မိန်းမကို "သင်သည် အိုးကို ပိုင်စေ"ဟု အဆုံးအဖြတ်စကား မိန့်ကြားလေ၏။

## ဇင်္ဂိုလ အမည်ရ၍ အရှင်မဟာကစ္စည်းမထေရ်ထံ ရောက်ခြင်း

သူငယ်ကိုရသော မိန်းမသည် အရှင်မဟာကစ္စည်းမထေရ်၏ အလုပ်အကျွေးရင်းနှီးသူ ဒါယိကာမ ဖြစ်၏။ ထိုကြောင့် ထိုမိန်းမသည် ဤသူငယ်ကို မထေရ်မြတ်အထံတော်၌ ရှင်ပြုပေးအံ့ဟု နှလုံးသွင်း၍ မွေးမြူလေ၏။ ထိုသူငယ် မွေးဖွားသောနေ့၌ ကိုယ်ဝန်အညစ်အကြေးကို ဆေးကြောဖယ်ရှားမှု မပြုရသောကြောင့် ဆံပင်များမှာ ဆံကျစ်ပမာ ရှုပ်ထွေးလျက် တည်နေ

ကုန်၏။ ထို့ကြောင့် ထိုသူငယ်၏ အမည်ကို "ဇဋိလ"ဟူ၍ မှည့်ခေါ်ကြလေ၏။

## ဇဋိလကို တက္ကသိုလ်ပြည်သို့ ပို့ထားခြင်း

ထိုသူငယ် သွားလာနိုင်သော အရွယ်ရောက်လျှင် ဆွမ်းဒါယိကာမသည် မထေရ်မြတ်ထံ အပ်နှံ၏။ မထေရ်မြတ်သည် ကောင်းပြီဟု ဆို၍ သူငယ်ကို ခေါ်ဆောင်ကာ ကြွသွားတော်မူစဉ် ဤသူငယ်သည် ဘုန်းကံကြီးမားသူဖြစ်၍ များစွာသော စည်းစိမ်ချမ်းသာကို ခံစားရပေလတ္တံ့ဟု မြင်တော်မူသောကြောင့် ထိုသူငယ်ကို တက္ကသိုလ်ပြည်သို့ ခေါ်ဆောင်လျက် အလုပ်အကျွေးဒါယကာတစ်ဦး၏ အိမ်၌ နေစေ၏။

## ဇဋိလဈေးရောင်းကောင်းခြင်း

ထိုဒါယကာသည် ကုန်သည် ဖြစ်လေသည်။ အထူးအားဖြင့် ထိုဒါယကာ အိမ်၌ ၁၂-နှစ်ကြာ ရောင်း၍မစွံသေးသည့် ရောင်းကုန်ဘဏ္ဍာတို့သည် များစွာရှိလေ၏။ တစ်နေ့သ၌ ထိုကုန်သည် ဒါယကာသည် ရွာတပါးသို့ ခရီးသွားအံ့ဆဲဖြစ်လတ်သော် ကုန်ဘဏ္ဍာအားလုံးကို ဈေးဆိုင်သို့ ပို့ဆောင်ပြီး ဇဋိလကို ဆိုင်ထိုင်ခိုင်း၍ ကုန်များ၏တန်ဖိုးကို ပြောပြကာ ခရီးထွက်သွားလေ၏။

ထိုနေ့၌ မြို့စောင့်နတ်တို့၏ စောင်မမှုကြောင့် တစ်နေ့ခြင်းဖြင့်ပင် ကုန်စည်အားလုံး ရောင်းကုန်လေ၏။ အိမ်ရှင်ကုန်သည် ပြန်လာ၍ ဈေးဆိုင်၌ အနည်းငယ်မျှသော ရောင်းရန်ကုန်ကိုမျှ မတွေ့ရလေလျှင် "ချစ်သား... သင်သည် ရောင်းကုန်ဘဏ္ဍာများကို ဖျက်ဆီးပစ်လိုက်သလော"ဟု မေးရာ "ကျွန်တော် မဖျက်ဆီးပါ၊ အားလုံးသော ရောင်းကုန်များကို အဖေတို့ ပြောဆိုမှာထားအပ်သည့်အတိုင်း ရောင်းပြီးပါပြီ၊ ဤငွေကား ကုန်ဘဏ္ဍာ အသီးသီးတို့၏အဖိုးဖြစ်ပါသည်"ဟု ပြောဆိုပြီး စာရင်းအတိအကျ အပ်နှံလေသည်။ ထိုအခါ ကုန်သည်သည် အလွန်ကျေနပ်၍ "အဖိုးအတိုင်း မသိ ထိုက်တန်

သော ယောကျ်ားတစ်ယောက် ဖြစ်ပေသည်၊ မည်သည့်နေရာ မည်သည့် အလုပ်အကိုင်မှာမဆို ချမ်းချမ်းသာသာ အသက်ရှင်နိုင်မည့်သူ ဖြစ်သည်''ဟု ကြံစည်၍ မိမိအိမ်၌ အရွယ်ရောက်သောသမီးနှင့် ထိမ်းမြားပေး၏။ ဇဋိလတို့ ဇနီးမောင်နှံနေထိုင်ရန် အိမ်ကို ဆောက်လုပ်စေပြီး အိမ်ပြီးသည်ရှိသော် ''သားတို့... သမီးတို့ သွားကြလော့၊ သင်တို့သည် မိမိ၏အိမ်၌ ချမ်းသာစွာ နေထိုင်ကြကုန်လော့''ဟု ပြောဆို အပ်နှင်းလေတော့၏။

## ရွှေတောင်ပေါက်၍ သူဌေးဖြစ်ခြင်း

ထို့နောက် ဇဋိလသတို့သား အိမ်တက်မင်္ဂလာ ပြုလုပ်သောအခါ၌ ခြေတစ်ဖက်ဖြင့် တံခါးခုံကို နင်းမိလျှင်ပင် အိမ်၏ နောက်ပိုင်း၌ အတောင် ရှစ်ဆယ်ရှိသော ရွှေတောင်ကြီးပေါက်၍ လာလေ၏။ မင်းကြီးသည် ထို သတင်းကိုကြား၍ ဇဋိလသတို့သားအား သူဌေးတို့ ဆောင်းအပ်သော ထီးဖြူ ကို ပို့စေ၍ သူဌေးတို့ အဆောင်အယောင် အခမ်းအနားများကို ချီးမြှောက်ကာ သူဌေးကြီးရာထူး၌ ခန့်အပ်လေ၏။ ထိုအခါမှစ၍ ''ဇဋိလသူဌေးကြီး'' ဟူ၍ အမည်ထင်ရှား ကျော်ကြားလေ၏။

## ဇမ္ဗူဒိပ်တခွင် လှည့်လည် စုံစမ်းစေခြင်း

ဇဋိလသူဌေးကြီးအား သားသုံးယောက် ရှိလေ၏။ ထိုသားများ အရွယ်သို့ ရောက်ကြသောအခါ ရဟန်းပြုလိုစိတ် ရှိသည်ဖြစ်၍ ''အကယ်၍ ငါတို့နှင့် စည်းစိမ်တူသော သူဌေးမျိုးရှိခဲ့လျှင် မင်းကြီးတို့သည် ငါ့အား ရဟန်းပြုရန် ခွင့်ပေးလိမ့်မည်၊ မရှိလျှင် ပေးလိမ့်မည် မဟုတ်။ ဇမ္ဗူဒိပ်ကျွန်း ဝယ် ငါတို့နှင့် စည်းစိမ်တူသော သူဌေးမျိုးများ ရှိလေသလား''ဟု စုံစမ်းရန် ရွှေသားအုပ်ချပ်၊ ရွှေသားနှင်တံ၊ ရွှေသားခြေနင်းတို့ကို သွန်းလုပ်စေပြီးလျှင် မိမိလူယုံများကို ပေးအပ်၍ ''အမောင်တို့... သွားကြကုန်၊ ဤပစ္စည်းတို့ကို ယူဆောင်သွားကြ၍ တစုံတရာကို ကြည့်ရှုကြကုန်သကဲ့သို့ ဇမ္ဗူဒိပ်တခွင်၌ လှည့်လည်ကြပြီးလျှင် ငါတို့နှင့် စည်းစိမ်တူသော သူဌေးမျိုး ရှိ၊ မရှိကို

သိရလေအောင် စုံစမ်းပြီးမှ ပြန်လာကြလော့"ဟု ပြောဆိုမှာထား စေလွှတ်လိုက်လေ၏။ ထိုလူယုံတို့သည် ဘဒ္ဒိယမြို့၌ မေဏ္ဍကသူဌေးကြီး၏ ကြီးကျယ်များပြတ်သော စည်းစိမ်တို့ကို တွေ့မြင်ရပြီး ဓနိုလသူဌေးကြီးထံ ပြန်လာ၍ ပြန်ကြား ပြောဆိုလေ၏။

ထိုစကားကို ကြားလျှင် ဓနိုလသူဌေးကြီးသည် နှစ်သက်အားရ စိတ်တိုင်းကျဖြစ်ပြီးလျှင် သူဌေးတမျိုးကိုကား ရအပ်ပေပြီ၊ အခြား သူဌေးမျိုးလည်း ရှိကောင်း ရှိဦးမည်ဟော"ဟု စဉ်းစားဆင်ခြင်မိ၍ အဖိုးတစ်သိန်းထိုက်သော ကမ္ဗလာကို ပေးအပ်ပြီး ထိုလူယုံများကိုပင် ဆက်လက်စုံစမ်းစေသည်။ ထိုလူများသည် ရာဇဂြိုဟ်ပြည်သို့ သွားရောက်ကြ၍ ဇောတိကသူဌေးကြီး၏ ပြာသာဒ်အိမ်မှ မနီးမဝေး၌ ထင်းများကို စုပုံကာ မီးဖိုကြလျက် နေကြကုန်၏။ လူများကမေးကြလျှင် အဖိုးများစွာ ထိုက်တန်သော ဤကမ္ဗလာကို ရောင်းချရာ ဝယ်ယူနိုင်မည့်သူ မရှိ ဖြစ်နေ၍ သူခိုးဓားပြဘေးမှ ကြောက်သောကြောင့် ထိုကမ္ဗလာကို မီးရှို့၍ သွားကြပါမည်"ဟု အကဲစမ်းစကား ပြောကြားကြလေ၏။

ထို့နောက် ဇောတိကသူဌေးကြီးသည် ထိုလူများကို မြင်သော် အကြောင်းစုံသိရပြီး မိမိလူများကို အသပြာတစ်သိန်း ပေးခိုင်းပြီးနောက် ဓနိုလသူဌေး၏ လူများကိုပင် "အမောင်တို့… ငါ၏ တံခါးမှုခ်ကို တံမြက်လှည်း၍ အမှိုက်စွန့်သော ကျွန်မအား ပေးလိုက်ကြပါလော့" ဟု အပို့ခိုင်းလိုက်၏။ ကျွန်မသည် ကမ္ဗလာကိုယူခဲ့၍ ငိုကြွေးလျက် သူဌေးကြီးအထံ သွားရောက်ပြီးလျှင် "အရှင်သူဌေးမင်း… ကျွန်တော်မကို အပြစ်ရှိလျှင် ရိုက်နှက်သင့်ပါသည်၊ အဘယ့်ကြောင့် ဤကြမ်းတမ်းသော ကမ္ဗလာကို ပေးပါသနည်း၊ ကျွန်တော်မသည် ဤကမ္ဗလာအကြမ်းကြီးကို မဝတ်နိုင်၊ မခြုံနိုင်ပါ"ဟု ပြောဆိုလေ၏။ ထိုအခါ ဇောတိကသူဌေးကြီးက ငါသည် သင့်အား ဝတ်ရန်ပေးသည်မဟုတ် ခြေသုတ်ဝတ်လုပ်ရန်ပေးခြင်းဖြစ်သည်ဟု ပြောမှ စိတ်ကျေနပ်သွားလေ၏။

ဓနိုလသူဌေးကြီး၏ လူယုံတော်များသည် ထိုအကြောင်းကို ကိုယ်တွေ့

မြင်ခဲ့ကြ၍ မိမိတို့၏ သူဌေးကြီးထံသို့ ပြန်လည်ရောက်ရှိကြသည်တွင် ဖြစ်ကြောင်းကုန်စင် ပြန်ပြောင်း ပြောပြကြလေ၏။

### ဇင့်လသူဌေးကြီး သားသုံးယောက်၏ ဘုန်းကံကို စုံစမ်းခြင်း

ဇင့်လသူဌေးကြီးသည် ထိုသူများ၏ စကားကို ကြားရလေလျှင် နှစ်သက်ဝမ်းမြောက်လျက် "ငါသည် ယခု ရဟန်းပြုရန် အခွင့်ကိုရပေတော့မည်"ဟု ကြံစည်ဆင်ခြင်၍ မင်းကြီးထံသို့ သွားရောက်ပြီး ရဟန်းပြုခွင့် တောင်း၏။ မင်းကြီးက ခွင့်ပြုလေလျှင် အိမ်သို့ပြန်ခဲ့၍ သားသုံးယောက်ကို အခေါ်ခိုင်းလိုက်ပြီး ရွှေအရိုးတပ်သည့် စိန်ပေါက်ချွန်းကို သားအကြီး၏လက်၌ အပ်ကာ ရွှေတောင်မှ အစိုင်အခဲကို ထုတ်ဆောင်စေ၏။ ထုတ်ဆောင်မရသည် ရှိသော် သားလတ်ကို ထုတ်ယူစေပြန်၏။ သားလတ်သည်လည်း ရွှေအစိုင်အခဲကို ဖဲ့ယူခြင်းငှာ မစွမ်းနိုင်ဘဲ ရှိလေ၏။ ထိုအခါ အငယ်ဆုံးသားအား ပေး၍ ထုတ်ယူစေရာ လွယ်ကူစွာပင် ရွှေအစုအပုံ ရရှိလေ၏။ ထိုအခါ သူဌေးကြီးသည် ချစ်သားတို့… ဤရွှေတောင်သည် နောင်တော်နှစ်ယောက် အကျိုးငှာ ပေါ်လာသည် မဟုတ်၊ ငါနှင့်သားငယ်၏ အကျိုးငှာ ဖြစ်ပေါ်လာ၏။ သင်တို့သည် သားငယ်နှင့် အတူတကွနေ၍ သုံးဆောင်ခံစားကြကုန်လော့ဟု မှာကြား၏။

### ဇင့်လသူဌေး ရေမျှောခံရကြောင်း အတိတ်ကံ

ကဿပမြတ်စွာဘုရား၏ ဓာတ်တော်များကို ရွှေစေတီ တည်ကြသည် ရှိသော် ရဟန္တာတစ်ပါးသည် စေတီတည်ရာသို့ သွားရောက် ကြည့်ရှုတော်မူလျှင် ရွှေမလောက်ငကြောင်း သိရ၍ ငါသည် ရွာတွင်းသို့ဝင်ကာ တိုက်တွန်းနှိုးဆော်အံ့၊ ရှိသေကောင်းမွန်စွာ လက်အမှုကို ပြုလုပ်ကြဟု ဒါယကာတို့ကို မိန့်ကြား၏။ ထို့နောက် ရဟန္တာမထေရ်သည် မြို့တွင်းသို့ဝင်ကာ ဒါယကာ အပေါင်းတို့အား စေတီတော်ကြီး၏တစ်ခုသော မျက်နှာမှုခ်ဝ၌ ရွှေမလောက်င၊ လှူဒါန်းကြလော့ဟု လူအပေါင်းကို တိုက်တွန်းနှိုးဆော်လျက် ရွှေပန်းထိမ်

သည် အိမ်သို့ ကြွသွားတော်မူ၏။ ရွှေပန်းထိမ်သည်သည် မယားနှင့် ရန်ဖြစ်နေ၍ ဒေါသထွက်လျက်ရှိ၏။ ထိုအခါ မထေရ်သည် ပန်းထိမ်သည်ကို စေတီတော်၌ ရွှေမလောက်သော အကြောင်းကို မိန့်ကြား၏။ ရွှေပန်းထိမ်သည်သည် မယားအပေါ်၌ အမျက်ဒေါသ မပြေသေးချိန်ဖြစ်၍ အရှင်ဘုရားတို့ဘုရားကို ရေ၌ပစ်၍ ကြွတော်မူလော့ဟု ဆို၏။ ထိုအခါ ရွှေပန်းထိမ်သည်ကို မယားက သင်သည် အလွန်ကြမ်းကြုတ်သော မကောင်းမှုကို ပြုဘိ၏။ ငါ့အား ဆဲမူလည်း ဆဲ၊ ရိုက်မူလည်း ရိုက်နိုင်၏။ အဘယ့်ကြောင့် သဗ္ဗညုမြတ်စွာဘုရားကို ရန်ပြုဘိသနည်းဟု ဆိုလေ၏။

## ရွှေတောင်ပေါက်ရကြောင်း အတိတ်ကံ

ရွှေပန်းထိမ်သည်သည် ထိတ်လန့်ခြင်းဖြစ်၍ မထေရ်မြတ် ခြေတော်ရင်း၌ တောင်းပန်ကန်တော့၏။ မထေရ်မြတ်သည် ဒါယကာ… ငါ့ကိုသင် ပြစ်မှားသည် မဟုတ်၊ မြတ်စွာဘုရားကိုသာ ပြစ်မှာပြောဆို၍ ဘုရားရှင်ကို တောင်းပန်ကန်တော့ချေဟု မိန့်တော်မူလျှင် အဘယ်သို့ တောင်းပန်ရမည်နည်းဟု လျှောက်ထား၏။ ဒါယကာ… ရွှေပန်းခိုင်တို့ဖြင့် ပြည့်သော ပန်းအိုးသုံးခုကို ပြုလုပ်ပြီး ဓာတ်တော်ကိန်းဝပ်ရာ ဌာပနာတိုက်အတွင်း၌ ထည့်သွင်း၍ တောင်းပန်ကန်တော့ချေဟု မိန့်၏။ ပန်းထိမ်သည်လည်း ကောင်းလှပါပြီ အရှင်ဘုရားဟု လျှောက်ထားပြီး ရွှေပန်းခိုင်ပြုလုပ်သည်ရှိသော် သားကြီးကိုခေါ်ကာ ကူလုပ်ခိုင်း၏။ သားကြီးက ကူညီပြုလုပ်ခြင်းငှာ အလိုမရှိ။ သားလတ်သည်လည်း ထို့အတူပင် မကူညီ။ သားအငယ်ဆုံးကသာ အဖနှင့်အတူကူညီ၍ ရွှေပန်းပွင့် ပန်းခိုင်တို့ကို ပြုလုပ်၏။ ရွှေပန်းထိမ်သည်သည် တစ်ထွာရှိသော ပန်းပွင့် ပန်းခိုင်တို့ဖြင့် ပန်းအိုးသုံးခုကို ပြည့်စေပြီး ဓာတ်တော်ကိန်းဝပ်ရာ ဌာပနာတိုက်၌ ထည့်သွင်း၍ စိုသောအဝတ်၊ စိုသောဆံ ရှိသည်ဖြစ်၍ မြတ်စွာဘုရားကို တောင်းပန်ကန်တော့လေ၏။

ဤသို့သော ရေးကံကြောင့် ထိုဇဋိလသူဌေးသည် ခုနစ်ကြိမ်တိုင်အောင် ဖွားမြင်စဖြစ်သောကာလ၌ ရေမျှောခံရရှာလေ၏။ ဤနောက်ဆုံးဘဝ၌လည်း ထိုကံ၏ အကျိုးဆက်ကြောင့်သာလျှင် ရေ၌ မျှောခြင်းခံရ၏။

သားကြီးနှစ်ယောက်တို့သည် ရွှေပန်းပွင့် ပန်းခိုင်ပြုလုပ်သောအခါ မကျညီလို ကြသောကြောင့် ရွှေတောင်သည် ထိုသားကြီးနှစ်ယောက် အလို့ငှာ ဖြစ်ပေါ် လာသည် မဟုတ်။ သားငယ်အလို့ငှာသာ ကောင်းမှုကံရှိသည်၏ အဖြစ် ကြောင့် ဖြစ်ပေါ်လာလေ၏။

### ဇဋိလမထေရ် ရဟန္တာ ဖြစ်ခြင်း

ဇဋိလသူဌေးကြီးသည် သားတို့ကို သားငယ်နှင့်အတူ နေစေ၍ မြတ်စွာ ဘုရားအထံတော်၌ ရဟန်းပြုသဖြင့် နှစ်ရက်သုံးရက်ဖြင့်ပင် ရဟန္တာဖြစ် လေ၏။ မြတ်စွာဘုရားသည် နောက်အခါဝယ် ရဟန်းငါးရာနှင့် အတူတကွ ဆွမ်းခံလှည့်လည်တော်မူလတ်သည်ရှိသော် ဇဋိလသူဌေး၏ သားသုံးယောက် တို့နေရာ အိမ်တံခါးဝသို့ ကြွရောက်တော်မူလေ၏။ ထိုသားသုံးယောက်တို့ သည် မြတ်စွာဘုရား အမှူးပြုသော ရဟန်းသံဃာတော်အား လဝက် (၁၅- ရက်)ပတ်လုံး ဆွမ်းအလှူဒါနကို ပေးလှူလေကုန်၏။

*(ဓမ္မ၊ ဋ္ဌ၊ ၂။ ၄၃၁။ ပဋိသံ၊ ဋ္ဌ၊ ၂။ ၂၉၃။)*

## ၃။ မေဏ္ဍကသူဌေးကြီး

မြတ်စွာဘုရားရှင် အင်္ဂတိုင်း၊ ဥတ္တရတိုင်းတို့၌ ဒေသစာရီ ကြွတော် မူလတ်သော် မေဏ္ဍကသူဌေးကြီး၊ သူဌေးကတော် စန္ဒပဒုမာ၊ သား-ဓနဉ္စယ၊ ချွေးမ-သုမနဒေဝီ၊ မြေး-ဝိသာခါ (ပုဗ္ဗာရုံကျောင်းအမ)၊ ကျွန်-ပုဏ္ဏတို့၏ သောတာပတ္တိဖိုလ်၌ တည်အံ့သောအကြောင်းကို မြင်တော်မူ၍ ဘဒ္ဒိယမြို့သို့ ကြွသွားတော်မူပြီး မြလေးတော၌ နေတော်မူ၏။ မေဏ္ဍကသူဌေးကြီးသည် ဘုရားရှင် ကြွလာတော်မူသည်ကို ကြားသိလေ၏။

### မေဏ္ဍကသူဌေးကြီး အမည်တွင်ပုံ

ထိုသူဌေးကြီးသည် အိမ်နောက်ဖေး၌ ရှစ်မင်းပယ်မျှ ကျယ်ဝန်းသော မြေအရပ်၌ ဝိပဿီဘုရားရှင်လက်ထက်က ရွှေဆိတ်ရုပ်ပြုလုပ်ကာ ပူဇော်

ခဲ့သော ကောင်းမှုကံကြောင့် ဆင်၊ မြင်း၊ ဥသဘာ အရွယ်ပမာဏရှိသော ရွှေဆိတ်ရုပ်ကြီးများသည် မြေကိုဖောက်ခွဲ၍ ကျောက်ကုန်းခြင်း ထိစပ်ကာ ပေါ်ပေါက်လာ၏။ ထိုရွှေဆိတ်ရုပ်တို့၏ ခံတွင်းများ၌ အဆင်းငါးမျိုးရှိသည့် ချည်ထွေး ချည်ခင်များ၊ အသင့်ထည့်အပ်ပြီး ဖြစ်နေ၏။ ထောပတ်၊ ဆီ၊ တင်လဲ စသည်တို့ကို ဖြစ်စေ၊ အဝတ်အထည် ရွှေငွေ စသည်တို့ကို ဖြစ်စေ အလိုရှိလျှင် ထိုချည်ထွေးများကို ဖယ်ရှားပစ်ကြရကုန်၏။ ရွှေဆိတ်ရုပ်တစ်ခု တည်း၏ ခံတွင်းမှပင် ဇမ္ဗူဒိပ်ကျွန်း၌နေသူတို့အား သုံးဆောင်ခြင်းငှာ လောက် သော ထောပတ် စသည်တို့ ထွက်ကျလာကုန်၏။ ထိုအခါမှစ၍ "မေဏ္ဍက သူဌေးကြီး" ဟူ၍ ထင်ရှားကျော်စောလေ၏။ (**မေဏ္ဍက** = ရွှေဆိတ်ရုပ်ရှင် သူဌေး)

## မေဏ္ဍကသူဌေးကြီး၏ ရှေးကောင်းမှု

မေဏ္ဍကသူဌေးကြီးသည် လွန်ခဲ့သော ကိုးဆယ့်တစ်ကမ္ဘာထက် ဝယ် ဝိပဿီမြတ်စွာဘုရား လက်ထက်တော်အခါ၌ (ဗာရာဏသီ သူဌေး အလောင်း) အပရာဇိတသူကြွယ်၏ တူ၊ ဦးလေးနှင့် အမည်တူသော အပရာဇိတ အမည်ရှိသူ ဖြစ်ခဲ့၏။ ဦးလေးဖြစ်သူ သူကြွယ်သည် မြတ်စွာဘုရားရှင်အတွက် ဂန္ဓကုဋီအုတ်ကျောင်းတော်ကို ဆောက်လုပ်လေ၏။ တူဖြစ်သူက အတူတကွ ဆောက်လုပ်ခွင့်ပြုရန် ခွင့်ပန်တိုင်ပင်စကား ပြောကြား၍ ဦးလေးက သူတစ်ဦး တည်းသာ ဂန္ဓကုဋီကျောင်းတော်ကို ဆောက်လုပ်မည်ဟု ပယ်မြစ်စကား ပြောကြားသောအခါ ထိုဂန္ဓကုဋီကျောင်းရှေ့၌ ဧည့်ခံဆင်ဝင်ခန်းမဆောင် (ဇရပ်)ကို ဆောက်လုပ်လှူဒါန်းအံ့ဟု သစ်အဆောက်အဦများကို တိုက်ဆောင် စေခဲ့ပြီး ရွှေစီခြယ်သော တိုင်တလုံး၊ ငွေစီခြယ်သော တိုင်တလုံး၊ ပတ္တမြား စီခြယ်သော တိုင်တလုံး၊ ရတနာခုနစ်ပါးစီခြယ်သော တိုင်တလုံး စသည် အားဖြင့် ထုပ်၊ လျောက်၊ ဒိုင်း၊ မြား စသည် အလုံးစုံတို့ကိုပင် ရွှေ ငွေ စသည် စီခြယ်ပြုလုပ်စေ၏။

ထိုခန်းမဆောင်၏ အထက်၌ ရွှေနီဖလံဖြင့် ပြီးသော အမိုးအုတ်များ၊ သန္တာကျောက်ဖြင့်ပြီးသော အထွတ်ထုပိကာများကို တပ်ဆင်ထား၏။ ခန်းမ

ဆောင်အလယ်၌ တရားမဏ္ဍပ်ကို ထိုးပြီးလျှင် ဓမ္မာသနပလ္လင်ကို တည်ထား စေ၏။ ထိုပလ္လင်၏ အခြေလေးခုနှင့် ဘောင်လေးခုတို့သည် တခဲနက် ရွှေနီဖလံဖြင့် ပြီးကုန်၏။ ရွှေဆိတ်ရုပ်လေးရုပ်တို့ကို ပလ္လင်အခြေလေးခုတို့၏ အောက်က ခံထားလေ၏။ အခြားရွှေဆိတ်ရုပ်နှစ်ရုပ်တို့ကို ခြေတင်ခုံအောက် က ခံထားစေ၏။ အခြား ရွှေဆိတ်ရုပ်ခြောက်ရုပ်တို့ကို တရားမဏ္ဍပ်ကို ဝန်းရံ လျက် ထားစေ၏။ တရားဟောရာ နေရာထိုင်ကို ရေးဦးစွာ ချည်ကြိုးငယ်ဖြင့် ရက်လုပ်စေပြီးနောက် အလယ်၌ ရွှေနန်းချည်ကြိုးများ ထပ်၍ လိုက်စေ ပြီးလျှင် အထက်၌ ပုလဲကြိုးများဖြင့် ထပ်၍ ရက်စေလေသည်။ ထိုဓမ္မာသန ပလ္လင်၏ နောက်ခံမှီရာ တံကဲပျဉ်မှာ စန္ဒကူးနံ့သာသားဖြင့် ပြီးလေသည်။

ထိုခန်းမဆောင် (ဇရပ်) ရေစက်ချပွဲ၌ ရဟန်းတော်ပေါင်း (၆၈၀၀၀၀၀) ခြောက်သန်းရှစ်သိန်းတို့နှင့် အတူတကွ မြတ်စွာဘုရားရှင်ကို ပင့်ဖိတ်၍ လေးလ တို့ပတ်လုံး အလှူဒါနကို နေ့စဉ်ပေးလှူပြီး နောက်ဆုံးနေ့၌ **တိစီဝရိတ်** = သင်္ကန်းသုံးထည်စီ လှူဒါန်း ဆက်ကပ်လေသည်။ ထိုအလှူပွဲ၌ အငယ်ဆုံး သံဃာအား လှူဒါန်းသော သင်္ကန်းသည်ပင် အဖိုးတသိန်း (သီဟိုဠ်မူ အဖိုး တထောင်) ထိုက်တန်လေသည်။

### ဗာရာဏသီ သူဌေးကြီးဘဝ ငတ်မွတ်ဘေးကြီး ကြုံရပုံ

မေဏ္ဍကသူဌေးအလောင်းသည် ထိုဘဝမှ စုတေသော် နတ်ပြည်၊ လူ့ပြည်တို့၌ ကျင်လည်ကျက်စားခဲ့ရလျက် ဤဘဒ္ဒကမ္ဘာသို့ ရောက်သော အခါ ဗာရာဏသီပြည်ဝယ် သူဌေးမျိုး၌ဖြစ်၍ ဗာရာဏသီသူဌေးကြီး အမည် ရှိလေ၏။ ထိုသူဌေးကြီးသည် တနေ့သ၌ မင်းအား ခစားရန် သွားလတ်သော် ပုရောဟိတ်ပုဏ္ဏားကို မြင်လျှင် "ဆရာ... အသို့နည်း (ဘယ့်နှယ်လဲ) နက္ခတ်၊ အချိန်မုဟုတ်များကို စုံစမ်းဆင်ခြင်မိကြပါကုန်၏လော"ဟု မေး၍ ပုရောဟိတ် က "ငါတို့သည် ဒီအလုပ်ပဲရှိတာ အခြားပြုဖွယ် မရှိ"ဟု ဆို၏။ ထိုသို့ ဖြစ်လျှင် ဇနပုဒ်တိုက်နယ်၌ ဖြစ်မည့်အရေးကား အဘယ်သို့များ ရှိလေ သနည်း ဟု မေးမြန်း၏။ ပုရောဟိတ်က နောက်သုံးနှစ် လွန်မြောက်လျှင် ဆာလောင်မွတ်သိပ်ခြင်းဘေး (ဒုဗ္ဘိက္ခန္တရကပ်) ဖြစ်လိမ့်မည်ဟု ဆို၏။

ထိုစကားကိုကြားလျှင် သူဌေးကြီးသည် လယ်ထွန်ခြင်းအလုပ်ကို တိုးချဲ့လုပ်စေကာ စပါးကျီပေါင်း (၁၂၅၀)တို့ကို ဆောက်လုပ်စေပြီး ကျီအားလုံးကို စပါးတို့ဖြင့် ပြည့်စေ၏။ စပါးကျီ၌ သိုလှောင်၍ ပိုလျှံသောစပါးများကို အိုးစရည်းများ အပြည့်ထည့်သွင်း၍ ထိုမှ ပိုလျှံသော စပါးတို့ကို မြေ၌ တွင်းတူးကာ မြှုပ်သိမ်းစေပြီး ထိုမှ ပိုလျှံသောစပါးတို့ကို မြေညက်နှင့် ရောနယ်၍ အိမ်နံရံတို့ကို လိမ်းကျံစေလေ၏။

သူဌေးကြီးသည် နောက်တချိန် ပုရောဟိတ်ဆရာကြီး ပြောသည့်အခါ၌ ဆာလောင်မွတ်သိပ်ခြင်းဘေး ဆိုက်ရောက်လတ်သော် သိုလှောင်ထားသော စပါးတို့ကို ထုပ်ယူသုံးဆောင်စားသောက်လျက် စပါးကျီ၊ အိုးစရည်းတို့၌ စပါးကုန်လတ်သော် ကျေးကျွန် အခြံအရံတို့ကို ခေါ်စေပြီး တောင်ခြေရင်းသို့ဝင်၍ အသက်မွေးကြကုန်လော့ဟု ဆိုလေ၏။ ထိုအခါ ကျေးကျွန်တို့ ငိုကြွေးလျက် တောင်းပန်ကြသောကြောင့် ခုနစ်ရက် နေစေပြီး ထိုသူဌေးဆိုတိုင်း ပြုကြကုန်၏။

သူဌေးကြီးနှင့်အတူ သူဌေးကတော်၊ သူဌေးသား၊ ချွေးမ၊ ပုဏ္ဏကျွန် အိမ်သား ၅-ယောက်သာ ရှိကြလေကုန်၏။ ထိုမိသားစုတို့သည် မြေ၌ မြှုပ်ထားသောစပါးများ ကုန်ပြန်သော် နံရံတို့၌လိမ်းကျံထားသည့် မြေညက်နှင့် ရောသော စပါးတို့ကို ရေစိမ်လျက် ထိုမှရသော စပါးဖြင့် မျှတကြကုန်၏။ ထိုစပါးများကုန်လတ်သော် နံရံခြေတို့၌ ကျန်နေသော မြေညက်နှင့် ရောသော စပါးများကို ခွာယူ၊ ရေစိမ်၍ တခွက်မျှလောက်သော ကောက်စပါးကို ရရှိကာ ဆန်ဖွပ်လေလျှင် ဆန်တစလယ်ရရှိ၍ ခိုးသူဘေးမှ ကြောက်သောကြောင့် အိုးငယ်၌ ထည့်၍ မြေ၌ မြှုပ်ထားလေ၏။

ထို့နောက် သူဌေးကြီးသည် မင်းခစားရာမှ ပြန်လာ၍ "ရှင်မ… ငါ အလွန်ဆာလောင်လှ၏၊ စားစရာ တစုံတရာ ရှိသလော"ဟု မေးလျှင် "အရှင်… ဆန်တစလယ်တော့ ရှိပါ၏။ ထိုဆန်ကို ယာဂုကျိုလျှင် နှစ်ထပ်စာ ရနိုင်ပါသည်။ အကယ်၍ ထမင်းချက်လျှင် တစ်ထပ်စာသာ ရနိုင်ပါသည်"ဟု ဆို၏။ သူဌေးကြီးက "ရှင်မ… ငါတို့သည် ထမင်းကိုသာ ဝစွာစား၍ သေကြကုန်စို့၊ ထမင်းကိုသာ ချက်လော့"ဟု ဆို၏။

သူဌေးကတော်ကြီးသည် ထမင်းချက်ပြီးလျှင် ငါးပုံငါးစုပြု၍ သူဌေးကြီးအတွက်တစ်ပုံ ခူးထည့်ပြီး သူဌေးကြီး၏ရှေ့၌ အသင့်ချထားလေ၏။ ထိုခဏ၌ ဂန္ဓမာဒနတောင်မှ ပစ္စေကဗုဒ္ဓါတစ်ဆူသည် ခုနစ်ရက်ပတ်လုံး နိရောဓသမာပတ်ဝင်စားရာမှ ထတော်မူပြီး ဘယ်သူ့အား ချီးမြှောက်ရပါမည်နည်းဟု ကြည့်ရှုဆင်ခြင်လတ်သော် သဒ္ဓါတရားရှိကြသော သူဌေးကြီးမိသားစုကို မြင်တော်မူပြီး သပိတ်သင်္ကန်းကိုယူ၍ သူဌေးကြီး၏ ရှေ့၌ တံခါးဝဝယ် ရပ်တော်မူလျက် ကိုယ်တော်ကို ထင်ရှားပြတော်မူလေ၏။

## သူဌေးကြီးမိသားစု ဆုတောင်းကြခြင်း

သူဌေးကြီးသည် ရှင်ပစ္စေကဗုဒ္ဓါကို မြင်ရလျှင် ကြည်လင်နှစ်သက်သောစိတ်ရှိ၍ ငါသည် ရှေးအခါ၌ အလှူဒါနကို မလှူလေသောကြောင့် ငတ်မွတ်သောဘေးကို တွေ့မြင်ရ၏။ စင်စစ် ဤထမင်းသည် ငါ့ကို တစ်ရက်မျှသာ စောင့်ရှောက်နိုင်လေရာ၏။ အရှင်မြတ်အား လှူဒါန်းပါမူကား ကမ္ဘာကုဋေပေါင်းများစွာတို့၌ စီးပွားချမ်းသာဖြစ်လိမ့်မည်ဟု ကြံစည်၍ အရှင်မြတ်ကို ရိုသေစွာရှိခိုး၍ ထမင်းခွက်ကို အရှင်မြတ်၏သပိတ်၌ လောင်းလှူလေ၏။ ကျန်မိသားစုဝင်များလည်း အသီးသီး လောင်းလှူပူဇော်ကြပြီး ဆုတောင်းပတ္ထနာပြုကြလေ၏။

သူဌေးကြီးက "အရှင်ဘုရား… တပည့်တော်သည် ဖြစ်လေရာရာ သံသရာဘဝ ဘုံဌာနဝယ် ဤကဲ့သို့သော ဆာလောင်မွတ်သိပ်ခြင်းဘေးကို မတွေ့မမြင်ရသည့်ကိုယ် ဖြစ်ရပါလို၏၊ ဤနေ့မှစ၍ ဇမ္ဗူဒိပ်ကျွန်း၌နေသူလူအားလုံးတို့အား မျိုးရိက္ခာထမင်းကို ပေးစွမ်းနိုင်သည့်ကိုယ် ဖြစ်ရပါလို၏၊ မိမိလက်ဖြင့် အလုပ်လုပ်၍ အသက်မွေးမှုကို မပြုရပါလို၊ စပါးကျီပေါင်း (၁၂၅၀)တို့ကို သုတ်သင်ရှင်းလင်းစေပြီးလျှင် ဦးခေါင်းဆေးလျှော်၍ ထိုစပါးကျီတို့၏ တံခါးဝ၌ ထိုင်နေလျက် အထက်ကောင်းကင်သို့ မော်၍ ကြည့်လိုက်သောခဏ၌ပင် သလေးနီစပါးမိုးအယဉ်တို့သည် ဖြိုးဖြိုးကျလာကာ တပည့်တော်၏ ကျီအားလုံးတို့ကို ပြည့်ပါစေကုန်သတည်း။ ဖြစ်လေရာရာ သံသရာ

ဘဝဘုံ၌သာနေ၍ ဒီမယား၊ ဒီသား၊ ဒီချွေးမ၊ ဒီကျွန်တို့နှင့်သာ အတူတကွဖြစ်ရ ပါလို၏''ဟု ဆုတောင်းပတ္ထနာ ပြုလေ၏။

သူဌေးကတော်ကလည်း ''ဖြစ်လေရာ ဘဝတိုင်းမှာ အငတ်ဘေးကို မတွေ့ရပါစေ၊ ထမင်းအိုးကို ရှေ့မှာထားပြီး ဇမ္ဗူဒိပ်ကျွန်းသူ ကျွန်းသားအားလုံးတို့အား ထမင်းပေးကမ်းနေလျှင် နေရာမှ မထမချင်း ထမင်းအိုးမှာ ပြည့်မြဲပြည့်နေရပါလို၏ဟု ဆုတောင်းပြီး နောက်ဆုံး၌ ဒီလင်၊ ဒီသား၊ ဒီချွေးမ၊ ဒီကျွန်တို့နှင့် အတူတကွ ဖြစ်ရပါလို၏''ဟု ဆုတောင်းပတ္ထနာ ပြုလေ၏။

သားဖြစ်သူကလည်း ''ယခုကာလမှစ၍ ဤကဲ့သို့သော အငတ်ဘေးကို မတွေ့ရပါစေ၊ ငွေတစ်ထောင်ထုပ်ကိုကိုင်ပြီး ဇမ္ဗူဒိပ်ကျွန်းသူ ကျွန်းသားတို့အား ပေးလှူသော်လည်း ငွေထုပ်သည် ပြည့်မြဲပင် ပြည့်နေပါစေ၊ ဒီအမိ၊ ဒီအဘ၊ ဒီမယား၊ ဒီကျွန်သည်ပင်လျှင် အတူတကွဖြစ်ရ ပါလို၏'' ဟု ဆုတောင်းပတ္ထနာ ပြုလေ၏။

ချွေးမဖြစ်သူကလည်း ''ယခုကာလမှစ၍ ဤကဲ့သို့သော အငတ်ဘေးကို မတွေ့ရပါစေ၊ စပါးတစ်တောင်းကို ရှေ့မှာထားပြီး ဇမ္ဗူဒိပ် ကျွန်းသူ ကျွန်းသား အားလုံးတို့အား မျိုးစပါး ပေးကမ်းသော်လည်း မကုန်ဘဲ ပြည့်မြဲပြည့်နေပါစေ၊ ဘဝတိုင်း၌ ဒီယောက္ခမများ၊ ဒီလင်၊ ဒီကျွန်သည်ပင်လျှင် အတူတကွဖြစ်ရပါလို၏''ဟု ဆုတောင်းပတ္ထနာ ပြုလေ၏။

နောက်ဆုံး ကျွန် မောင်ပုဏ္ဏကလည်း ''ယခုကာလမှစ၍ ဤကဲ့သို့သော အငတ်ဘေးကို မတွေ့ရပါစေ၊ ယခုလက်ရှိ အရှင်သခင်များ အားလုံးပင် နောင်ဘဝများတွင် အရှင်သခင်များ ဖြစ်ရပါစေ၊ တပည့်တော်သည် တစ်ကြိမ်ထွန်လိုက်လျှင်ပင် ဝဲဘက်မှ ထွန်ရေးသုံးကြောင်း၊ ယာဘက်မှ ထွန်ရေးသုံးကြောင်း၊ အလယ်မှ ထွန်ရေးတစ်ကြောင်း ဤသို့အားဖြင့် လေးတင်းမျိုးကြဲနိုင်လောက်သည့် ထွန်ရေး ခုနစ်ကြောင်း ခုနစ်ကြောင်းတို့ ခရီးရောက်ကြပါစေသတည်း''ဟု ဆုတောင်းပတ္ထနာ ပြုလေ၏။ *(ဓမ္မ၊ ၄၊ ၂။ ၂၇၂။)*

ရှင်ပစ္စေကဗုဒ္ဓါအရှင်မြတ်သည် ထိုသူအားလုံး၏ စကားဆုံးသော

အခါ၌ "**ဇဝံ ဟောတု** = သင်တို့ ဆုတောင်းသည့်အတိုင်း ဖြစ်ပါစေသတည်း" ဟု မိန့်တော်မူပြီးလျှင်-

- "ဣစ္ဆိတံ ပတ္ထိတံ တုယှံ၊ ခိပ္ပမေဝ သမိဇ္ဈတု။
  သဗ္ဗေ ပူရေန္တု သင်္ကပ္ပါ၊ စန္ဒော ပန္နရသော ယထာ။"
- "ဣစ္ဆိတံ ပတ္ထိတံ တုယှံ၊ ခိပ္ပမေဝ သမိဇ္ဈတု။
  သဗ္ဗေ ပူရေန္တု သင်္ကပ္ပါ၊ မဏိဇောတိရသော ယထာ။"

[-သင်တို့ အလိုရှိအပ် တောင့်တအပ်သော အရာမှန်သမျှ လျင်စွာ ပြည့်ပါစေ၊ အကြံအစည် အားလုံးတို့သည် ၁၅-ရက် လပြည့်ဝန်းကဲ့သို့ ပြည့်ပါစေ။

-သင်တို့ အလိုရှိအပ် တောင့်တအပ်သော အရာမှန်သမျှ လျင်စွာ ပြည့်ပါစေ၊ အကြံအစည် အားလုံးတို့သည် အလိုရှိသမျှ အရာအားလုံးကို ပေးစွမ်းနိုင်သော ဇောတိရသ်ပတ္တမြားကဲ့သို့ ပြည့်ပါစေ။]

ဤပဉ္စကဗုဒ္ဓါတို့ ဆုပေးသောဂါထာတို့ဖြင့် အနုမောဒနာပြုပြီးလျှင် "ငါသည် ဤသူတို့၏ စိတ်ကို တိုးတက်ကြည်ညိုစေမှ သင့်တော့မည်"ဟု ကြံစည်ဆင်ခြင်တော်မူ၍ "ဂန္ဓမာဒနတောင်သို့တိုင်အောင် ဤသူများ ငါ့ကို မြင်ကြစေကုန်သတည်း"ဟု အဓိဋ္ဌာန်တော်မူ၍ ကြွသွားလေ၏။ ထိုသူဌေး ကြီး အိမ်သား ၅-ဦးတို့သည်လည်း ကြည့်လျက်သာ ရပ်တည်နေကြကုန်၏။ အရှင်မြတ်သည် ဂန္ဓမာဒနတောင်သို့ရောက်လေလျှင် ဆွမ်းကို အဖော် ပဉ္စက ဗုဒ္ဓါအရှင်မြတ် ငါးရာတို့နှင့် အတူတကွ ခွဲဝေသုံးဆောင်တော်မူလေ၏။ ထိုဆွမ်းသည် အရှင်မြတ်အားလုံး လောက်လောက်ငငရှိလေ၏။

**[သူမြတ်တစ်ယောက်၊ အိမ်သို့ရောက်က၊ မြားမြောက်ပြောထူ၊ အိမ်နေလူတို့၊ နိဗ္ဗူဖူနန်းခွင်၊ အသော့ဝင်ဖို့၊ မဂ္ဂင်ရှစ်ဆင့်၊ တံခါးပွင့်၏။]**

## **နေ့ချင်းပင် ကောင်းကျိုးပေးခြင်း**

နေမွန်းတည့်ချိန် လွန်သောအခါ သူဌေးကတော်ကြီးသည် ထမင်း အိုးကို ဆေးကြောပိတ်ဖုံး၍ ထားလိုက်၏။ သူဌေးကြီးသည် ဆာလောင်

မွတ်သိပ်ခြင်းကြောင့် အိပ်ပျော်သွား၏။ ညနေချမ်းအချိန် နိုးလတ်၍ သူဌေး ကတော်ကြီးကို "ရှင်မ··· ငါ အလွန်ဆာလောင်လှ၏။ ထမင်းအိုး၌ ထမင်း ချိုး၊ ထမင်းလုံး အကပ်အသပ်ကလေးများ ရှိသေးသလား ကြည့်ပါဦးဟု ပြောဆို၏။ သူဌေးကတော်ကြီးသည် "မရှိပါ" ဟု မပြောဆိုဘဲ "ထမင်း အိုးကို ဖွင့်ကြည့်ပြီးမှ ငါပြောတော့မည်"ဟု ကြံစည်ကာ ထ၍ ထမင်းအိုး အနီးသို့သွားပြီးလျှင် ထမင်းအိုးကို ဖွင့်ကြည့်၏။

ထိုခဏ၌ပင် မြတ်လေးပန်းဖူးနှင့် တူသော အဆင်းရှိသည့် ထမင်း များ အိုးထဲ၌ပြည့်လျက် ထမင်းအိုးအထက် စလောင်းဖုံးသည် ကြွလျက် တည်လေ၏။ သူဌေးကတော်ကြီးသည် ထိုအခြင်းအရာကို မြင်လျှင် တကိုယ်လုံး ပီတိဖုံးလျက် သူဌေးကြီးကို "အရှင်··· ထပါလော့၊ ကျွန်တော်မသည် ထမင်းအိုးကို ပြောင်စင်အောင် ဆေးပြီးမှ အုပ်၍ထားခဲ့သည်။ ယခု ထမင်းဖြင့် ပြည့်နေပါပြီ။ ကုသိုလ်ကောင်းမှုတို့သည် ပြုသင့် ပြုထိုက်လှပါပေ၏။ အရှင်··· ထလော့၊ ချမ်းသာစွာ စားသုံးပါလော့"ဟု ပြောဆိုလေ၏။

သူဌေးကတော်ကြီးသည် သားအဖနှစ်ယောက်ကို ရှေးဦးစွာ ကျွေးပြီး မိမိနှင့်ချွေးမ အတူထိုင်လျက်စားကာ ကျွန်ပုဏ္ဏအားလည်း ထမင်းကို ပေး၏။ ခူး၍ယူရာအရပ်သည် မကုန်နိုင်ဘဲ ပြည့်မြဲတိုင်း ပြည့်နေ၏။ ထိုနေ့၌ပင် စပါးကျီ စသည်တို့၌ ရှေးကကဲ့သို့ ပြည့်ကြလေကုန်၏။ မျိုးရိက္ခာထမင်းကို ရယူလိုသူတို့သည် လာရောက်၍ အလိုရှိတိုင်း ယူကြကုန်လော့" ဟု မြို့ အတွင်း၌ လှည့်လည်ကြွေးကြော်စေ၏။ ဇမ္ဗူဒိပ်ကျွန်း၌နေသူတို့သည် ထို သူဌေးကြီးကို အမှီပြု၍ အသက်ရှင်မှုကို ရကြလေကုန်၏။

## နောက်ဆုံးဘဝ မေဏ္ဍကသူဌေးဖြစ်ခြင်း

ထိုဗာရာဏသီသူဌေးကြီးသည် ထိုဘဝမှ စုတေလတ်သော် နတ်ပြည် ၌ဖြစ်၍ နတ်ပြည်, လူ့ပြည်တို့ဝယ် ကျင်လည်ကျက်စားလျက် ဤဘုရားရှင် ပွင့်တော်မူသောအခါ ဘဒ္ဒိယမြို့ဝယ် သူဌေးမျိုး၌ ဖြစ်လာလေသည်။ သူဌေး ကတော်ကြီးသည်လည်း များသောစည်းစိမ်ဥစ္စာရှိသောအမျိုး၌ ဖြစ်၍ အရွယ် ရောက်သော် ထိုသူဌေး၏ သူဌေးကတော်ကြီးပင် ဖြစ်လာလေ၏။ ထိုသူဌေး

ကြီးဇနီးမောင်နှံတို့၏ ရှေးဘဝက သားသည်ပင် ယခုဘဝ၌လည်း သားဖြစ်၍ လာလေ၏။ (ထိုသားမှာ ဝိသာခါကျောင်းအမကြီး၏ ဖခင် ဓနဥ္စယသူဌေး ဖြစ်သည်။) ရှေးဘဝက ချွေးမသည်ပင် ယခုဘဝ ချွေးမ၊ ရှေးဘဝက ကျွန် သည်ပင် ယခုဘဝ ကျွန်ဖြစ်လာကြ၏။ မေဏ္ဍကသူဌေးကြီး၏ ဇနီးကား စန္ဒပဒုမာ၊ ချွေးမဖြစ်သူမှာ သုမနဒေဝီ၊ ကျွန်ကား ပုဏ္ဏအမည် ရှိကြလေ၏။ ထိုသူဌေးကြီး၏ ရှေးကောင်းမှုကံဖြင့် အထက်၌ ဖော်ပြခဲ့ပြီးသည့်အတိုင်း အိမ်နောက်၌ ဆိတ်ရုပ် စသည်တို့ ပေါ်ပေါက်လာကြကုန်၏။

အထူးအားဖြင့် မေဏ္ဍကသူဌေးကြီးသည် မြတ်စွာဘုရားအထံတော် တရားနာရ၍ သောတာပန် ဖြစ်လေ၏။

## ဘုန်းကံကြီးမားသူ (၅)ဦးတို့၏ အာနုဘော်

### (၁) မေဏ္ဍကသူဌေးကြီး၏ အာနုဘော်

တနေ့သ၌ မေဏ္ဍကသူဌေးကြီးသည် မိမိ၏ ဘုန်းအာနုဘော်ကို စုံစမ်းလိုသည် ဖြစ်၍ စပါးကျီ (၁၂၅၀) တို့ကို ရှင်းလင်းစေပြီး ဦးခေါင်း ဆေးလျှော်ပြီးနောက် တံခါးဝ၌ ထိုင်နေလျက် ကောင်းကင်ကို မော်၍ ကြည့်လိုက်လေ၏။ ထိုခဏဝယ် သလေးနီစပါးမိုးကြီး တအုန်းအုန်း ရွာချ၍ စပါးကျီ အားလုံး ပြည့်လျက်သား ဖြစ်ကြလေ၏။ သူဌေးကြီးက ကျန်သည့် အိမ်ရှိလူများ၏ ဘုန်းအာနုဘော်ကိုလည်း စုံစမ်းကြရန် တိုက်တွန်းစကား ပြောကြားလေ၏။

### (၂) စန္ဒပဒုမာ သူဌေးကတော်ကြီး၏ အာနုဘော်

ထိုအခါ စန္ဒပဒုမာ သူဌေးကတော်ကြီးသည် အဆင်တန်ဆာစုံ ဝတ်ဆင်ပြီးလျှင် လူများ ကြည့်ရှုနေစဉ်ပင် ဆန်တပြည်ခန့် ခြင်စေ၍ ထမင်း ချက်စေပြီးနောက် တံခါးမုခ်ဝယ် ခင်းထားအပ်သောနေရာ၌ ထိုင်နေကာ ရွှေယောက်မကိုကိုင်လျက် "ထမင်းဖြင့် အလိုရှိသောသူတို့သည် လာရောက် ကြကုန်"ဟု ကြွေးကြော်စေ၍ လာတိုင်း လာတိုင်းကုန်သော သူတို့ကို ခွက် အပြည့်ထည့်၍ ပေးလှူလေသည်။ တနေ့လုံး ပေးလှူသော်လည်း ယောက်မ

ဖြင့် ခပ်ယူသောနေရာသာ ထင်၍ ကျန်သည့်ထမင်းအိုး အရာမယွင်းပဲ ရှိလေသည်။

**စန္ဒပဒုမာ အမည်ရခြင်းအကြောင်း**

ထိုသူဌေးကတော်ကြီးသည် ရှေးဘုရားရှင်တို့၏ လက်ထက်တော်၌ ရဟန်းသံဃာအား ဘယ်ဘက်လက်ဖြင့် ဆွမ်းအိုး၊ ဆွမ်းဇလုံကို မချီလျက် ညာဘက်လက်ဖြင့် ယောက်ချို, ယောက်မ, ဇွန်းကို ကိုင်ကာ သပိတ်အပြည့် ဆွမ်းလှူခဲ့ဖူးသောကြောင့် ဘယ်ဘက်လက်ဖဝါးအပြည့် ပဒုမာကြာပန်း လက္ခဏာအရေးအသား ထင်ရှားဖြစ်ပေါ်၍ ညာဘက်လက်ဖဝါးအပြည့် လဝန်းလက္ခဏာအရေးအသား ထင်ရှား ဖြစ်ပေါ်လာလေသည်။ ထို့ပြင်လည်း သူဌေးကတော်ကြီးသည် ရှေးဘုရားရှင်များလက်ထက် ရဟန်းသံဃာအား ဘယ်ဘက်လက်ဖြင့် ရေစစ်ကိုယူကာ သောက်ရေကို စစ်၍ လှူဒါန်းလျက် ထိုမှ ဤမှ သံဃာရှိရာသို့ မမောနိုင် မပန်းနိုင် လှည့်လည်သွားလာခဲ့လေသည်။ ထို့ကြောင့် သူဌေးကတော်ကြီး၏ ညာဘက်ခြေဖဝါးအပြည့် လဝန်းလက္ခဏာ အရေးအသား ထင်ရှားဖြစ်ပေါ်၍ ဘယ်ဘက်ခြေဖဝါးအပြည့် ပဒုမာကြာပန်း လက္ခဏာအရေးအသား ထင်ရှားဖြစ်ပေါ်လာလေသည်။ ထိုအကြောင်းများကြောင့် သူဌေးကတော်ကြီး၏အမည်ကို မိဘဆွေမျိုးတို့က "စန္ဒပဒုမာ" ဟူ၍ မှည့်ခေါ်ကြလေသည်။

## (၃) သားဖြစ်သူ မေဏ္ဍယသူဌေး၏ အာနုဘော်

မေဏ္ဍကသူဌေးကြီး၏ သား မေဏ္ဍယသူဌေးသည်လည်း ဦးခေါင်းဆေးလျှော်ပြီးလျှင် အသပြာထောင်အိတ်ကို ယူ၍ "အသပြာ အလိုရှိသူတို့ လာရောက်ကြကုန်" ဟု ဆို၍ လာတိုင်း လာတိုင်းသော သူတို့အား ခွက်အပြည့် အသပြာတို့ကို ထည့်၍ပေးလေသည်။ ထိုသို့ ပေးသော်လည်း အသပြာအိတ်သည် လျော့မသွားဘဲ ပြည့်မြဲပြည့်နေလေသည်။

### (၄) ချွေးမဖြစ်သူ သုမနဒေဝီသူဌေးကတော်၏ အာနုဘော်

မေဏ္ဍကသူဌေးကြီး၏ ချွေးမဖြစ်သူ သုမနဒေဝီ သူဌေးကတော်သည်လည်း အဆင်တန်ဆာစုံ ဝတ်ဆင်ပြီးလျှင် ကောက်စပါးတောင်းကို ယူ၍ ဟင်းလင်းအပြင်၌ ထိုင်နေလျက် "မျိုးရိက္ခာထမင်းတို့ဖြင့် အလိုရှိသူတို့ လာရောက်ကြကုန်"ဟု ဆို၍ လာတိုင်း လာတိုင်းသော သူတို့အား ခွက်အပြည့်ထည့်၍ ပေးလေသည်။ ထိုသို့ပေးသော်လည်း ကောက်စပါး ထည့်သောတောင်းသည် ပြည့်မြဲတိုင်းသာလျှင် ပြည့်၍နေ၏။

### (၅) ကျွန်ယုံတော် မောင်ပုဏ္ဏ၏ အာနုဘော်

မေဏ္ဍကသူဌေးကြီး၏ ကျွန်ယုံတော် မောင်ပုဏ္ဏသည်လည်း ကျွန်တို့ဆိုင်ရာ အဆင်တန်ဆာစုံ ဝတ်ဆင်ပြီးလျှင် ရွှေထမ်းပိုးတို့၌ ရွှေချည်ကြိုးတို့ဖြင့် နွားတို့ကို ယှဉ်က၍ ရွှေနှင်တံကို စွဲကိုင်လျက် နွားတရှဉ်းတို့အား နံ့သာလက်ငါးချောင်းရာများပေးပြီး နွားဦးချိုတို့၌ ရွှေအစွပ်တို့ကို စွပ်လျက် လယ်တောသို့သွားရောက်ကာ မောင်းနှင်ထွန်၍ ပြလေသည်။ ထိုအခါ အံ့သြဖွယ်ရာ လက်ဝဲဘက်မှ ထွန်းရေးသုံးကြောင်း၊ လက်ျာဘက်မှ ထွန်ရေးသုံးကြောင်း၊ အလယ်ဗဟိုမှ ထွန်းရေးတကြောင်းအားဖြင့် ထွန်းရေးခုနစ်ကြောင်းတို့ ခွဲထွက်၍သွားကြလေသည်။

ဇမ္ဗူဒိပ်ကျွန်းအပြင်၌ နေကြသော သူတို့သည် ထမင်း၊ မျိုးရိက္ခာ၊ ငွေ၊ ရွှေ စသည်တို့တွင် မိမိတို့ အလိုရှိရာကို မေဏ္ဍက သူဌေးကြီးအိမ်မှသာလျှင် ယူငင်ကြရလေသည်။

*(ဓမ္မ၊ ၄၊ ၂။ ၂၃၂။ ပဋီသံ၊ ၄၊ ၂။ ၂၉၅။ ဝိ၊ ၃။ ၃၃၇။)*

## ၄။ ပုဏ္ဏသူဌေးကြီး

မြတ်စွာဘုရား ပွင့်ထွန်းတော်မူရာကာလဝယ် ရာဇဂြိုဟ်ပြည်၌ သုမနသူဌေးကိုမှီ၍ နေရသည့် ပုဏ္ဏအမည်ရှိ အလုပ်သမားနှင့် ဇနီးဖြစ်သူ ဥတ္တရာ၊ သမီးလေး (မိခင်နှင့်အမည်တူ) ဥတ္တရာတို့ နေထိုင်ကြ၏။ တစ်နေ့သ၌

ခုနစ်ရက်ပတ်လုံး နက္ခတ်သဘင် ကစားရမည်ဟု ရာဇဗြိုဟ်ပြည်၌ ကြွေးကြော် ကြကုန်၏။ ထိုစကားကိုကြားလျှင် သုမနသူဌေးသည် နံနက်စောစော ရောက် လာသော ပုဏ္ဏကို "အမောင်… အလုပ်သမား အားလုံး နက္ခတ်သဘင် ကစားလိုကြ၏။ အမောင်သည်လည်း နက္ခတ်ကစားမည်လော၊ အခစားအမှု ကို ပြုမည်လော"ဟု ဆို၏။

ထိုအခါ မောင်ပုဏ္ဏသည် "အရှင်… နက္ခတ်သဘင် ပျော်ရွှင် ကစားခြင်းသည် ဥစ္စာရှိသူတို့အတွက်ဖြစ်၏။ ကျွန်တော့်အိမ်မှာ နက်ဖြန် ယာဂုကျိုစရာ ဆန်မျှလည်း မရှိပါ။ ကျွန်တော်အား ကစားခြင်းဖြင့် အဘယ် အကျိုးရှိအံ့နည်း။ နွားတို့ကိုရသော် လယ်ထွန်သွားပါမည်"ဟု ဆို၏။ သူဌေး က ထိုသို့ဖြစ်လျှင် နွားတို့ကိုယူ၍ လယ်ထွန်ခြင်းအမှုကို ပြုလော့ဟု ဆို၏။ မောင်ပုဏ္ဏသည် အားရှိသော နွားတို့နှင့် ထွန်ကိုယူခဲ့ပြီး ဇနီးသည်အား "နှမ… မြို့သူမြို့သားတို့ နက္ခတ်သဘင်ကစားကြကုန်၏။ ငါကား ဆင်းရဲ ခြင်းကြောင့် အခစားအမှု ပြုလုပ်ခြင်းငှာ သွားအံ့၊ ငါ့အတွက် ထမင်းကို ဆောင်ခဲ့လော့"ဟု မှာထား၍ လယ်တောသို့ သွားလေ၏။

## ရှင်သာရိပုတ္တရာအား ရေဒန်ပူလှူခြင်း

ရှင်သာရိပုတ္တရာမထေရ်သည် ခုနစ်ရက်ပတ်လုံး နိရောဓသမာပတ် ကို ဝင်စားတော်မူ၍ ထိုနေ့၌ နိရောဓသမာပတ်မှ ထပြီးလျှင် ငါသည် ယနေ့ အဘယ်သူ့အား ချီးမြှောက်ရပါမည်နည်းဟု ကြည့်ရှုဆင်ခြင်လတ်သော် မိမိဉာဏ်၌ မောင်ပုဏ္ဏကို မြင်တော်မူလျှင် သူသည် သဒ္ဓါတရားရှိသလော၊ ငါ့အား ချီးမြှောက်ခြင်းကို ပြုခြင်းငှာတတ်နိုင်သလောဟု ကြည့်ရှုပြန်သော် အားလုံးပြည့်စုံမှန်းသိ၍ သပိတ်သင်္ကန်းကို ယူတော်မူလျက် မောင်ပုဏ္ဏ၏ လယ်ထွန်ရာအရပ်သို့ သွားပြီးလျှင် ရေတွင်း၏ကမ်းပါး၌ ချုံတစ်ခုကို ကြည့်ရှု ကာ ရပ်တော်မူ၏။

မောင်ပုဏ္ဏသည် မထေရ်မြတ်ကို ဖူးမြင်ရလျှင် လယ်ထွန်ခြင်းကို ရပ်ထား၍ ရှိခိုးပြီးလျှင် ဒန်ပူဖြင့် အလိုရှိသည်ဖြစ်လတ္တံ့ဟု နှလုံးပြု၍ ဒန်ပူ

ကို ဖြတ်တောက်ပြီး ပေးလှူလေ၏။ ထိုအခါ မောင်ပုဏ္ဏအား မထေရ်မြတ်သည် သပိတ်နှင့် ရေစစ်ကို ပေးလေ၏။ မောင်ပုဏ္ဏသည် သပိတ်နှင့် ရေစစ်ကိုယူပြီးလျှင် သောက်ရေကို လှူဒါန်းဆက်ကပ်လေ၏။

ရှင်သာရိပုတ္တရာမှာ ဤမောင်ပုဏ္ဏသည် သူတစ်ပါးတို့၏ အိမ်နောက်၌ နေရရှာ၏။ ထိုအိမ်တံခါးသို့ ငါသွားလျှင် ထိုသူ၏မယား ငါ့ကို ဖူးမြင်ခွင့်ရမည်မဟုတ်၊ ပုဏ္ဏအလို့ငှာ ထမင်းကိုယူ၍ ခရီးလမ်းမ ရောက်မှသာလျှင် ဖူးမြင်ခွင့်ရလိမ့်မည်၊ ဤအရပ်၌သာ ဆိုင်းငံ့၍နေဦးအံ့ဟု ကြံစည်တော်မူလေ၏။

**မောင်ပုဏ္ဏ၏ မယား ဆွမ်းလှူခြင်း**

ရှင်သာရိပုတ္တရာသည် ထိုလယ်ထွန်ရာအရပ်၌သာလျှင် အတန်ငယ်နေပြီးသော် သူဆင်းရဲမ ခရီးလမ်းမသို့ တက်လာသည်ကို သိတော်မူ၍ မြို့တွင်းသို့ ရှေးရှု ကြွသွားတော်မူလေ၏။ သူဆင်းရဲမသည် ခရီးလမ်းမအလယ်၌ ရှင်သာရိပုတ္တရာမထေရ်ကို မြင်ရလျှင် "ငါသည် တစ်ခါတစ်ရံ လှူဖွယ်ရှိလျက် အရှင်မြတ်ကို မဖူးမြင်ရ၊ တစ်ခါတစ်ရံ အရှင်မြတ်ကို ဖူးမြင်ရပါသော်လည်း လှူဖွယ်က မရှိ။ ယနေ့မူကား ငါသည် အရှင်မြတ်ကိုလည်း ဖူးမြင်ရ၏။ လှူဖွယ်လည်း ရှိခဲ့၏။ ငါ့အား ချီးမြှောက်ခြင်း ပြုလိမ့်မည်လော"ဟု ကြံစည်မိလေ၏။ ထို့နောက် ထိုသူဆင်းရဲမသည် ထမင်းခွက်ကို ချ၍ မထေရ်မြတ်ကို ရှိခိုးပြီးလျှင် "အရှင်ဘုရား… တပည့်မ၏ဆွမ်းကို ညံ့ဖျင်း၏၊ မွန်မြတ်၏ဟု ကြံစည်တော်မမူပါဘဲ အရှင်ဘုရားတို့၏ ကျေးကျွန်တပည့်မအား ချီးမြှောက်ထောက်ပံ့ခြင်းအမှုကို ပြုတော်မူကြပါဘုရား"ဟု လျှောက်ကြားလေ၏။ မထေရ်မြတ်သည် သပိတ်ကို ညွတ်တော်မူလျှင် သူဆင်းရဲမသည် ထမင်းခွက်ထဲမှ ထမင်းကို လောင်းလှူလေ၏။ တဝက်လှူပြီးသောအခါ မထေရ်သည် သပိတ်ကို ပိတ်တော်မူ၏။

ထိုသူဆင်းရဲမသည် "အရှင်ဘုရား… ဤဆွမ်းသည် တစ်ယောက်စာအတွက်သာဖြစ်၍ အရှင်ဘုရားတို့၏ ကျေးကျွန်အား ဤပစ္စုပ္ပန်လောက

အတွက် ချီးမြှောက်ခြင်းကို ပြုတော်မမူဘဲ တမလွန်လောကအတွက် ချီးမြှောက်ခြင်းကို ပြုတော်မူပါဘုရား''ဟု လျှောက်ကြားပြီး အလုံးစုံသော ထမင်းကို လောင်းလှူလိုက်လေ၏။ ထို့နောက် သူဆင်းရဲမသည် ''အရှင်ဘုရားတို့ သိမြင်အပ်သော တရားထူးတရားမြတ် တပည့်တော်တို့ ရရှိရပါလို၏ ''ဟု ဆုတောင်းလေ၏။ ရှင်သာရိပုတ္တရာမထေရ်သည် ''သင်၏ အလိုဆန္ဒ ပြည့်ဝပါစေ''ဟု ထို အမျိုးသမီးအား ဝမ်းမြောက်ဖွယ်ရာ အနုမောဒနာစကား မိန့်ကြားတော်မူပြီး ရေရလွယ်၍ ချမ်းသာရာအရပ်တစ်ခု၌ နေထိုင်ကာ ဆွမ်းဘုဉ်းပေးခြင်းကိစ္စကို ပြုတော်မူလေ၏။

## မောင်ပုဏ္ဏ၏မယား ကုသိုလ်ပွားအောင် ပြောပြခြင်း

မောင်ပုဏ္ဏ၏မယားသည် အိမ်သို့ ပြန်လာ၍ ဆန်တို့ကို ရှာပြီးလျှင် ထမင်းကို ချက်ရပြန်လေ၏။ မောင်ပုဏ္ဏသည်လည်း လယ်ထွန်ရင်း ထမင်းဆာလွန်း၍ လယ်ထွန်ရပ်ကာ သစ်ပင်ရင်း၌နေလျက် မယားအလာကို မျှော်နေလေ၏။ မယားသည် ထမင်းကိုယူ၍ သွားသည်ရှိသော် ထမင်းပို့ နောက်ကျ၍ လင်တော်မောင် ဆူပူမည်ကို စိုးရိမ်နေမိ၏။ ထို့နောက် မောင်ပုဏ္ဏအနားသို့ ရောက်လျှင် ''အရှင် ယနေ့ စိတ်ကို ကြည်ဖြူစေပါလော့၊ ကျွန်မပြုအပ်သော ကောင်းမှုကို အကျိုးမဲ့ မပြုပါလင့်၊ နံနက်စောစော အရှင့်အတွက် ထမင်းယူလာစဉ် တရားစစ်သူကြီး ရှင်သာရိပုတ္တရာမထေရ်ကို ဖူးမြင်ရ၍ ထိုထမင်းကို လှူဒါန်းပြီးမှ တစ်ဖန်ပြန်သွား၍ ထမင်းချက်ပြီး လာရပါသည်''ဟု တင်ကြိုကာ ဆိုရှာလေ၏။

ထိုအခါ မောင်ပုဏ္ဏသည် ''ချစ်နှမ··· သင် ပြုအပ်သောအမှုသည် ကောင်းလေစွ၊ ငါသည်လည်း ထိုမထေရ်ကို ယနေ့ နံနက် ဒန်ပူနှင့် မျက်နှာသစ်ရေ, သောက်ရေကို လှူရလေပြီ''ဟု ကြည်ညိုသောစိတ်ရှိသည်ဖြစ်၍ ဇနီးမောင်နှံနှစ်ယောက် အလွန်နှစ်သက် ဝမ်းမြောက်ကြလေ၏။ ထို့နောက် မောင်ပုဏ္ဏသည် ထမင်းစားပြီး ပင်ပန်းသောကြောင့် ဇနီး၏ရင်ခွင်၌ ဦးခေါင်းထားလျက် အိပ်ပျော်သွားလေ၏။

**ထွန်စိုင်မြေတုံးတို့ ရွှေတုံးများ ဖြစ်လာခြင်း**

မောင်ပုဏ္ဏသည် အချိန်အနည်းငယ် အိပ်ပျော်ပြီး၍ နိုးလာလတ်လျှင် မိမိထွန်ယက်ထားသောအရပ်ကို ကြည့်ရှုလေ၏။ မောင်ပုဏ္ဏ ကြည့်တိုင်းကြည့်တိုင်းသောအရပ်သည် သပွတ်ခါးပွင့်ကြီးတို့ဖြင့် ကြဲ၍ထားသကဲ့သို့ ရွှေရောင်တောက်နေလေ၏။ ထိုအခါ မောင်ပုဏ္ဏသည် ဇနီးသည်ကို "ရှင်မ... ငါ့မျက်လုံးထဲ ထွန်စိုင်မြေတုံးများ ရွှေတုံးများလို မြင်နေရ၏" ဟု ပြော၏။ ဇနီးသည်ကလည်း ကျွန်မအားလည်း ဤအတူသာလျှင် ထင်မြင်နေ၏ဟု ပြန်ပြောလေ၏။ မောင်ပုဏ္ဏသည် ထသွား၍ ထွန်တုံးစွန်း၌ ပုတ်ခတ်ကြည့်သည်ရှိသော် ရွှေ၏အဖြစ်ကို သိရ၍ သြော်-အံ့သြဖွယ် ရှိလှပေ၏တကား။ တရားစစ်သူကြီး ရှင်သာရိပုတ္တရာမထေရ်မြတ်အား ပေးလှူအပ်သော အလှူဒါနသည် ယနေ့ပင်လျှင် အကျိုးဖြစ်လေပြီ။ ဤမျှလောက် ဥစ္စာကို ဖုံးလွှမ်း၍ သုံးဆောင်ခြင်းငှာ မသင့်။ မင်းကြီးကို အကြောင်းကြားအံ့ဟု ထမင်းခွက်ကို ရွှေဖြင့် ပြည့်စေ၍ နန်းတော်သို့သွားပြီးလျှင် မင်းကြီးအား အကျိုးအကြောင်း သံတော်ဦးတင်လေ၏။

မင်းကြီးက မောင်ပုဏ္ဏအား အမည်ကိုမေး၍ သင် ယနေ့ အဘယ်သို့သော ကောင်းမှုကိုပြုလေဘိသနည်းဟုမေးသော် အကြောင်းစုံ လျှောက်တင်လေ၏။ မင်းကြီးသည် အချင်းတို့... ယနေ့ပင်လျှင် တရားစစ်သူကြီး ရှင်သာရိပုတ္တရာအား ပေးလှူအပ်သောအလှူသည် အကျိုးကို ပြလေပြီဟု မိန့်ဆိုတော်မူ၍ "အမောင်... ငါ အဘယ်သို့ ပြုရအံ့နည်း" ဟု မေးလေ၏။ အရှင်မင်းကြီး လှည်းများစွာကို စေလွှတ်၍ ရွှေကို ဆောင်ယူစေတော်မူပါဟု လျှောက်တင်သဖြင့် မင်းကြီးသည် လှည်းတို့ကို စေလွှတ်လေ၏။

[**ဒိဋ္ဌဓမ္မဝေဒနီယကံ** (မျက်မှောက်ဘဝ၌ အကျိုးပေးသောကံ၊ ချက်ချင်းလက်ငင်းကံ) အကျိုးပေးရန်မှာ-

၁။ အလှူခံပုဂ္ဂိုလ်သည် အနာဂါမ်အရိယာ (သို့မဟုတ်) ရဟန္တာဖြစ်ခြင်း (ဝတ္ထုသမ္ပဒါ)

၂။ လှူဖွယ်ဝတ္ထုသည် တရားသဖြင့် ရအပ်သော ပစ္စည်းဖြစ်ခြင်း
(ပစ္စယသမ္ပဒါ)

၃။ အလှူပေးပုဂ္ဂိုလ်၏ စေတနာသုံးတန်နှင့် ပြည့်စုံညီညွတ်ခြင်း
(စေတနာသမ္ပဒါ)

၄။ အလှူခံပုဂ္ဂိုလ်သည် သမာပတ်မှ ထသစ်စဖြစ်ခြင်း
(ဂုဏာတိရေကသမ္ပဒါ)

ဤအကြောင်းလေးပါးနှင့် ပြည့်စုံ၍ အလှူရှင်ကလည်း ရှေးကောင်းမှု ဥပနိဿယနှင့် ပြည့်စုံခြင်း ညီညွတ်မှုသာလျှင် မျက်မှောက်ဘဝ၌ အကျိုးပေးရလေသည်။] *(မ၊ ဋ၊ ၄။ ၂၂၇-၈။)*

*** တရားစခွဲ ရရှိအမှန်၊ စေတနာသုံး မတုံးထက်သန်၊**
**အရဟန္တ ဈာန်ရသူမှန်၊ နိရောဓ ထမှ ကျိုးပေးမြန်။**

**မောင်ပုဏ္ဏ သူဌေးရာထူးရခြင်း**

မင်းချင်းယောကျ်ားတို့သည် "မင်းကြီး၏ ဘုန်းကံတည်း" ဟု ဆို၍ ယူကြကုန်သော် ကောက်ယူသမျှ ရွှေစိုင်ခဲများသည် ပကတိ ထွန်စိုင်မြေခဲများသာလျှင် ဖြစ်ကြလေ၏။ မင်းချင်းတို့သည် နန်းတော်သို့ ပြန်ကာ ထိုအကြောင်းကို မင်းကြီးအား လျှောက်တင်ကြ၏။ ထိုအခါ မင်းကြီးက "မောင်ပုဏ္ဏ၏ ဘုန်းကံတည်း" ဟု ဆိုကာ ကောက်ယူကြကုန်လော့ဟု အကြံပေး မှာကြားလိုက်ရာ ထိုအတိုင်း ပြောဆိုသောအခါမှ ယူတိုင်း ယူတိုင်းသည် ရွှေသားအတိသာလျှင် ဖြစ်လေ၏။

မင်းချင်းတို့သည် ထိုရွှေအားလုံးကို လှည်းအစီးပေါင်း များစွာဖြင့် တိုက်ဆောင်ခဲ့ကြ၍ နန်းရင်ပြင်၌ ပုံ၍ထားကြလေ၏။ ရွှေတုံးရွှေစိုင်အပုံကြီးကား ထန်းတဆင့်ခန့် မြင့်၍နေလေ၏။ မင်းကြီးသည် မြို့သူမြို့သားတို့ကို ထိုအရပ်သို့ခေါ်စေပြီးလျှင် "ဤမြို့ဝယ် အဘယ်သူ၏အိမ်၌ ဤမျှများပြားသော ရွှေများရှိသနည်း" ဟု မေးရာ မရှိကြောင်း လျှောက်တင်ကြ

လေသော် ထိုသူအား အဘယ်ရာထူးကို ပေးကမ်းချီးမြှောက်ခြင်းငှာ သင့်လျော်မည်နည်းဟု မေးတော်မူပြန်၏။ မြို့သူမြို့သားတို့က ထိုပုဏ္ဏားကို "ဓနသေဋ္ဌိ" အမည်ရှိသော သူဌေးကြီး ခန့်အပ်သင့်ပါသည်ဟု တညီတညွတ်တည်း တင်လျှောက်ကြလေလျှင် ဗိမ္ဗိသာရမင်းကြီးသည် မောင်ပုဏ္ဏားကို ရာဇဂြိုဟ်မြို့ဝယ် "ဓနသေဋ္ဌိ"ဟူသော ဘွဲ့တံဆိပ်သတ်မှတ်၍ များသောစည်းစိမ်နှင့်တကွ ထိုပုဏ္ဏားအား သူဌေးဆောင်းသောထီးကို ပေးသနားတော်မူကာ သူဌေးရာထူးဖြင့် ချီးမြှောက်လေ၏။

## မိသားစုအားလုံး သောတာပန်တည်ခြင်း

ထိုအခါ မင်းကြီးကို သူဌေး မောင်ပုဏ္ဏားက "အရှင်မင်းကြီး... ကျွန်တော်မျိုးတို့သည် သူတစ်ပါးအိမ်၌ နေကြရပါကုန်၏။ ကျွန်တော်မျိုးအား နေရာအရပ်ကို ပေးသနားတော်မူပါဦး"ဟု လျှောက်တင်လေ၏။ မင်းကြီးသည် ချုံများ ဖုံးလွှမ်းနေသော ရှေးသူဌေးတစ်ဦး၏ အိမ်နေရာအရပ်ကို ညွှန်ကြားတော်မူလေ၏။ ထိုပုဏ္ဏားသူဌေးသည် ထိုနေရာအရပ်ကို သုတ်သင်ရှင်းလင်းစေသော် ရွှေအိုးအပေါင်း တစ်အိုးနှင့် တစ်အိုး ထိခိုက်လျက် ရှိ၏။ ထိုရွှေအိုးအပေါင်းကို ထုတ်ဖော်၍ မင်းကြီးကို သိမ်းပိုက်တော်မူပါဟု လျှောက်တင်လေ၏။ မင်းကြီးက "သင်၏ ကောင်းမှုကြောင့် ရအပ်သောရွှေအိုးအပေါင်းကို သင်သာ ယူလေလော့"ဟု မိန့်တော်မူ ပြန်သဖြင့် များစွာသော ဥစ္စာကို ရပြန်လေ၏။

ထို့နောက် အိမ်သစ်တက်မင်္ဂလာ၊ ထီးဆောင်းမင်္ဂလာတို့ကို တစ်ပြိုင်နက်ပြုလုပ်လျက် ခုနစ်ရက်ပတ်လုံး ဘုရားအမှူးရှိသော သံဃာတော်အပေါင်းအား အလှူဒါနကို ပေးလှူလေ၏။ ခုနစ်ရက်မြောက်သောနေ့၌ မြတ်စွာဘုရား၏ ဒါနအနုမောဒနာတရားကို ကြားနာရခြင်းကြောင့် ပုဏ္ဏားသူဌေးကြီး၊ သူဌေးကတော်ကြီး ဥတ္တရာ၊ သမီးဥတ္တရာ မိသားစုသုံးယောက်တို့ သောတာပတ္တိဖိုလ်၌ တည်ကြလေကုန်၏။ (သောတာပန်အရိယာ ဖြစ်ကြလေကုန်၏။)

*(ဓမ္မ၊ ဋ္ဌ၊ ၂။ ၁၉၆။ မ၊ ဋ္ဌ၊ ၄။ ၃။)*

## ၅။ ကာဠဝဠိယ (ကာကဝလိယ) သူဌေးကြီး

မြတ်စွာဘုရား လက်ထက်တော်အခါဝယ် ရာဇဂြိုဟ်ပြည်၌ ကာဠဝဠိယမည်သော ဆင်းရဲသားတစ်ယောက် ရှိလေသည်။ တစ်နေ့သ၌ ကာဠဝဠိယ၏ဇနီးသည် စားသုံးရန်အတွက် ဟင်းရွက်နှင့်ရောသော ယာဂုချဉ်ကို ပြုတ်၍ထား၏။ (အလွန်ဆင်းရဲသောကြောင့် ထမင်းချက်၍ မစားနိုင်ဘဲ ယာဂုကိုပင် ဟင်းရွက်နှင့်ရော၍ ကျိုရခြင်း ဖြစ်သည်။) ထိုနေ့၌ အရှင်မဟာကဿပမထေရ်သည် နိရောဓသမာပတ်မှ ထတော်မူ၍ ငါသည် အဘယ်သူအား ချီးမြှောက်မှု ပြုရပါမည်နည်း''ဟု ဆင်ခြင်ကြည့်ရှုတော်မူလေလျှင် ကာဠဝဠိယဆင်းရဲသားကို ဉာဏ်၌ မြင်၍ သူ၏ အိမ်တံခါးဝသို့ ကြွရောက်ဆွမ်းရပ်တော်မူလေ၏။

ကာဠဝဠိယ၏ ဇနီးသည် မထေရ်ကို ဖူးမြင်လျှင် အလွန်ကြည်ညိုသောစိတ်ဖြစ်ပြီး မထေရ်၏လက်မှ သပိတ်ကို တောင်းယူ၍ မိသားစုစားရန် ကျိုချက်ထားသော ယာဂုချဉ်အားလုံးကို သပိတ်၌ လောင်းထည့်ကာ မထေရ်အား ဆက်ကပ်လှူဒါန်းလေ၏။ (ဤအလှူမျိုးကို **နိရဝသေသဒါန** = ကိုယ်ဖို့ မချန်သောလှူခြင်းဟု ခေါ်ဆို၏) အရှင်မဟာကဿပမထေရ်သည် ကျောင်းတော်သို့ သွားရောက်၍ ထိုယာဂုကို မြတ်စွာဘုရားအား ဆက်ကပ်လေ၏။ မြတ်စွာဘုရားသည် မျှတရုံသာ အလှူခံတော်မူ၍ ကျန်သော ယာဂုသည် ရဟန်းငါးရာတို့အား လောက်ငလေ၏။ ကာဠဝဠိယဆင်းရဲသားသည်လည်း ဆွမ်းကြွင်းဆွမ်းကျန် တောင်းခံရန်အတွက် ယာဂုဝေသောနေရာသို့ရောက်လာလျှင် စားသုံးရန် ယာဂုအနည်းငယ်ကို ရရှိလေ၏။

အရှင်မဟာကဿပမထေရ်သည် မြတ်စွာဘုရားရှင်ကို ယာဂု ဒါယကာကာဠဝဠိယအတွက် ရရှိမည့်အကျိုးကို မေးလျှောက်လေ၏။ ဘုရားရှင်သည် ''ဤနေ့မှနောက် ခုနစ်ရက်မြောက်၌ ကာဠဝဠိယသည် သူဌေးထီးဖြူကို ရလိမ့်မည် (သူဌေးဖြစ်လိမ့်မည်)''ဟု မိန့်ကြားတော်မူလေ၏။ ကာဠဝဠိယသည် မြတ်စွာဘုရား မိန့်ကြားတော်မူသောစကားကို ကိုယ်တိုင်ကြား၍ အိမ်သို့ပြန်လာပြီးလျှင် ဇနီးအား ထိုအကြောင်းကို ပြန်ကြားပြောဆိုလေ၏။

ထိုအခါ ဗိမ္ဗိသာရမင်းကြီးသည် မြို့ကို လှည့်လည်ကြည့်ရှုသည်

ရှိသော် မြို့ပြင်၌ ကားစင်တင်ထားသော ရာဇဝတ်သားကို မြင်တော်မူ၏။ ရာဇဝတ်သားက မင်းကြီးကို မြင်ရလျှင် "အရှင်မင်းကြီး... အရှင်မင်းကြီးတို့ ပွဲတော်စာတည်သည့် ထမင်းကို ပို့သတော်မူစေချင်ပါသည်"ဟု အရဲစွန့်၍ ဟစ်အော်ပြောဆိုလေ၏။ မင်းကြီးသည် "ကောင်းပြီ... ပို့စေလိုက်မည်"ဟု ပြောဆိုခဲ့၍ ညချမ်းပွဲတော်စာ ဆက်သလာသောအခါ ထိုရာဇဝတ်သားကို အမှတ်ရ၍ "ဤစားတော်ပွဲကို မြို့အပြင် ကားစင်တံကျင်သို့ရောက်အောင် ပို့ဆောင်နိုင်မည့်သူကို စုံစမ်းကြလော့"ဟု အမတ်တို့ကို မိန့်ဆိုလေ၏။

ရာဇဂြိုဟ်မြို့ ပတ်ဝန်းကျင် မြို့ဥပစာအရပ်မှာ အလွန်ကြမ်းကြုတ်သည့် ဘီလူးများ လှည့်လည်ကျက်စားရာဌာနဖြစ်သောကြောင့် ညဥ့်အချိန်၌ အလွယ်တကူ မည်သူမျှ မြို့ပြင်သို့ မထွက်ရဲကြသောကြောင့် အမတ်တို့သည် "မြို့အပြင် ကားစင်တင်ထားသော ရာဇဝတ်သားထံသို့ ထမင်းပို့ဝံ့သူသည် ဤအသပြာ ထောင်ထုပ်ကိုယူစေ"ဟု မြို့တွင်း၌ လှည့်လည်ကြေငြာစေ၏။ ပထမအကြိမ်၊ ဒုတိယအကြိမ် လှည့်လည်စေရာ၌ အသပြာထောင်ထုပ်ကို ယူဝံ့သူ မပေါ်ထွက်ဘဲ တတိယအကြိမ် လှည့်လည်စေသောအခါမှ ကာဠဝဋ္ဋိယ၏ဇနီးသည် ထိုအသပြာထောင်ထုပ်ကို မင်းချင်းတို့လက်မှ ယူလိုက်လေ၏။

သူမကို မင်းချင်းတို့သည် မင်းကြီးအား ပြသကြလေကုန်၏။ သူမသည် ယောကျ်ားတို့ အဝတ်အထည်များကို ဝတ်ဆင်ပြီး ယောကျ်ားအသွင်ယူကာ ကိုယ်၌ လက်နက်ငါးပါးကို ဖွဲ့ချည်လျက် ထမင်းပွဲတော်ကို ယူဆောင်ကာ ရဲရဲရင့်ရင့် မြို့မှ ထွက်ခဲ့လေ၏။ မြို့ပြင်သို့ရောက်လျှင် ထန်းပင်၌ အုပ်စိုးနေထိုင်သည့် "ဒီဃတာလ"မည်သော နတ်ဘီလူးသည် ထန်းပင်အနီးမှသွားသော သူမကို မြင်လျှင် "ရပ်လော့၊ ရပ်လော့၊ သင်သည် ငါ့အစာဖြစ်လေပြီ"ဟု ခြိမ်းခြောက် ပြောကြားလေ၏။ ထိုအခါ အမျိုးသမီးက "ငါသည် သင့်အစာမဟုတ်၊ ငါကား မင်းကြီး၏ တမန်တော်ဖြစ်သည်"ဟု ဆို၏။ ဘီးလူးက "သင် ယခု အဘယ်သို့ သွားမည်နည်း"ဟု မေး၏။ အမျိုးသမီးက "အရှင်လတ်လတ် ကားစင်တင်ထားလျက် တံကျင်၌နေသော ရာဇဝတ်သားအထံသို့ ငါသွားမည်"ဟု ဖြေဆို၏။ ဘီလူးက "ငါ၏ သတင်း

စကားတစ်ခုကိုလည်း ဆောင်သွားခြင်းငှာ စွမ်းနိုင်ပါသလား''ဟု မေး၏။ အမျိုးသမီးက စွမ်းနိုင်ကြောင်း ပြောဆို၏။ ထိုသို့ဖြစ်လျှင် ''သုမနနတ်မင်းကြီး၏သမီး ဒီဃတာလ၏ဇနီး ကာဠီမည်သော နတ်သမီးသည် သားကို မွေးဖွားလေပြီ''ဟု လမ်းတစ်လျှောက်၌ ဟစ်အော်ကြွေးကြော် ပြောကြားပါလော့၊ ဤထန်းပင်ခြေ၌ ရွှေအိုးခုနစ်လုံးကို သင်ယူပါလော့ဟု ဆို၏။

အမျိုးသမီးသည် ထိုဘီလူးဆိုသည့်အတိုင်း ကြွေးကြော်၍ သွားလေ၏။ သုမနနတ်မင်းကြီးသည် နတ်ဘီလူးအစည်းအဝေး၌ နေထိုင်းရင်း ထိုအသံကိုကြား၍ ''လူသားတစ်ယောက်သည် ငါ့အတွက် အလွန် နှစ်သက်ဖွယ်သတင်းကို ဆောင်ယူလာ၏။ ထိုလူသားကို ခေါ်လိုက်ကြလော့''ဟု ပြောဆိုခေါ်ငင်စေကာ သဒ္ဓါကြည်ညိုစိတ်ဖြင့် ''ဤသစ်ပင်၏ ဘေးပတ်လည် အဝန်းအရိပ် ပြန့်နှံ့ရာအရပ်၌ ရွှေအိုးများရှိကြသည်၊ ထိုရွှေအိုးများကို သင့်အား ငါပေး၏''ဟု ပြောဆိုလေ၏။

ထို့နောက် သူမသည် ရာဇဝတ်သားထံသွား၍ ရာဇဝတ်သားကို ထမင်းခွံ့ကျွေးလေ၏။ ရာဇဝတ်သားသည် ထမင်းစားပြီးနောက် ခံတွင်းကို သူမ၏လက်ဖြင့် သုတ်၍ပေးသောအခါ မိန်းမအတွေ့မှန်းသိ၍ သူမ၏ ဆံထုံး၌ တအားကိုက်၍ထားလေ၏။ ရဲရင့်သောသူမသည် သန်လျက်ဖြင့် မိမိဆံထုံးကို ဖြတ်ထားခဲ့၍ မင်းကြီးထံသို့ ပြန်သွားလေ၏။

ထိုအခါ မင်းကြီးက ''သင် ရာဇဝတ်သားအား ထမင်းကျွေးခဲ့ကြောင်းကို ငါ အဘယ်သို့ သိရမည်နည်း'' ဟု မေးတော်မူလျှင် သူမသည် ''ကျွန်တော်မျိုးမ၏ ဆံထုံးအမှတ်အသားဖြင့် သိတော်မူနိုင်ပါသည်''ဟု ပြောဆိုကာ တွေ့ကြုံခဲ့ရသော ဖြစ်ရပ်အားလုံးကို ပြန်ကြားလျှောက်ထား၍ ထိုရွှေအိုးများကို ဆောင်ယူစေလေ၏။ မင်းကြီးသည် မှူးမတ်တို့ကို ''ဤများပြားသော ရွှေအိုးများ အခြားသူတို့၌ ရှိသလော''ဟု မေးတော်မူ၍ မှူးမတ်တို့က ''မရှိပါ... အရှင်မင်းကြီး''ဟု ပြန်ကြားလျှောက်ထားကြလေလျှင် မင်းကြီးသည် ကာဠဝဠီယကို ရာဇဂြိုဟ်ပြည်၌ အဆောင်အယောင် အခမ်းအနား နေရာများပါပေးအပ်ကာ ''ခေသေဋ္ဌိ'' ဘွဲ့တံဆိပ်တပ်သည့် သူဌေးကြီးရာထူး၌ ခန့်အပ်မြှောက်စားလေ၏။ (ကာဠဝဠီယသည် သဒ္ဓါအား

ကောင်းပြီး ရဲရင့်ထက်မြက်သောဇနီးသည်ကို အမှီပြု၍ များစွာသော စည်းစိမ်ကို ရရှိခံစားရလေသည်။) *(မ၊ ၄၊ ၄။ ၄။)*

* - ဒါနမပါ သံသရာ၊ မျက်နှာငယ်တတ်တယ်။
ဒါနတန်ခိုး စည်းစိမ်တိုး၊ ဖြိုးဖြိုးလျှပ်၍ကြွယ်။
- သီလမပါ သံသရာ၊ ရောဂါကြွယ်တတ်တယ်။
သီလတန်ခိုး သက်ရှည်တိုး၊ ရန်မျိုးကွယ်ရတယ်။
- သမထမပါ သံသရာ၊ စိတ်မှာ ပူရတယ်။
သမထတန်ခိုး လောကခံဆိုး၊ ဖြတ်ချိုးနိုင်ကြတယ်။
- ဝိပဿနာဉာဏ် မသွင်းပြန်၊ နိဗ္ဗာန်ယွင်းလို့ဖယ်။
ဝိပဿနာတန်ခိုး မဂ်ဖိုလ်မျိုး၊ ရကျိုးလွယ်တတ်တယ်။

* သက်ရှည်, ဆင်းလှ, ချမ်းသာရ၍, များလှခြံရံ, စိုးရပြန် ငါးတန်ဒါန အကျိုးတည်း။

## ချစ်သူစိမ်း၍ ငြိမ်းလေပြီ

ကမ္ဘာပေါ်ရှိ လူသားတိုင်း အချစ်နှင့် မကင်းနိုင်ကြပေ။ အချစ်သည် ပျော်ရွှင်ကြည်နူးမှုကို ပေးစွမ်းနိုင်သလို နာကျင်ကြေကွဲမှု၊ ငိုကြွေးမှု စသော ဆင်းရဲဝေဒနာအမျိုးမျိုးတို့ကိုလည်း ပေးတတ်လေသည်။ "အပြစ်မမြင်၊ အနှစ်ထင်၊ ချစ်ခင်တာလည်း၊ ဒီစိတ်ပဲ။ နှလုံးဘဝင်၊ မပြုံးရွှင်၊ မုန်းချင်တာလည်း၊ ဒီစိတ်ပဲ။" ဆိုသကဲ့သို့ ချစ်စိတ်တို့သည် တစ်ယောက်နှင့် တစ်ယောက် အပြစ်မမြင်သေးသမျှ အပြုံးပန်းတွေ ဝေဝေဆာဆာ ပွင့်လန်းနေကြရပြီး အပြစ်မြင်ပြီဆိုလျှင် အချစ်၏အနီးတွင် အမုန်းတို့သည် ကပ်ပါလာကာ အချစ်တို့သည်လည်း လွင့်စင်ပျောက်ပြယ်ကြရကုန်တော့၏။

အချစ်ကြောင့် ပူဆွေးနေရသူတို့သည် အစက မချစ်ခဲ့ရင် အကောင်းသားဟု ထင်မြင်ကောင်း ထင်မြင်နေပေလိမ့်မည်။ ပျော်ရွှင်ချမ်းမြေ့နေသူတို့ကလည်း အချစ်၏အရသာကို ပြည့်ပြည့်ဝဝ ခံစားနေကြရသည်ကို တွေ့မြင်နိုင်ပေသည်။ မိမိချစ်သူက မိမိအပေါ် ဂရုစိုက်ကြင်နာယုယမှုကို ချစ်ဖူးသူတိုင်း လိုချင်တောင့်တကြမည် ထင်ပါသည်။ ချစ်သူက မိမိအပေါ် ဘယ်လိုအကြောင်းမျိုးနှင့်မျှ စိမ်းကားသွားသည်ကို လိုလားကြမည် မဟုတ်ပေ။ စိမ်းကားပုံသည်လည်း တစ်ယောက်နှင့် တစ်ယောက် အကြောင်းတရား အမျိုးမျိုးအပေါ် အခြေခံ၍ ကွဲပြားကြလေသည်။ အချို့က အပြစ်မြင်ကာ မုန်းတီးရွံရှာသွားခြင်းကြောင့် စိမ်းကားခြင်း၊ အချို့က မိမိချစ်သူထက် သာလွန်သော နောက်ထပ်ချစ်ရမည့်သူကို တွေ့၍ စိမ်းကားသွားခြင်း၊ အချို့က အေးမြသည့် ဓမ္မအရိပ်ကို ခိုလှုံရ၍ ဖုံးကွယ်နေသော အချစ်၏ ပူလောင်မှုကို ဉာဏ်ဖြင့်သိမြင်ကာ

အချစ်အမုန်းမရှိသော အရိယာသူတော်ကောင်းနယ်ပယ်သို့ ခြေချမိသောကြောင့် စိမ်းကားရခြင်း စသည်ဖြင့် အကြောင်းအမျိုးမျိုး ရှိကြပါသည်။ ချစ်သူက စိမ်းကားသွားလျှင် အချို့က ယူကြုံးမရဖြစ်ကာ တမြွေမြွေလောင်ကျွမ်း ခံစားနေကြရလေ၏။ အချို့ကမူ သောကဖြေသိပ် ဓမ္မရိပ်ကို ခိုလှုံကာ ငြိမ်းချမ်းမှုကို ရှာဖွေကြသည်။ ယခုဖော်ပြမည့် ဓမ္မဒိန္နာသူဌေးသမီးလေးသည် ချစ်သူခင်ပွန်းက အချစ်အမုန်းကင်းရာ ငြိမ်းချမ်းသည့် အရိယာနယ်မြေသို့ ရောက်သွားပြီး သူ့အပေါ် ကြင်နာယုယဂရုစိုက်မှုတွေ ထာဝရ ကင်းဆိတ်သွားမှန်းသိသောအခါ (ငါ့အပေါ် စိမ်းကားရက်လေခြင်းဟု မတွေးဘဲ)ချစ်သူငြိမ်းချမ်းသွားသလို ငါလည်း ငြိမ်းချမ်းမှု ရှာဖွေမည်ဟု သတိပညာ လက်ကိုင်ထားကာ ဘုရားရှင်၏ သာသနာ့အရိပ်ခိုလှုံ ဘိက္ခုနီဝတ်ကာ တရားရှုမှတ်ပွားများလေသောကြောင့် ငြိမ်းချမ်းမှုအစစ် သန္တိသုခအငြိမ်းဓာတ်ကြီးကို အပြီးတိုင် ရရှိသွားလေသည်။

## ဓမ္မဒိန္နာထေရီ

ဓမ္မဒိန္နာထေရီအလောင်း သူတော်ကောင်းအမျိုးသမီးသည် ပဒုမုတ္တရဘုရားရှင်၏ လက်ထက်တော်အခါဝယ် ဟံသာဝတီမင်းနေပြည်၌ ဆင်းရဲနွမ်းပါး၍ သူတစ်ပါးအိမ် အခစားလုပ်ရသော ကျွန်မလေးတစ်ယောက် ဖြစ်ခဲ့သည်။ ထိုအမျိုးသမီးကလေးသည် အသိဉာဏ်ပညာနှင့် ပြည့်စုံသည့်အပြင် ကိုယ်ကျင့်တရားလည်း ကောင်းမွန်၏။ တစ်နေ့သ၌ အဂ္ဂသာဝက အရှင်သုဇာတမထေရ် ဆွမ်းခံကြွလာတော်မူသည်ကို ရေခပ်သွားရင်း ဖူးမြင်ရ၍ မိမိစားသုံးရန် ယူဆောင်လာခဲ့သော မုယောမုန့်ကို မထေရ်မြတ်အား လောင်းလှူ၏။ မထေရ်မြတ်သည် ဆင်းရဲသူမလေးကို ချီးမြှောက်တော်မူသောအားဖြင့် မုန့်ကို အလှူခံယူတော်မူပြီးလျှင် ထိုနေရာ၌ပင် ဘုဉ်းပေး၏။ အမျိုးသမီးလေးသည် မုန့်လှူရရုံဖြင့် မရောင့်ရဲနိုင်ဘဲ မိမိ၏ဆံပင်ကို ရသမျှနှင့် ရောင်းချ၍ မထေရ်မြတ်ကို အိမ်သို့ ပင့်ဆောင်ကာ ဆွမ်းဆက်ကပ်လှူဒါန်း၏။ ထိုအပြုအမူကို တွေ့မြင်ရသဖြင့် သူမ၏ အလုပ်ရှင်သူဌေးသည် နှစ်သက်သဘောကျဝမ်းမြောက်ဝမ်းသာဖြစ်ကာ မိမိသားနှင့် ပေးစား၍ ကျွန်မကို ချွေးမပြုလေ၏။

တစ်နေ့သ၌ ထိုအမျိုးသမီးသည် ယောက္ခမသူဌေးကတော်ကြီးနှင့် အတူ ဘုရားရှင်ထံသို့သွားရောက်ကာ တရားနာယူစဉ် ဘုရားရှင်က ဘိက္ခုနီ တစ်ပါးအား "**ဓမ္မကထိက** = တရားဟောကောင်းသောအရာ"ဝယ် ဧတဒဂ် (အသာလွန်ဆုံး အမြတ်ဆုံး) ဂုဏ်ထူးဖြင့် ဂုဏ်ပြုသည်ကို တွေ့မြင်ရ၍ အားကျကာ အလှူကြီးပေးလှူ၍ ထိုဂုဏ်ထူးကို တောင်းဆုပြုခဲ့လေသည်။ ပဒုမုတ္တရာဘုရားရှင်က ဂေါတမဘုရားရှင်လက်ထက်တော်တွင် ထိုဆုတောင်း ပြည့်ဝမည့်အကြောင်း ဗျာဒိတ်စကား မိန့်ကြားတော်မူ၏။

## ဘဏ္ဍာစိုး သူဌေးကတော်ဘဝ

ထိုအမျိုးသမီးသည် အသက်ထက်ဆုံး ကုသိုလ်ကောင်းမှုပြုလုပ်၍ ထိုဘဝမှ စုတေသော် နတ်ပြည်၊ လူ့ပြည်တို့၌ ကျင်လည်၍ ၉၂-ကမ္ဘာ ထက်ဝယ် ဖုဿဘုရားရှင် ပွင့်တော်မူရာကာလ၌ ဖုဿဘုရားရှင်နှင့် ဖတူ- မိကွဲ မင်းသားသုံးဦးတို့ထံ အမှုထမ်းသော ဘဏ္ဍာစိုးသူဌေး၏ ဇနီးဖြစ်၍ သဒ္ဓါတရား ကြီးမားသူဖြစ်ကာ "တစ်ခုကို ပေးပါ"ဟု တောင်းခံလာလျှင် နှစ်ခုပင် ပေးလေ့ရှိ၏။ ထိုဘဏ္ဍာစိုးသူဌေးသည် မင်းသားသုံးဦးတို့၏ အလှူ ဒါနပြုရာ၌ မင်းသားတို့၏ ဘဏ္ဍာတိုက်မှ ဘုရားအမှူးရှိသော သံဃာတော် များအတွက် လှူဒါန်းဖွယ်ဝတ္ထုတို့ကို ထုတ်ယူကာ သဒ္ဓါကြည်ဖြူစွာ အတွင်းဝန် အမတ်အား ပေးအပ်လေ၏။ အတွင်းဝန်အမတ်သည် ထိုဘဏ္ဍာစိုးပေးသော လှူဒါန်းဖွယ်ပစ္စည်းများကို ယူဆောင်၍ စီမံချက်ပြုတ်စေပြီးလျှင် နေ့စဉ်မပြတ် လှူဒါန်းပေးရလေ၏။

## ကိကီမင်းကြီး၏ သမီးတော်ဘဝ

ထိုဘဏ္ဍာစိုးသူဌေးကတော်သည် အသက်ထက်ဆုံး ကုသိုလ်ကောင်းမှု ပြုလုပ်၍ နတ်ပြည်၊ လူ့ပြည် ကျင်လည်ခဲ့ရာ ကဿပဘုရားရှင်လက်ထက် တော်၌ ကာသိတိုင်းကိုအစိုးရသော ကိကီမင်းကြီး၏ သမီးတော် (၇)ယောက် တို့တွင် တစ်ယောက်အပါအဝင် ဖြစ်ခဲ့သည်။

ကိကီမင်းကြီး၏ သမီးတော် (၇)ယောက်မှာ-

၁။ သမဏီ

၂။ သမဏဂုတ္တာ

၃။ ဘိက္ခုနီ

၄။ ဘိက္ခုဒါယိကာ

၅။ ဓမ္မာ

၆။ သုဓမ္မာ

၇။ သံဃဒါသီ တို့ဖြစ်ကြသည်။

ထိုသမီးတော် (၇)ယောက်တို့သည် ဤဘုရားရှင်လက်ထက်တော် အခါ၌-

၁။ ခေမာထေရီ

၂။ ဥပ္ပလဝဏ္ဏာထေရီ

၃။ ပဋာစာရာထေရီ

၄။ ကုဏ္ဍလကေသီ

၅။ ကိသာဂေါတမီ

၆။ ဓမ္မဒိန္နာထေရီ

၇။ ဝိသာခါ (ပုဗ္ဗာရုံကျောင်းအမကြီး) တို့ အသီးသီး ဖြစ်လာကြသည်။ *(အပ၊ ၂။ ၂၂၄။ ၂၃၃။ ထေရီ၊ ဌ။ ၁၀၇။)*

**[-သမဏီ သမဏဂုတ္တာ စ၊ ဘိက္ခုနီ ဘိက္ခုဒါယိကာ။**
**ဓမ္မာ စေဝ သုဓမ္မာ စ၊ သံဃဒါသီ စ သတ္တမာ။**
**-ခေမာ ဥပ္ပလဝဏ္ဏာ စ၊ ပဋာစာရာ စ ဂေါတမီ။**
**ဓမ္မဒိန္နာ မဟာမာယာ၊ ဝိသာခါ စေဝ သတ္တမီ။]**

*(အံ၊ ဋ ၁။၃၁၁။ ဇာ၊ ဋ၊ ၇။ ၂၄၃။)*

အင်္ဂုတ္တရ၊ ဇာတကအဋ္ဌကထာတို့၌ ခေမာ၊ ဥပ္ပလဝဏ္ဏာ၊ ပဋာစာရာ၊ (မိထွေးတော်) ဂေါတမီ၊ ဓမ္မဒိန္နာ၊ မဟာမာယာ၊ ဝိသာခါတို့ဟု ဆိုသည်။

ထိုမင်းသမီး ခုနစ်ယောက်တို့သည် ကဿပဘုရားရှင် သာသနာတော်၌ ဘိက္ခုနီမဝတ်လိုသဖြင့် ခမည်းတော်မင်းကြီးထံ ခွင့်တောင်းရာ ခွင့်မပြုသဖြင့် အနှစ်နှစ်သောင်းတိုင်တိုင် အပျိုစင်ဘဝဖြင့် ကောမာရိဗြဟ္မစရိယ အကျင့်ကို ကျင့်လျက် ရဟန်းသံဃာအား သံဃာ့အရာမ်ပရိဝုဏ်ကျောင်းတိုက်ကြီး ဆောက်လုပ်လှူဒါန်းခဲ့သည်။

## နောက်ဆုံးဘဝ ရဟန်းမ ပြုခြင်း (ဘိက္ခုနီဝတ်ခြင်း)

ထိုခေမ္မာဒိန္နာအလောင်း သုမေဓာမင်းသမီးသည် အသက်ထက်ဆုံး ကုသိုလ်ကောင်းမှုပြု၍ ထိုဘဝမှ စုတေသော် နတ်ပြည်၌ဖြစ်၍ ကဿပဘုရားရှင်နှင့် ဂေါတမဘုရားရှင်နှစ်ဆူတို့၏အကြား နတ်ပြည်, လူ့ပြည် ကျင်လည်ကျက်စားလျက် ဤဘုရားရှင်လက်ထက်တော်တွင် ရာဇဂြိုဟ်မြို့တော်ရှိ သူဌေးကြီးတစ်ဦး၏ သမီးဖြစ်ကာ ဓမ္မဒိန္နာဟု အမည်တွင်လေသည်။ သူဌေးသမီး အရွယ်ရောက်သော် တစ်မြို့တည်းနေ ဝိသာခသူဌေးသားနှင့် မိဘများက ထိမ်းမြားပေးကြသည်။

လွန်ခဲ့သော ၉၂-ကမ္ဘာထက်က ဖုဿမြတ်စွာဘုရားလက်ထက်၌ သဒ္ဓါတရားကြီးမားသော ဘဏ္ဍာစိုးဇနီးမောင်နှံသည် ယခုအခါ ဝိသာခသူဌေးနှင့် ဓမ္မဒိန္နာသူဌေးကတော်တို့ ဖြစ်လာကြ၏။ ဝိသာခသူဌေးသည် မြတ်စွာဘုရား ပထမဆုံးအကြိမ် ရာဇဂြိုဟ်ပြည်သို့ ကြွတော်မူလာစဉ် တစ်သိန်းနှစ်သောင်းသော ပရိသတ်နှင့်အတူ လာရောက်ဖူးမြင်သော ဗိမ္ဗိသာရမင်းကြီးအား တရားဟောတော်မူသဖြင့် သောတာပတ္တိဖိုလ်သို့ ရောက်ကြသော တစ်သိန်းတစ်သောင်းသောပုဂ္ဂိုလ်တို့တွင် တစ်ယောက်အပါအဝင် ဖြစ်သည်။ ဗိမ္ဗိသာရမင်းကြီးနှင့်လည်း အလွန်ရင်းနှီးကျွမ်းဝင်သည်။

❖ ဤနေရာ၌ သံယောဇဉ် ၁၀-ပါးနှင့် မဂ်ပယ်စဉ်ကို သိထားသင့်ပါသည်။

**အဘိဓမ္မာနည်း သံယောဇဉ် ၁၀–ပါး**

၁။ ကာမရာဂသံယောဇဉ်
၂။ ဘဝရာဂသံယောဇဉ်
၃။ ပဋိဃသံယောဇဉ်
၄။ မာနသံယောဇဉ်
၅။ ဒိဋ္ဌိသံယောဇဉ်
၆။ သီလဗ္ဗတပရာမာသသံယောဇဉ်
၇။ ဝိစိကိစ္ဆာသံယောဇဉ်
၈။ ဣဿာသံယောဇဉ်
၉။ မစ္ဆရိယသံယောဇဉ်
၁၀။ အဝိဇ္ဇာသံယောဇဉ်တို့ဖြစ်သည်။

ထိုသံယောဇဉ် ၁၀–မျိုး အဓိပ္ပာယ်ကို လင်္ကာဖြင့် ဖော်ပြပါမည်။

၁။ အာရုံငါးဝ၊ တပ်စွဲက၊ ကာမသံယောဇဉ်။
၂။ သုံးပါးဘဝ၊ တပ်စွဲက၊ ဘဝသံယောဇဉ်။
၃။ အမျက်ဒေါသ၊ စိတ်ဆိုးက၊ ပဋိဃသံယောဇဉ်။
၄။ ကိုယ်သာတော်လှ၊ ထင်မှတ်က၊ မာနသံယောဇဉ်။
၅။ ရုပ်နာမ်ကိုပဲ၊ ငါကောင်စွဲ၊ ယူလွဲဒိဋ္ဌိပင်။
၆။ တရားမှန်တွင်၊ မယုံချင်၍၊ ဆင်ခြင်နိုင်းညှိ၊ ဝေဖန်ကြည့်၊ ဝိစိကိစ္ဆာ သံယောဇဉ်။
၇။ နွားခွေးတူစွာ၊ ကျင့်တာကောင်းမြတ်၊ စွဲယူမှတ်၊ သီလဗ္ဗတပင်။
- ပူဇော်ပသ၊ လေ့ကျင့်မှုဖြင့်၊ ဘဝနောင်ခါ၊ မြဲချမ်းသာ၊ ယူတာ လည်းပဲ ၄င်းပင်။
- သစ္စာမမြင်၊ မဂ္ဂင်မပါ၊ လေ့ကျင့်ကာဖြင့်၊ ချမ်းသာမြဲမည်၊ ယုံကြည် ဆုံးဖြတ်၊ ယူဆမှတ်၊ သီလဗ္ဗတပင်။
၈။ ကိုယ့်ထက်သူများ၊ ကောင်းစားသည်ကို၊ မနာလို၊ ခေါ်ဆို ဣဿာ ပင်။
၉။ ကိုယ့်လိုသူများ၊ ကောင်းစားမည်မှ၊ ဝန်တိုက၊ မစ္ဆရိယပင်။

၁၀။ သစ္စာလေးတန်၊ ပြောင်းပြန်ထင်ကာ၊ မသိတာ၊ အဝိဇ္ဇာသံယောဇဉ်။
ဝဋ်ဆင်းရဲမှ၊ မလွတ်ရအောင်၊ ချည်နှောင်တတ်စွာ၊ ဤဆယ်ဖြာ၊
အဘိဓမ္မာ သံယောဇဉ်။ *(မဟာစည်ဆရာတော်ကြီး)*

* မိမိကိန်းရာ၊ သတ္တဝါကို၊ ထိုထိုဘုံမှ၊ မလွတ်ရအောင်၊
ချည်နှောင်သမှု၊ ကြိုးနှယ်ပြု၊
မှတ်ရှုသံယောဇဉ်။ *(တောင်မြို့ဆရာတော်ကြီး)*

* သံယောဇဉ်ကြိုး၊ ဆယ်မျိုးခိုင်ခိုင်၊ ချုပ်ထားတုပ်ထား၊
လှုပ်အားမနိုင်၊ ကာမနှောင်တွင်း၊ ဆောင်နှင်းပိုင်ပိုင်၊
မှတ်ပေတော့၊ ဓာတ်သော့ သံချည်တိုင်။

**သံယောဇဉ်နှင့် မဂ်ပယ်စဉ်**

၁။ ဒိ, ဝိ, သီ, ဣ, မစ္ဆရိ၊ ကင်း၏ သောတာပန်။
၂။ ကာမရာဂ, ပဋိဃ၊ ကင်းပ အနာဂါမ်။
၃။ ဘဝ, မာန, အဝိဇ္ဇာ၊ ကင်းကွာ အရဟံ။

[သောတာပန်ပုဂ္ဂိုလ်သည် သံယောဇဉ် ၁၀-ပါးတွင် ဒိဋ္ဌိသံယောဇဉ်၊ ဝိစိကိစ္ဆာသံယောဇဉ်၊ သီလဗ္ဗတပရာမသသံယောဇဉ်၊ ဣဿာသံယောဇဉ်၊ မစ္ဆရိယသံယောဇဉ်ငါးပါးကို အကြွင်းမဲ့ အမြစ်ပြတ် ပယ်သတ်ပါသည်။ သကဒါဂါမ်ပုဂ္ဂိုလ်သည် ရာဂ၊ ဒေါသ၊ မောဟတို့ကို ခေါင်းပါးအောင် ပြုလုပ်ပေးပြီး အကြွင်းမဲ့ မပယ်သတ်နိုင်သေးပါ။ အနာဂါမ်ပုဂ္ဂိုလ်သည် ကာမရာဂ သံယောဇဉ်၊ ပဋိဃသံယောဇဉ်နှစ်ပါးကို အကြွင်းမဲ့ပယ်သတ်ပါသည်။ ရဟန္တာပုဂ္ဂိုလ်သည် ကြွင်းသော ဘဝရာဂသံယောဇဉ်၊ မာနသံယောဇဉ်၊ အဝိဇ္ဇာသံယောဇဉ်တို့ကို အကြွင်းမဲ့ ပယ်သတ်ပါသည်။]

ဝိသာခသူဌေးသားသည် သောတာပန်သာဖြစ်သောကြောင့် ကာမရာဂကို မပယ်သတ်နိုင်သေးရကား ဇနီးသည် ဓမ္မဒိန္နာနှင့်အတူ ပျော်ပျော်ရွှင်ရွှင် ချစ်ခင်ကြင်နာစွာ နေထိုင်ကြသည်။ တစ်နေ့သ၌ ဝိသာခသူဌေးသည်

ဝေဠုဝန်ကျောင်းတော်သို့သွား၍ တရားနာသဖြင့် အနာဂါမိဖိုလ်သို့ ဆိုက်ရောက်လေ၏။ ယခင်နေ့များ၌ ကျောင်းတော်ကပြန်လာလျှင် လှေကားဦးမှ အသင့်စောင့်ကြိုနေသော ဇနီးသည် ဓမ္မဒိန္နာ၏ ကမ်းလင့်သောလက်ကို ဆွဲကိုင်ပြီးမှ ချစ်ခင်နှစ်သက်ဖွယ် စကားများပြောလျက် အပြုံးကိုယ်စီဖြင့် ပြာသာဒ်ထက်သို့ တက်လေ့ရှိ၏။ ထိုနေ့တွင်ကား အနာဂါမိမဂ်ဖြင့် ကာမရာဂကို အကြွင်းမဲ့ပယ်သတ်ပြီးဖြစ်၍ အလွန်ငြိမ်သက်သော ဣန္ဒြေ၊ အလွန်ငြိမ်းအေးသောစိတ်ရှိလျက် ယောဂီရဟန်းတစ်ပါးကဲ့သို့ ပြန်လာလေသည်။

ဓမ္မဒိန္နာသူဌေးကတော်သည် လေသာနန်းပြတင်းမှ လမ်းမဖက်သို့ မိမိ၏ ချစ်လှစွာသော ခင်ပွန်းသည် ပြန်အလာကို မျှော်နေစဉ် ခင်ပွန်းသည်၏ ဣန္ဒြေကြီးစွာဖြင့် လာနေပုံကို မြင်လျှင် "ငါ့သခင်သည် ယနေ့ အဘယ့်ကြောင့် ယောဂီရဟန်းကဲ့သို့ ဣန္ဒြေကြီးစွာဖြင့် လာနေသနည်း"ဟု ကြံစည်တွေးကာ လှေကားရင်းသို့ ကြိုဆိုရန်သွားပြီး လက်ကို ကမ်းလင့်ပေးလေသည်။ ဝိသာခသူဌေးသည် ခါတိုင်းနေ့များ၌ ချစ်ဇနီး၏လက်ကိုကိုင်၍ အိမ်ပေါ်သို့ တက်နေကျဖြစ်သော်လည်း ယခုအခါမှာတော့ မိမိလက်ကို ကွေး၍ပင် ထားလိုက်လေ၏။ ထမင်းစားသောအခါတွင်လည်း ခါတိုင်းကဲ့သို့ စကားစမြည် ပြောဆို၍ ရယ်ကာမောကာ မစားတော့ဘဲ တစ်ယောက်တည်းသာ တိတ်ဆိတ်စွာ တရားအမှတ်ဖြင့် စားသောက်၏။ ညအိပ်ယာဝင်သောအခါတွင်လည်း တစ်ခန်းတည်း၌ အတူမအိပ်တော့ဘဲ သီးသန့်အခန်း၌ သီးခြားညောင်စောင်းတစ်ခုကို ခင်းစေ၍ တစ်ယောက်တည်းသာ အိပ်စက်လေ၏။

ဓမ္မဒိန္နာသည် ချစ်သူမောင်၏ စိမ်းကားမှုကို အစတွင် နားမလည်စွာဖြင့် သည်းခံနေခဲ့သည်။ ထို့ပြင် တစ်ချိန်က ချစ်ခြင်းမေတ္တာ၊ အကြင်နာ၊ ဂရုစိုက်ယုယမှုများ၊ ပြုံးပျော်စရာများကို ပြန်လည်တမ်းတရင်း အဖြေရှာမရဘဲ ဝမ်းနည်းပူဆွေးစွာဖြင့် ဘာ့ကြောင့်များလဲဟုသာ အတွေးနယ်ချဲ့လျက် ကြိတ်မှိတ်ခံစားနေလေ၏။ နောက်ဆုံး၌ မြိုသိပ်မထားနိုင်တော့ဘဲ ခင်ပွန်းသည်ထံသို့သွား၍ ရှိခိုးကာ "အရှင့်သား... နှမမှတစ်ပါး အခြားအမျိုးသမီးတစ်ယောက်ကို တောင့်တချစ်ခင်မှုရှိပါသလား၊ ဒါမှမဟုတ် အရှင့်သားနှင့် နှမတို့အကြား တစ်ယောက်ယောက်ကများ သွေးထိုးကုန်းချောစကား ဆိုထား

လို့လား၊ ဒါမှမဟုတ် နှမမှာ အပြစ်တစ်စုံတစ်ရာ ရှိလို့လား''ဟု မျက်ရည် ဖြိုင်ဖြိုင်ကျလျက် မေးလေသည်။

ထိုသို့ ဇနီးသည် ဓမ္မဒိန္နာ မေးမြန်းသောအခါ ဝိသာခသူဌေးသည် ''ငါအမှန်အတိုင်း မပြောလျှင် ဓမ္မဒိန္နာ နှလုံးပေါက်ကွဲကာ ဤနေရာမှာပင် သေရာ၏''ဟု ဆင်ခြင်မိ၍ ''ဓမ္မဒိန္နာ··· နှမမှာ အပြစ်တစ်စုံတစ်ရာ မရှိပါ။ နှမကလွဲလို့ အခြားအမျိုးသမီးကိုလည်း မတပ်မက်ပါ။ နှမနှင့် မောင်ကြီး အကြား မည်သူကမျှ သွေးထိုးမထားပါ။ စင်စစ် မောင်ကြီးသည် မြတ်စွာ ဘုရားအထံတော်မှာ တရားနာရပြီး အနာဂါမိမဂ်ဖိုလ်သို့ ဆိုက်ရောက်ခဲ့ပြီ ဖြစ်၍ ကာမဂုဏ်အာရုံ ခံစားလိုစိတ်များ ကင်းဆိတ်သွားပေပြီ။ နှမအလိုရှိ ပါမူ ကုဋေရှစ်ဆယ်သောဥစ္စာကို စိုးပိုင်သူဖြစ်ကာ မောင်ကြီး၏ အမိအရာ၊ အမကြီးအရာ၌နေပါ။ နှမ ပေးသမျှ ကျွေးသမျှ ထမင်းအစားအစာဖြင့် မျှတ ၍ နေပါမည်။ အကယ်၍ မိဘအိမ် ပြန်လိုလျှင်လည်း လိုချင်သမျှ ဥစ္စာကို ယူ၍ ပြန်နိုင်ပါသည်။ နောက်အိမ်ထောင်ပြုလိုက ပြုနိုင်၏။ မောင်ကြီး ခွင့်ပြုတယ်''ဟု ဆိုလေသည်။

ဤတွင် ချစ်သူမောင်ဝိသာခ၏ စိမ်းကားသလိုဖြစ်နေသော စကား တို့သည် မယုံနိုင်အောင် ဖြစ်ရသည့်အတွက် ''ဓမ္မဒိန္နာ''ကလည်း ပါရမီရှင် ပီပီ စဉ်းစားမိ၏။ မောင်ကြီး၏စကားတို့သည် ရှေးကနှင့်မတူ၊ သာမန် ယောကျ်ားသည် ဤကဲ့သို့သော စကားမျိုးကို ပြောရိုးထုံးစံ မရှိနိုင်ပေ။ အမှန်စင်စစ် မောင်ကြီးသည် လောကုတ္တရာ တရားထူးရလေပြီဟု ယုံကြည် သွားသောကြောင့် ချစ်သူမောင် ဝိသာခကို ''မောင်ကြီး ရရှိသည့် တရားထူး သည် ယောကျ်ားတို့သည်သာ ရရိုးထုံးစံ ရှိပါသလား၊ အမျိုးသမီးများလည်း ရနိုင်ပါသလား''ဟု မေးသောအခါ အမျိုးသမီးများလည်း ရရှိနိုင်ကြောင်းကို ချစ်သူမောင် ဝိသာခက ပြန်လည် ရှင်းပြ၏။

ဓမ္မဒိန္နာသည် ထိုသို့ဖြစ်လျှင် နှမအား ဘိက္ခုနီ(ရဟန်းမ) ဝတ်ခွင့် ပြုပါဟု ခွင့်ပန်စကားပြောရာ ဝိသာခကလည်း ခွင့်ပြုလေ၏။ ထို့နောက် ဝိသာခသူဌေးသည် ဗိမ္ဗိသာရမင်းကြီးထံ သွားရောက်၍ ဓမ္မဒိန္နာသူဌေးကတော် ဘိက္ခုနီမ ဝတ်တော့မည်ဟု လျှောက်ထားပြီး ရွှေထမ်းစင်ကို ရရှိလိုကြောင်း

နှင့် မြို့တော်ကို သုတ်သင်ရှင်းလင်း တန်ဆာဆင်ခြင်းငှာ အလိုရှိပါ၏ဟု လျှောက်၏။

## ခမ်းနားစွာ ဘိက္ခုနီမ ပြုပေးခြင်း

ဝိသာခသူဌေးသည် ဓမ္မဒိန္နာကို နံ့သာရေဖြင့် ရေချိုးစေပြီး အဆင် တန်ဆာစုံဖြင့် တန်ဆာဆင်စေ၍ ရွှေထမ်းစင်အထက်၌တင်ကာ ခွေမျိုး အပေါင်းခြံရံ၍ နံ့သာပန်း စသည်တို့ဖြင့် ပူဇော်လျက် စည်ကားသိုက်မြိုက်စွာ ဘိက္ခုနီမများ သီတင်းသုံးရာကျောင်းတိုက်သို့ ပို့ပေးလေ၏။ ထို့နောက် ဝိသာခသူဌေးသည် ဘိက္ခုနီမများကို "အရှင်မကြီးတို့ဘုရား... တပည့်တော် ၏ ကြင်ဖော် ဓမ္မဒိန္နာသူဌေးကတော်ကို ရှင်ရဟန်းမ ပြုပေးတော်မူကြပါ ဘုရား"ဟု လျှောက်ထားလေ၏။ ဘိက္ခုနီမတို့က "ဒါယကာ သူဌေး... တစ်ခါ, နှစ်ခါ မှားမိသောအပြစ်များကို သည်းခံသင့်ပါသည်"ဟု အပြစ်ရှိ ၍ ရဟန်းမ ပြုပေးသည်ဟု ထင်ကာ မိန့်ဆိုကြလေ၏။ ဝိသာခသူဌေးကြီး သည် "အရှင်မကြီးတို့ဘုရား... သူဌေးကတော်သည် တစိုးတစိ အပြစ် မရှိပါ။ သဒ္ဓါကြည်ညိုသဖြင့် ရှင်ရဟန်းမပြုလိုသူ ဖြစ်ပါသည်"ဟု လျှောက် ထားလေ၏။

ထိုအခါ ဝိနည်းအရာ လိမ္မာကျွမ်းကျင်သော ထေရီတစ်ပါးသည် သူဌေးကတော်အား **တစပဉ္စက ကမ္မဋ္ဌာန်း**ကို ဟောကြားပြီးလျှင် ဆံတို့ကို ပယ်ချရိတ်ဖြတ်၍ ရှင်ရဟန်းမ ပြုပေးလေ၏။ ဝိသာခသူဌေးသည်လည်း ဓမ္မဒိန္နာထေရီကို "အရှင်မဘုရား... သာသနာတော်၌ မွေ့လျော်စွာ နေတော် မူပါ၊ မြတ်စွာဘုရားသည် တရားတော်ကို စ, လယ်, အဆုံး သုံးပါးအစုံ ကောင်းခြင်းဂုဏ်နှင့် ပြည့်စုံထင်ရှား ဟောကြားအပ်ပါပြီ" ဟု လျှောက်ထား ၍ ရှိခိုးပြီးလျှင် အိမ်သို့ တဖန် ပြန်သွားလေ၏။

[ **တစပဉ္စကကမ္မဋ္ဌာန်း** ဟူသည် **"အတ္ထိ ဣမသ္မိံ ကာယေ ကေသာ လောမာ နခါ ဒန္တာ တစော"** (ငါ၏ကိုယ်မှာ, နံ့သာမွေးကြိုင်, မြဲနိုင်လှစွာ, ကောင်းရာမမြင်, ဆံပင်သာရှိ, မွေးညှင်းရှိ၍, ရှိသည့် လက်

သည်း၊ ခြေအသည်းနှင့်၊ သွားလည်းတစ်ထွေ၊ အရေတစ်မျိုး၊ ညှီနံ့ဆိုးသည်၊ အသိုး အပုပ်ချည်းပါတကား)ဟု ရှုဆင်ခြင်ခြင်း ဖြစ်သည်။]

မဇ္ဈန္တိကထေရီသည် ဆွေကြီးမျိုးကြီး သူဌေးကတော်ဘဝမှ ဘိက္ခုနီဖြစ်လာသောကြောင့် သူမနေထိုင်ရာ ကမ္မဋ္ဌာန်းကျောင်းသို့ ဧည့်သည်များ အဆက်မပြတ် လာရောက်လှူဒါန်းပူဇော်ကြသောကြောင့် လာဘ်ပူဇော်သက္ကာရများပြားပြီး ရဟန်းတရား အားထုတ်ခွင့် မရနိုင်ဘဲ ရှိလေသည်။

မဇ္ဈန္တိကထေရီသည် ရဟန်းမပြုပြီးလတ်သော် "ဤဝိသာခသူဌေးသည် အိမ်အလယ်၌ တည်နေစဉ်ပင် သံသရာဝဋ်ဒုက္ခဆုံးအောင် ပြုတုံသေး၏။ ငါသည်လည်း ယခုအချိန်မှစ၍ သံသရာဝဋ်ဒုက္ခဆုံးအောင် ကျင့်ဆောင်ကြိုးကုတ်အားထုတ်မှ သင့်တော့မည်"ဟု နှလုံးသွင်းကာ ဆရာ၊ ဥပဇ္ဈာယ်ဖြစ်သော ထေရီမကြီးတို့ထံ ချဉ်းကပ်ကာ "အရှင်မတို့ဘုရား… တပည့်တော်မသည် တောရွာကလေးသို့ သွားရောက်၍ တိတ်ဆိတ်အေးချမ်းစွာ ကမ္မဋ္ဌာန်းစီးဖြန်း လိုပါသည်ဘုရား"ဟု ခွင့်တောင်း၏။ ဥပဇ္ဈာယ်ဆရာများကလည်း ကြည်ဖြူစွာ ခွင့်ပြုကြ၏။

မဇ္ဈန္တိကထေရီသည် ရှေးဘဝများက သင်္ခါရတရားတို့ကို လက္ခဏာရေးသုံးပါးတင်၍ ဝိပဿနာဉာဏ်ဖြင့် ပွားများအားထုတ်ခဲ့ဖူးသူ ဖြစ်သောကြောင့် မကြာမြင့်မီပင် **ပဋိသမ္ဘိဒါဉာဏ်လေးပါးတို့နှင့်တကွ** အရဟတ္တဖိုလ်သို့ ရောက်ရှိကာ ပဋိသမ္ဘိဒါပတ္တရဟန္တာမ ဖြစ်လေ၏။ ထို့နောက် မဇ္ဈန္တိကထေရီသည် မိမိကို အကြောင်းပြု၍ ဆွေမျိုးများ ကုသိုလ်ကောင်းမှု ပြုဖြစ်ကြစေရန် ရာဇဂြိုဟ်မြို့တော်သို့ ပြန်လာခဲ့၏။

[ပဋိသမ္ဘိဒါဉာဏ်လေးပါးဟူသည်-

၁။ ပါဠိတော်၏ အနက်အထူးကို ထိုးထွင်း၍ သိစွမ်းနိုင်သော ဉာဏ်ပညာ (**အတ္ထပဋိသမ္ဘိဒါ**)၊

၂။ အကြောင်းတရားတို့၌ ထူးသောသဘောကို ထိုးထွင်း၍ သိတတ်သော ဉာဏ်ပညာ (**ဓမ္မပဋိသမ္ဘိဒါ**)၊

၃။ ထုတ်ဆိုအပ်သော သဒ္ဒါကို ဝေဖန်ပိုင်းခြား၍ သိမြင်တတ်သော ဉာဏ်ပညာ (**နိရုတ္တိပဋိသမ္ဘိဒါ**)၊

၄။ အထက်ပါ ဉာဏ်ပညာတို့ကို အသီးသီး ပိုင်းခြားထိုးထွင်း သိမြင်
တတ်သော ဉာဏ်ပညာ (**ပဋိဘာနပဋိသမ္ဘိဒါ**)
တို့ဖြစ်သည်] *(အဘိ၊ ဝိ။ ၃၀၇။)*

## ဝိသာခသူဌေး အမေးပုစ္ဆာ မေးမြန်းခြင်း (ဓူဠဝေဒလ္လသုတ္တန်)

ဝိသာခသူဌေးသည် "ဓမ္မဒိန္နာထေရီမ ရာဇဂြိုဟ်သို့ ပြန်လာသတဲ့" ဟူသော သတင်းစကားကို ကြားသိရ၍ "ဓမ္မဒိန္နာသည် ရဟန်းမ ပြုပြီး တောရွာသို့ သွားခဲ့လေပြီ၊ မကြာမီပင် ပြန်လာလေပြီ၊ အဘယ်သို့ ဖြစ်လိမ့်မည်နည်း၊ ငါကိုယ်တိုင် သွားရောက်၍ သိအောင် စုံစမ်းဦးအံ့" ဟု ကြံစည်၍ ညနေချမ်းအခါ၌ ဓမ္မဒိန္နာထေရီအထံသို့ သွားရောက်ရှိခိုးကာ ထိုင်နေပြီးသော် "အရှင်မ… သာသနာတော်၌ မွေ့လျော်၏လော၊ မမွေ့လျော်ဘူးလော" ဟု မေးမြန်းခြင်းသည် ပညာရှိတို့အလုပ် မဟုတ်ချေ (ပညာရှင် မဆန်ချေ)။ အမေးပုစ္ဆာ ပြဿနာကို မေးလျှောက်ပြီး အရှင်မ၏ ဖြေဆိုပုံဖြင့်ပင် အရှင်မ သာသနာတော်၌ မွေ့လျော်ခြင်း၊ မမွေ့လျော်ခြင်းကို ငါသိအောင် စုံစမ်းအံ့" ဟု ကြံစည်ဆင်ခြင်ပြီး လေးနက်လှစွာသော ပြဿနာတို့ကို မေးမြန်းလေသည်။

### (၁) သက္ကာယ

အရှင်မ "**သက္ကာယ သက္ကာယ**" ဟု ဆို၏။ အဘယ်ကို "သက္ကာယ" ဟု ဘုရားရှင် ဟောထားပါသနည်းဟု လျှောက်၏။

ဒါယကာဝိသာခ "ဤစွဲလမ်းဖွယ် ခန္ဓာငါးပါးတို့ကို သက္ကာယ" ဟု ဘုရားရှင် ဟောတော်မူ၏။

ထိုငါးပါးဟူသည် -

၁။ ရုပ်ဟူသော စွဲလမ်းဖွယ်ခန္ဓာ (**ရူပုပါဒါနက္ခန္ဓာ**)
၂။ ခံစားမှုဟူသော စွဲလမ်းဖွယ်ခန္ဓာ (**ဝေဒနုပါဒါနက္ခန္ဓာ**)
၃။ မှတ်သားမှုဟူသော စွဲလမ်းဖွယ်ခန္ဓာ (**သညုပါဒါနက္ခန္ဓာ**)
၄။ ပြုစီရင်မှုဟူသော စွဲလမ်းဖွယ်ခန္ဓာ (**သင်္ခါရုပါဒါနက္ခန္ဓာ**)

၅။ အထူးသိမှုဟူသော စွဲလမ်းဖွယ်ခန္ဓာ (ဝိညာဏုပါဒါနက္ခန္ဓာ) တို့ဖြစ်ကြသည်။ ဒါယကာဝိသာခ ဤစွဲလမ်းဖွယ် ခန္ဓာငါးပါးတို့ကို သက္ကာယဟု ဘုရားရှင် ဟောတော်မူ၏ဟု မိန့်ဆို၏။

## ခန္ဓာနှင့် ဥပါဒါနက္ခန္ဓာဟု နှစ်မျိုးဟောရခြင်း

ခန္ဓ-သဒ္ဒါသည် "ရာသိ-အစု"ဟူသော အနက်ကို ဟော၏။ ထို့ကြောင့် "**ရူပက္ခန္ဓာ** = ရုပ်အစု၊ **ဝေဒနာက္ခန္ဓာ** = ဝေဒနာအစု" စသည်ဖြင့် သိရာ၏။ အစု-ဟူရာ၌ စပါးတွေ စုပုံနေသကဲ့သို့ ခန္ဓာကိုယ်၌ ရုပ်တွေ, ဝေဒနာတွေ, စုပုံနေသည်ဟု မမှတ်သင့်။ အတိတ်ရုပ်, အနာဂတ်ရုပ်, ပစ္စုပ္ပန်ရုပ်သုံးမျိုးကို ဉာဏ်ဖြင့် စုပေါင်း စပ်ထားရာ၏။ ထိုသုံးမျိုးပေါင်းစပ်အပ်သော အစုကိုပင် "**ရူပက္ခန္ဓာ** = ရုပ်အစု"ဟု ဆိုသည်။ ရုပ်အများတွင်လည်း ပထဝီဓာတ်တစ်ခုတည်းပင် အတိတ်ပထဝီ, အနာဂတ်ပထဝီ, ပစ္စုပ္ပန်ပထဝီ သုံးမျိုးရှိ၏။ ထိုသုံးမျိုးစုမိလျှင် ပထဝီဓာတ်တစ်ခုကိုပင် "ရူပက္ခန္ဓာ" ဟု ခေါ်ရသည်။ ထို့ကြောင့် ဝေဒနာတစ်ခု၊ သညာ တစ်ခုတည်းကိုပင် အတိတ်, အနာဂတ်, ပစ္စုပ္ပန်-ဝေဒနာတွေ, သညာတွေ စုပေါင်း၍ ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ-ဟု ခေါ်ဆိုကြောင်း မှတ်သားရမည်။

**ဥပါဒါနက္ခန္ဓာ**- ဥပါဒါန်တရားတို့၏ အာရုံဖြစ်သော ခန္ဓာကို "ဥပါဒါနက္ခန္ဓာ"ဟု ခေါ်သည်။ ထို့ကြောင့် ဥပါဒါနက္ခန္ဓာ-အရ ကာမုပါဒါန် (လောဘ)၊ ဒိဋ္ဌုပါဒါန် (ဒိဋ္ဌိ) စသည်တို့၏ အာရုံဖြစ်သော လောကီစိတ်, စေတသိက်များနှင့် ရုပ်အားလုံးကို ယူရပါမည်။

အဘယ်အကျိုးငှာ ခန္ဓ,ဥပါဒါနက္ခန္ဓ-ဟု နှစ်မျိုးခွဲ၍ ဟောတော်မူရသနည်းဟူမူကား-

၁။ ခန္ဓာဟူသော နာမည်အတွင်း၌ ရထိုက်သမျှ လောကီ, လောကုတ္တရာ အားလုံးကို (သိမ်းသွင်း၍) ခန္ဓာဖွဲ့ပြခြင်းငှာ ပဌမ ခန္ဓဒေသနာကို ဟောတော်မူသည်။

၂။ ယောဂီပုဂ္ဂိုလ်၏ ဝိပဿနာကမ္မဋ္ဌာန်း စီးဖြန်းသောအခါ

ဝိပဿနာ ရှုဘို့အတွက် လောကီတရား သက်သက်ကို ခန္ဓာဖွဲ့ပြခြင်းငှာ ဒုတိယ ဥပါဒါ နက္ခန္ဓ-ဒေသနာကို ဟောတော်မူသည်။

မှတ်ချက်။ ။ ရူပံ အနိစ္စံ, ဝေဒနာ အနိစ္စာ စသည်ဖြင့် အနိစ္စ ဒုက္ခ အနတ္တဟု ကမ္မဋ္ဌာန်းရှုသောအခါ လောကုတ္တရာတရားကို အာရုံပြု၍ မရှုရ၊ လောကီ ရုပ်နာမ်၊ခန္ဓာကိုသာ အာရုံပြုရသည်။

**ဆောင်။ ။ ၁။ လောကီ လောကုတ်၊ မယုတ် မကြွင်း၊ ခန္ဓာတွင်း၌၊ သိမ်းသွင်း၍ယူ၊ ပြတော်မူ၊ မှတ်ယူ ခန္ဓဒေသနာနည်း။**
**၂။ ဝိပဿနာ၊ ရှုဘို့ငှာလျက်၊ ဥပါဒါနက်၊ လောကီတွက်၊ သက်သက် ဟောရပြန်သတည်း။**

*(အခြေပြုသင်္ဂြိုဟ်။ ၄၂-၃။)*

## ဥပါဒါနက္ခန္ဓာကိုသာ ဝိပဿနာရှုရ

ဝိပဿနာရှုမှတ်ပွားများ အားထုတ်သော ယောဂီသည် ထိုစွဲလမ်းဖွယ် ခန္ဓာငါးပါးကိုသာလျှင် မစွဲလမ်းရလေအောင် ရှုမှတ်ရမည်ဖြစ်သည်။ စွဲလမ်းမှု ရှိနေသေးသရွေ့ မြဲတယ်၊ ချမ်းသာတယ်စသည်ဖြင့် ထင်မှတ်နေမည် ဖြစ်သည်။ "ဖြစ်ဆဲရုပ်နာမ်, ပစ္စုပ္ပန်, အမှန်တည့်အောင်ရှု" ဆိုသည့်အတိုင်း ခန္ဓာငါးပါး၏ ဖြစ်မှုပျက်မှုသဘောကို ပစ္စုပ္ပန်ဖြစ်ဆဲ ခဏတိုင်း ခဏတိုင်း တရစပ် ဉာဏ်ဖြင့် ရှုမှတ်နေမှသာလျှင် စွဲလမ်းမှု မဝင်နိုင်မည် ဖြစ်သည်။ ဖြစ်ပျက်နှင့် မဂ်ကိုက်နေလျှင် ကိလေသာ ကြားမခိုနိုင်တော့ဘဲ စွဲလမ်းမှု ကုန်ရာ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်မည် ဖြစ်ပါသည်။ ထိုသဘောကို ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး၏ ဝိပဿနာရှုနည်း လက်ာဖြင့် မှတ်သားနိုင်ပါသည်။

**ဝိပဿနာရှုနည်း**

- ဝိပဿနာဉာဏ်ဆိုတာ၊ ဘယ်ဟာရှု၍၊ ဖြစ်သနည်း။
- စွဲလမ်းနိုင်ရာ ငါးခန္ဓာ၊ မှန်စွာရှု၍ ဖြစ်သတည်း။
- ဘယ်ကျိုးငှာ ထိုခန္ဓာ၊ ဘယ်ခါ ရှုရပါသနည်း။
- မစွဲဘို့ရာ ဖြစ်ဆဲမှာ၊ မှန်စွာ ရှုရပါသတည်း။
- ဖြစ်ခိုက်မရှု ရုပ်နာမ်စု၊ စွဲမှု ဝင်ရောက်သည်။
- မြဲတယ် ကောင်းတယ် ငါကောင်နှယ်၊ တကယ်ထင်တတ်သည်
- ဖြစ်တိုင်းမှတ်ရှု ရုပ်နာမ်စု၊ စွဲမှုကင်းပျောက်သည်။
- မမြဲ ဆင်းရဲ သဘောပဲ၊ ဉာဏ်ထဲ ရှင်းတော့သည်။
- စွဲမှုကင်းပျောက် မဂ်လမ်းပေါက်၊ ဆိုက်ရောက် နိဗ္ဗာန်ပြည်။
- ဝိပဿနာရှုနည်း မှုသေစည်း၊ သိမ်းဆည်းထားရမည်။

**(၂) သက္ကာယ ဖြစ်ပေါ်ကြောင်း**

အရှင်မ "သက္ကာယဖြစ်ပေါ်ကြောင်း သက္ကာယဖြစ်ပေါ်ကြောင်း" ဟု ဆို၏။ အဘယ်ကို "သက္ကာယ ဖြစ်ပေါ်ကြောင်း" ဟု ဘုရားရှင် ဟောတော်မူပါသနည်းဟု မေးလျှောက်၏။

ဒါယကာ ဝိသာခ "ကာမတဏှာ၊ ဘဝတဏှာ၊ ဝိဘဝတဏှာ ဤသုံးမျိုးကို သက္ကာယဖြစ်ပေါ်ကြောင်း" ဟု ဘုရားရှင် ဟောတော်မူ၏။

**ကာမတဏှာ**

အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိ ဟူသော ငါးပါး အာရုံ ကာမဂုဏ်ကို နှစ်သက်သာယာ တပ်မက်သည်၏ အစွမ်းဖြင့်ဖြစ်သော တဏှာသည် ကာမတဏှာမည်၏။

**ဘဝတဏှာ**

ထိုငါးပါးအာရုံ ကာမဂုဏ်ကိုပင် "ခိုင်တယ်၊ မြဲတယ်၊ တည်တံ့တယ်"ဟု အယူရှိသော သဿတဒိဋ္ဌိနှင့် တကွဖြစ်သော တဏှာသည် ဘဝတဏှာမည်၏။ မိမိရရှိသော ဘုံဘဝမှာ သာယာပျော်ရွှင် တပ်မက်မှုသည်လည်း ဘဝတဏှာပင် မည်၏။

**ဝိဘဝတဏှာ**

ဒီဘဝ သေလျှင် ပြတ်၏။ နောက်ဘဝဆိုတာ မရှိဟု ဘုံဘဝကင်းပြတ်မှုကို မိမိအထင်ဖြင့် သာယာတပ်မက်မှု ဥစ္ဆေဒဒိဋ္ဌိနှင့်တကွဖြစ်သော တဏှာသည် ဝိဘဝတဏှာမည်၏။

[* အချို့ ဤရုပ်နာမ်နှစ်ပါး၊ ခန္ဓာငါးပါးကြီး ပျက်စီးသွားပြီဆိုလျှင် ရုပ်ခန္ဓာကြီးက ကျန်ရစ်၏။ မြေမြုပ်ရ၏။ မီးရှို့ရ၏။ ရေမျှောရ၏။ နာမ်ခန္ဓာတွေကတော့ ထိုသို့ အပြုမခံရ၊ ဆိုင်ရာဘဝသို့ ကူးသွားကြသည်။ အထူးအားဖြင့် ဝိညာဏ်ဆိုတဲ့ စိတ်ကလေးက ဆိုင်ရာဘဝသို့ ကူးပြောင်းသွားသည်ဟု ယူဆကြ၏။ သို့ဖြစ်လျှင် ဝိညာဏ်ကလေးက မသေဘဲ မြဲနေသည်ဟု အဓိပ္ပာယ်ရောက်နေသည်။ ထိုသို့ မသေဘဲ မြဲနေသည်၊ ခိုင်နေသည်ဟု ယူဆလျှင် **သဿတဒိဋ္ဌိ** ဖြစ်နေပြီ။ (**သဿတ** = ခိုင်မြဲနေသော၊ **ဒိဋ္ဌိ** = အမြင်၊ အယူအဆ။)

* အချို့ပုဂ္ဂိုလ်တို့ကား ရုပ်နာမ်၂-ပါး၊ ခန္ဓာငါးပါးကြီး ပျက်စီးသွားလျှင် (ဝါ) သေသွားလျှင် ပြတ်ပြီ၊ နောက်ထပ် အဆက်အစပ် မရှိ၊ သည်တစ်ဘဝမျှသာပဲ၊ သစ်ရွက်ကလေးတွေ ရင့်၍ဝါရော်လာပြီး ကြွေကျသွားလျှင် နောက်ထပ်ပြန်ပြီး မစိမ်းစိုတော့၊ ခြောက်သွေ့ပြတ်တောက် သွားတော့သည်။ ထို့အတူ ဤပုဂ္ဂိုလ်သည်လည်း ဘယ်ဘဝသို့မျှ ကူးပြောင်းသွားသည် မရှိ၊ သည်ဘဝ ပြီး၍ ပြတ်စဲသွားပြီ၊ နောက်ထပ် အဆက်အစပ် မရှိ။ ဤသို့ ယူဆစွဲမြဲနေလျှင် **ဥစ္ဆေဒဒိဋ္ဌိ** ဖြစ်နေပြီ။ (**ဥစ္ဆေဒ** = ပြတ်စဲသွားသော၊ **ဒိဋ္ဌိ** = အမြင်၊ အယူအဆ)]

* ကာမတဏှာ ကောင်းနိုးရာ၊ သာယာ နှစ်သက်မှု။
ဘဝတဏှာ သဿတာ၊ ထင်ကာ နှစ်သက်မှု။
ဝိဘဝမှာ ဥစ္ဆေဒ၊ ထင်ကာ နှစ်သက်မှု။
ဆင်းရဲပွားရန်၊ အကြောင်းမှန်၊ သုံးတန်တဏှာစု။
*(မဟာစည်)*

* ရုပ်နာမ်လောက၊ ငါထင်က၊ ယူကြ သက္ကာယ။
ရုပ်နာမ်လောက၊ ခိုင်မြဲစွ၊ ယူကြ သဿတ။
ရုပ်နာမ်မမြဲ၊ ပြတ်ယူစွဲ၊ ခေါ်မြဲ ဥစ္ဆေဒ။

## (၃) သက္ကာယ ချုပ်ရာ

အရှင်မ "သက္ကာယချုပ်ရာ သက္ကာယချုပ်ရာ"ဟု ဆို၏။ အဘယ်ကို "သက္ကာယချုပ်ရာ"ဟု ဘုရားရှင် ဟောတော်မူပါသနည်းဟု လျှောက်၏။

ဒါယကာ ဝိသာခ "ဆာလောင်တပ်မက်မှုတဏှာ၏ အကြွင်းမဲ့ ချုပ်ခြင်း၊ ထိုတဏှာကိုပင် ပယ်စွန့်ခြင်း၊ ဝေးစွာစွန့်ခြင်း၊ ဆုပ်ကိုင် မထားဘဲ လွှတ်လိုက်ခြင်း၊ တွယ်တာမှုကင်းခြင်း (နိဗ္ဗာန်)ကို သက္ကာယချုပ်ရာ"ဟု ဘုရားရှင် ဟောတော်မူ၏။

ဝိပဿနာဉာဏ်၊ အရိယာမဂ်ဉာဏ်တို့၏ အစွမ်းကြောင့် တဏှာ ဖြစ်ခွင့်မရှိဘဲ ချုပ်ငြိမ်းခြင်း သဘောပင် ဖြစ်သည်။ နေရောင်ပေါ်လာသော အခါ အမှောင်ထုကြီး ပျောက်ကင်းသွားသကဲ့သို့ အရဟတ္တမဂ်ဉာဏ် ဖြစ်ပေါ်လာသောအခါ နှစ်သက်လိုချင်မှု တဏှာသည် ဖြစ်ခွင့်မရှိဘဲ လုံးဝ ချုပ်ငြိမ်းသွားသည်။ တဏှာချုပ်ငြိမ်းသွားလျှင် ဘဝသစ် ရုပ်နာမ်ခန္ဓာများ ဖြစ်ပေါ် မလာနိုင်တော့ပေ။ ထို့ကြောင့် နှစ်သက်သာယာ လိုချင်သော တဏှာ မဖြစ်ခြင်း၊ ချုပ်ငြိမ်းခြင်းသဘောသည် နိဗ္ဗာန်မည်ပါသည်။

(အနာဂါမိမဂ်ဖြင့် ကာမတဏှာကို အကြွင်းမဲ့ ချုပ်ငြိမ်းစေသည်။ သကဒါဂါမိမဂ်ဖြင့် ကြမ်းတမ်းသော ကာမတဏှာကို ချုပ်ငြိမ်းစေသည်။

သောတာပတ္တိမဂ်ဖြင့် အပါယ်ဘဝရောက်စေနိုင်သော ကာမတဏှာကို ချုပ်ငြိမ်းစေသည်။ ၎င်းတို့သည် တဏှာ တစ်စိတ်တစ်ပိုင်းမျှ ချုပ်ငြိမ်းခြင်း ဖြစ်သည်။ ဝိပဿနာဉာဏ်ဖြင့် အနိစ္စ၊ ဒုက္ခ၊ အနတ္တဟု အမှန်အတိုင်း သိမြင်နေသော အာရုံမှာလည်း တဏှာဖြစ်ခွင့် မရှိဘဲ ချုပ်ငြိမ်းနေပါသည်။ ၎င်းကို တဒင်္ဂ နိရောဓ (တဒင်္ဂနိဗ္ဗာန်)ဟု ခေါ်သည်။)

လွယ်ကူစွာ မှတ်သားထားရန်မှာ-တဏှာကုန်ခန်း၍ ဒုက္ခခပ်သိမ်း ကင်းငြိမ်းရာ၊ ဆင်းရဲခပ်သိမ်း ကင်းငြိမ်းရာ၊ အိုနာသေ ကင်းငြိမ်းရာ၊ တစ်ထောင့်ငါးရာကိလေသာတို့ ချုပ်ငြိမ်းရာ (သန္တိသုခ)ငြိမ်းချမ်းမှု ချမ်းသာကို သင်္ခတာယချုပ်ရာ(နိဗ္ဗာန်)ဟု မှတ်သားသင့်သည်။ မိုးကုတ်ဆရာတော် ဘုရားကြီး၏ စကားဖြင့်ဆိုရလျှင် လောင်စာသိမ်း၍ မီးငြိမ်းခြင်းသည် နိဗ္ဗာန်ပင် ဖြစ်ပါသည်။

*** တဏှာချုပ်က၊ နိရောဓ၊ ဒုက္ခ အငြိမ်းမှန်။**
**ငြိမ်းရာကိုပင်၊ ဆိုက်ရောက်မြင်၊ မဂ္ဂင် အကျင့်မှန်။**
***(မဟာစည်)***

## နိဗ္ဗာန်ကို ခြေလျင်စသည်ဖြင့် သွား၍ မရောက်

ဘုရားရှင် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူစဉ် ရောဟိတဿနတ်သားသည် သန်းခေါင်ယံအချိန်၌ ကိုယ်ရောင်ကိုယ်ဝါ ထွန်းလင်းစေလျက် မြတ်စွာဘုရားထံသို့ ချဉ်းကပ်ရှိခိုး၍ "အရှင်ဘုရား… ပဋိသန္ဓေ မနေရာ၊ မအိုရာ၊ မသေရာ၊ မရွေ့လျောရာ၊ တစ်ဖန် ဘဝသစ် မဖြစ်ရာသော လောက၏အဆုံး (နိဗ္ဗာန်)ကို ခြေလျင် (ယာဉ်အမျိုးမျိုးဖြင့်) သွားခြင်းဖြင့် သိရန် မြင်ရန် ရောက်ရန် တတ်ကောင်းပါသလော" ဟု လျှောက်ထား၏။ ထိုအခါ ဘုရားရှင်က "နိဗ္ဗာန်ကို ခြေလျင် (ယာဉ်အမျိုးမျိုး)ဖြင့် သွား၍ မရောက်နိုင်"ဟု မိန့်ကြားတော်မူ၏။

နတ်သားက "အံ့ဖွယ်ရှိပါပေစွ၊ မဖြစ်ဖူးမြဲ ဖြစ်ပါပေစွ"ဟု မြတ်စွာဘုရား၏ တရားတော်ကို နှစ်သက်သဘောကျ၏။ မြတ်စွာဘုရား…

တပည့်တော်သည် ရှေးအခါက တန်ခိုးနှင့်ပြည့်စုံ၍ ကောင်းကင်သို့ ပျံတက်သွားလာနိုင်သော မုဆိုး၏သား ရောဟိတဿ ရသေ့ဖြစ်ခဲ့ဖူးပါသည်။ တပည့်တော်၏ လျင်မြန်ပုံမှာ မြားပစ်လိုက်သည့်အခါ ထန်းပင်ရိပ်ကို မြားကျော်ဖြတ်သွားလောက်သည့် အချိန်မျှသာကြာပါသည်။ အရှေ့သမုဒ္ဒရာမှ အနောက်သမုဒ္ဒရာကို ဤကဲ့သို့သော ခြေလှမ်းဖြင့် သွားခဲ့ဖူးပါသည်။ တစ်နေ့သ၌ "ငါသည် ခြေဖြင့်သွားခြင်းဖြင့် လောက၏အဆုံး(နိဗ္ဗာန်)သို့ ရောက်ရမည်ဟု စိတ်အကြံဖြစ်ပြီး ဒီကမ္ဘာမှ ဟိုကမ္ဘာ၊ ဟိုကမ္ဘာမှ ဟိုနောက်ကမ္ဘာ စသည်ဖြင့် ဆက်ကာဆက်ကာသွားပြီး နိဗ္ဗာန်ရှာခဲ့ပါသည်။ စားသောက်ချိန်၊ ကျင်ကြီးကျင်ငယ် စွန့်ချိန်၊ အိပ်စက်အပန်းဖြေ နားနေချိန်မှတပါး အနှစ်တရာပတ်လုံး သွားရောက် ရှာဖွေခဲ့ရာ လောကအဆုံး(နိဗ္ဗာန်)ကို မရောက်ဘဲ စကြာဝဠာအကြား၌သာလျှင် သေရပါသည်။

ယခု မြတ်စွာဘုရား မိန့်တော်မူသည်မှာ အလွန် မှန်လှပါသည်ဘုရားဟု လျှောက်၏။ ထို့ကြောင့် မြတ်စွာဘုရားက-

**- "ဂမနေန န ပတ္တဗ္ဗော၊ လောကဿန္တော ကုဒါစနံ။**
**န စ အပ္ပတွာ လောကန္တံ၊ ဒုက္ခါ အတ္ထိ ပမောစနံ။**

**- တသ္မာ ဟဝေ လောကဝိဒူ သုမေဓော၊**
**လောကန္တဂူ ဝုသိတဗြဟ္မစရိယော။**
**လောကဿ အန္တံ သမိတာဝိ ဉတွာ၊**
**နာသီသတိ လောကမိမံ ပရဉ္စာတိ"**

ဟု ဟောကြားတော်မူ၏။

အဓိပ္ပာယ်မှာ- လောက၏အဆုံး (နိဗ္ဗာန်)သို့ ခြေလျင်သွားခြင်းဖြင့် တရံတဆစ်မျှ မရောက်နိုင်။ လောက၏အဆုံး (နိဗ္ဗာန်)သို့ မရောက်ဘဲ ဝဋ်ဆင်းရဲမှ လွတ်ခြင်းမည်သည် မရှိ။

ထို့ကြောင့် စင်စစ်အားဖြင့် လောကကို သိပြီးသော၊ လောက၏အဆုံး (နိဗ္ဗာန်) သို့ ရောက်သော၊ မြတ်သောအကျင့်ကို ကျင့်သုံးပြီးသော၊

(မကောင်းမှုမှ) ငြိမ်းပြီးသော၊ ကောင်းသောပညာရှိသည် လောက၏အဆုံးကို သိ၍ ပစ္စုပ္ပန်လောက, တမလွန်လောကတို့ကို မတောင့်တတော့ချေ။

*(အံ၊ ၁။ ၃၅၈။)*

[ သို့ဖြစ်၍ လောက၏အဆုံး (နိဗ္ဗာန်)သို့ ခြေလျင်၊ ယာဉ်အမျိုးမျိုး၊ ကံသက်သက်၊ ဈာန်သက်သက်တို့ဖြင့် သွား၍ မရောက်နိုင်ပေ။ ဉာဏ်ဖြင့် သွားမှသာလျှင် ရောက်နိုင်မည် ဖြစ်သည်။ အရိယာမဂ်ဉာဏ်ကို ထိုးထွင်းသိမြင်သောသူတို့သည်သာလျှင် လောကအဆုံး(နိဗ္ဗာန်)ကို သိနိုင် မြင်နိုင် ရောက်နိုင်ပါသည်။]

## နိဗ္ဗာန်၌ ဓာတ်ကြီးလေးပါး မတည်

ဘုရားရှင်လက်ထက်တော်၌ ရဟန်းတစ်ပါးသည် "ဓာတ်ကြီးလေးပါးတို့သည် အဘယ်အရပ်၌ အကြွင်းမဲ့ ချုပ်ကုန်သနည်း"ဟု စိတ်အကြံ ဖြစ်ပေါ်၏။ ထိုအခါ ရဟန်းသည် အဘိညာဉ်သမာဓိကို ဝင်စား၍ စာတုမဟာရာဇ်နတ်တို့ထံ ချဉ်းကပ်၍ "ငါ့ရှင်တို့ ဓာတ်ကြီးလေးပါးတို့သည် အဘယ်အရပ်၌ အကြွင်းမဲ့ချုပ်ကုန်သနည်း"ဟု ဆို၏။ စာတုမဟာရာဇ်နတ်တို့သည် "ရဟန်း အကျွန်ုပ်တို့ မသိနိုင်၊ ကျွန်ုပ်တို့ထက် သာလွန်မြင့်မြတ်သော နတ်မင်းကြီးလေးယောက်တို့ ရှိကုန်၏။ ထိုနတ်မင်းကြီးတို့ သိနိုင်ပါ၏"ဟု ဆိုကုန်၏။ ရဟန်းသည် နတ်မင်းကြီးလေးယောက်ထံသွား၍ ရှေးနည်းအတူ မေး၏။ ထိုနတ်မင်းကြီးလေးယောက်တို့ကလည်း အကျွန်ုပ်တို့ မသိ၊ ကျွန်ုပ်တို့ထက် သာလွန်မြင့်မြတ်သော တာဝတိံသာနတ်တို့ကို မေးပါဟု ဆို၏။

ဤသို့လျှင် တာဝတိံသာမှ ယာမာ၊ ယာမာမှ တုသိတာ၊ တုသိတာမှ နိမ္မာနရတိ၊ နိမ္မာနရတိမှ ပရနိမ္မိတဝသဝတ္တီ၊ ပရနိမ္မိတဝသဝတ္တီမှ ဗြဟ္မာပြည်သို့ အဆင့်ဆင့် ညွှန်ကြားကြကုန်၏။ ဤသို့လျှင် ရဟန်းသည် ဗြဟ္မာပြည်သို့ ရောက်သွားလေ၏။ ဗြဟ္မာတို့ကလည်း သူတို့မသိကြောင်း မဟာဗြဟ္မာကြီးထံ သွားမေးရန် လျှောက်ထား၏။ ထိုအခါ ရဟန်းက မဟာဗြဟ္မာ

ကြီးသည် အဘယ်အရပ်၌ နေသနည်းဟု မေး၏။ ဗြဟ္မာတို့က မဟာဗြဟ္မာကြီး၏ နေရာဘုံ၊ လာရာလမ်း၊ သွားရာအရပ်ကို မသိနိုင်။ မဟာဗြဟ္မာ ထင်ရှားပေါ်လာရန် ရှေးပြေးနိမိတ်တို့ ထင်လာကုန်၏။ ထူးခြားသော အလင်းရောင်တို့ ထင်ရှားပေါ်လာကုန်၏။ သို့ဖြစ်၍ ယခုပင် ထူးခြားသော အလင်းရောင် ထင်ရှားပေါ်လာ၍ မဟာဗြဟ္မာပေါ်ရန် ရှေးပြေးနိမိတ် ဖြစ်လေ၏။ ထို့နောက် မကြာမီပင် မဟာဗြဟ္မာ ထင်ရှားပေါ်လာ၏။

ထိုရဟန်းသည် မဟာဗြဟ္မာထံ ချဉ်းကပ်၍ "ဓာတ်ကြီးလေးပါးတို့သည် အဘယ်အရပ်၌ အကြွင်းမဲ့ ချုပ်ကုန်သနည်း"ဟု မေး၏။ ထိုအခါ မဟာဗြဟ္မာသည် မေးခွန်းကို မဖြေဘဲ သူတန်ခိုးကြီးကြောင်းသာ ကြွားနေ၏။ သုံးကြိမ်မြောက် မေးသောအခါမှ မဟာဗြဟ္မာကြီးသည် ရဟန်းကို တစ်နေရာသို့ ခေါ်ဆောင်သွားပြီး "ရဟန်း ဗြဟ္မာအပေါင်းသည် ငါ့ကို မသိသောအရာ မမြင်သောအရာ အနည်းငယ်မျှ မရှိ"ဟု ထင်မှတ်နေကြ၏။ ထို့ကြောင့် သူတို့ရှေ့တွင် မဖြေကြားဘဲ ရှိခဲ့ပါ၏။ ရဟန်း၊ သင့်မေးခွန်းကို ကျွန်ုပ်လည်း မသိပါ။ လောက၌ မြတ်စွာဘုရားကို ကျော်လွန်၍ အပြင်မှာ ပြဿနာကိုဖြေရန် ရှာမှီးခြင်းသည် သင်၏ အမှားပင် ဖြစ်ချေ၏။ ရဟန်း ဘုရားရှင်ထံသွား၍ မေးပါလော့"ဟု ဆိုလေ၏။

ထို့နောက် ရဟန်းသည် ဘုရားရှင်ထံ ရောက်လာပြီး "မြတ်စွာဘုရား... ဓာတ်ကြီးလေးပါးတို့သည် အဘယ်အရပ်၌ အကြွင်းမဲ့ ချုပ်ကုန်သနည်း"ဟု မေးလျှောက်၏။ ဘုရားရှင်က "ရဟန်း၊ ရှေးအခါ သမုဒ္ဒရာ (ပင်လယ်ကူး) ကုန်သည်တို့သည် ကမ်းကြည့်ငှက်ကို ယူဆောင်၍ သင်္ဘောဖြင့် သမုဒ္ဒရာကို ကူးသွားကြကုန်၏။ ကုန်သည်တို့သည် ကမ်းမမြင်သော် ကမ်းကြည့်ငှက်ကို လွှတ်ကုန်၏။ ထိုငှက်သည် ကမ်းကို အကယ်၍ မြင်ရမူ ပျံ့မြဲတိုင်း ရှေ့သို့သာ ပျံသွား၏။ ကမ်းကိုမမြင်မူကား သင်္ဘောသို့သာ ပြန်လှည့်လာ၏။ ရဟန်း ဤအတူသာလျှင် သင်သည် ဗြဟ္မာ့ပြည်တိုင်အောင် ပြဿနာ၏ အဖြေကို ရှာမရ၍ ငါ့ထံသို့သာ ပြန်လာခဲ့၏။ ရဟန်းဓာတ်ကြီးလေးပါးတို့သည် အဘယ်အရပ်၌ အကြွင်းမဲ့ ချုပ်ကုန်သနည်း"ဟု မမေးသင့်။

"အဘယ်အရပ်၌ ဓာတ်ကြီးလေးပါး မတည်ပါသနည်း၊ အဘယ်

အရပ်၌ အရှည်အတို အငယ်အကြီး အကောင်းအဆိုးတို့သည် မရှိပါသနည်း၊ အဘယ်အရပ်၌ နာမ်ရုပ်သည် အကြွင်းမဲ့ ချုပ်သနည်း''ဟု ဤပြဿနာကို ဤသို့သာ မေးသင့်၏ဟု မေးခွန်း ပြင်ပေးပြီး အဖြေကို ဟောကြားတော်မူ၏။

- **ဝိညာဏံ အနိဒဿနံ၊ အနန္တံ သဗ္ဗတောပဘံ။**
  **ဧတ္ထ အာပေါ စ ပထဝီ၊ တေဇော ဝါယော န ဂါဓတိ။**

- **ဧတ္ထ ဒီဃဉ္စ ရဿဉ္စ၊ အဏုံ ထူလံ သုဘာသုဘံ။**
  **ဧတ္ထ နာမဉ္စ ရူပဉ္စ၊ အသေသံ ဥပရုဇ္ဈတိ။**
  **ဝိညာဏဿ နိရောဓေန၊ ဧတ္ထေတံ ဥပရုဇ္ဈတီတိ။**

အဓိပ္ပာယ်မှာ- မျက်စိဖြင့် မမြင်ကောင်းသော၊ ဥပါဒ် ဋ္ဌီ ဘင် အပိုင်းအခြားမရှိသော၊ ထက်ဝန်းကျင် ဆိပ်ကမ်းရှိသော ဉာဏ်အထူးဖြင့် သိအပ်သော နိဗ္ဗာန်သည် ရှိ၏။ ဤနိဗ္ဗာန်၌ ရေ မြေ မီး လေ (ဓာတ်ကြီး လေးပါး) မတည်ပေ။ ဤနိဗ္ဗာန်၌ အရှည်အတို အငယ်အကြီး အကောင်း အဆိုး မရှိပေ။ ဤနိဗ္ဗာန်၌ နာမ်နှင့်ရုပ်သည် အကြွင်းမဲ့ ချုပ်ပေ၏။ ဤနိဗ္ဗာန်၌ ဤနာမ်နှင့်ရုပ်သည် ချုပ်၏''ဟု မိန့်ဆို ဖြေကြား၏။

ဤသို့လျှင် ''ရေ မြေ မီး လေ (ဓာတ်ကြီးလေးပါး) တို့သည် အဘယ်အရပ်၌ အကြွင်းမဲ့ ချုပ်ကုန်သနည်း''ဟူသော ရဟန်း၏ မေးခွန်းကို ''အဘယ်အရပ်၌ ဓာတ်ကြီးလေးပါး မတည်ပါသနည်း''ဟု ပုစ္ဆာကို ပြင်ပေး၍ ''နိဗ္ဗာန်၌ ဓာတ်ကြီးလေးပါး မတည်ကြောင်း''ဖြေကြားတော်မူခဲ့ပါသည်။

*(ဒီ၊ ၁။ ၂၁၃။)*

## နိဗ္ဗာန်နှင့် ထိုက်တန်အောင်ကျင့်မှ နိဗ္ဗာန်မြင်နိုင်

နိဗ္ဗာန်တရားသည် ကေန်ရှိ၏။ ပကတိမျက်စိဖြင့် မမြင်နိုင်၊ ဉာဏ်မျက်စိဖြင့်သာ မြင်နိုင်၏။ အချို့သည် နိဗ္ဗာန်ရှိသည်ကို လက်မခံနိုင်ကြပေ။ ထိုသူတို့သည် ကိုယ်တိုင် နိဗ္ဗာန်နှင့်ထိုက်တန်သော အကျင့်ကို မကျင့်ကြသော

ကြောင့်သာ ပညာမျက်စိကန်းကာ အမှောင်အတိဖြစ်၍ မမြင်နိုင်ကြခြင်း ဖြစ်သည်။

တစ်ခါက သူငယ်ချင်းနှစ်ယောက်တို့သည် မြို့မှထွက်၍ တောထဲ လှည့်လည်ကြကုန်၏။ တောထဲလည်ရင်းဖြင့် တောင်ကြီးတစ်ခုကို တွေ့မြင် လေ၏။ သူငယ်ချင်းတစ်ယောက်သည် မောပန်း၍ တောင်ခြေ၌ နေရစ်ခဲ့၏။ တစ်ယောက်ကမူ တောင်ပေါ်တက်၍ အတော်အတန်ရောက်ပြီး အောက်ဘက် လှမ်းကြည့်လိုက်သောအခါ အလွန်သာယာ ရှုမောဖွယ်ကောင်းလှသော ရှုခင်း များကို တွေ့ရလေသည်။ ထို့နောက် တောင်အောက်က သူငယ်ချင်းကို လှမ်းခေါ်၍ "မိတ်ဆွေ တောင်ပေါ်တက်လာခဲ့၊ ဒီကနေကြည့်လျှင် ရှုမျှော် ခင်းများ အလွန်သာယာလှပသည်ကို တွေ့ရမည်" ဟု ပြော၏။ ထိုအခါ တောင်အောက်ကလူက "မင်း ညာနေတာ၊ မဟုတ်လောက်ပါဘူး" ဟု ပြန်ပြောလေ၏။ တောင်ပေါ်က သူငယ်ချင်းသည် အောက်သို့ ဆင်းလာပြီး တောင်အောက်က သူငယ်ချင်းကို အတင်းဆွဲခေါ်ကာ တောင်ပေါ်သို့ တက်စေ ၏။ တောင်ပေါ်သို့ အတူရောက်လျှင် ရှုခင်းများကို ကြည့်ရှုခိုင်း၏။ ထိုအခါမှ သာလျှင် "မင်း ပြောတာ မှန်တယ်၊ ရှုမျှော်ခင်းတွေ အလွန်သာယာဖွယ် ကောင်းလှပါပေ၏" ဟု ကိုယ်တိုင်မြင်မှ ယုံကြည်သွားလေ၏။

ထို့အတူသာလျှင် နိဗ္ဗာန်၏ သန္တိသုခ ငြိမ်းအေးချမ်းသာပုံကို ကိုယ်တိုင် မသိမြင်ကြသူ(အချို့)သည် နိဗ္ဗာန်ရှိသည်ကို မယုံကြည်နိုင်ကြ ကုန်။ နိဗ္ဗာန်နှင့် ထိုက်တန်သော တရားတို့ကို ပွားများအားထုတ်ပြီး နိဗ္ဗာန်ကို ကိုယ်တိုင်သိမြင်သူတို့သည်သာ နိဗ္ဗာန်၏ ချမ်းသာပုံကို အမှန်တကယ် သိမြင်နိုင်မည် ဖြစ်ပါသည်။

## (၄) သက္ကာယချုပ်ရာ(နိဗ္ဗာန်သို့) ရောက်ကြောင်းအကျင့်

အရှင်မ "သက္ကာယချုပ်ရာ (နိဗ္ဗာန်သို့) ရောက်ကြောင်းအကျင့်၊ သက္ကာယချုပ်ရာ (နိဗ္ဗာန်သို့) ရောက်ကြောင်းအကျင့်ဟု ဆို၏။ အဘယ်ကို

သက္ကာယချုပ်ရာ (နိဗ္ဗာန်သို့) ရောက်ကြောင်းအကျင့်ဟု ဘုရားရှင် ဟော တော်မူပါသနည်း”ဟု လျှောက်၏။

ဒါယကာ ဝိသာခ မဂ္ဂင်ရှစ်ပါးအကျင့်သည် သက္ကာယချုပ်ရာ (နိဗ္ဗာန်သို့) ရောက်ကြောင်းအကျင့်ဟု ဘုရားရှင် ဟောတော်မူ၏။

ဤမဂ္ဂင်ရှစ်ပါးဟူသည်-

၁။ မှန်သောအယူ (သမ္မာဒိဋ္ဌိ)
၂။ မှန်သောအကြံအစည် (သမ္မာသင်္ကပ္ပ)
၃။ မှန်သောစကား (သမ္မာဝါစာ)
၄။ မှန်သောအမှု (သမ္မာကမ္မန္တ)
၅။ မှန်သောအသက်မွေးမှု (သမ္မာအာဇီဝ)
၆။ မှန်သောအားထုတ်မှု (သမ္မာဝါယာမ)
၇။ မှန်သောအောက်မေ့မှု (သမ္မာသတိ)
၈။ မှန်သောတည်ကြည်မှု (သမ္မာသမာဓိ) တို့ဖြစ်သည်။

ခန္ဓာငါးပါး၏ ဖြစ်မှုပျက်မှုကို အမြဲမပြတ် ရှုမှတ်ပွားများ အားထုတ် နေမှုသည် မဂ္ဂင်ရှစ်ပါးအကျင့်ပင် ဖြစ်ပါသည်။

*** မှန်စွာမြင်သိ၊ ကြံမိမှန်ကန်၊**
**မှန်စွာပြော,ပြု၊ ရှာမှု လမ်းမှန်၊**
**မှန်စွာကြောင့်ကြ၊ မှတ်ရမှန်ကန်၊**
**စူးစိုက်ကပ်၊ ရှစ်ရပ် မဂ်လမ်းမှန်။**

***(မဟာစည်)***

## မဂ္ဂင်ရှစ်ပါး ပွားများလျှင် အာသဝေါတို့မှ လွတ်မြောက်နိုင်

ဘုရားရှင်သည် မဂ္ဂင်ရှစ်ပါး (ဗောဓိပက္ခိယ ၃၇-ပါး)တို့ကို ပွားများ အားထုတ်သော ရဟန်းသည် အာသဝေါတရားတို့မှ လွတ်မြောက်နိုင်၏။ ပွားများအားထုတ်မှု မရှိသော ရဟန်းသည် မလွတ်မြောက်နိုင်ပုံကို သံယုတ် ပါဠိတော် ဝါသိဇဋ္ဌသုတ်၌ ဟောကြားထားပါသည်။

ရဟန်းတို့ ဥပမာသော်ကား ကြက်မ၌ ဥတို့သည် ရှစ်လုံး၊ဆယ်လုံး စသည်ဖြင့် ရှိကုန်ရာ၏။ ထိုဥတို့ကို ကြက်မသည် ကောင်းစွာ မဝပ်၊ ကောင်းစွာ ကြက်အငွေ့ကို မပေး၊ ကောင်းစွာ ကြက်နံ့ကို မထုံစေအပ်ကုန်။ ထိုကြက်မ အား "ငါ၏ ကြက်ကလေးတို့သည် ကောင်းစွာ ပေါက်ဖွားလာမူ ကောင်း လေစွ"ဟု အလိုဆန္ဒဖြစ်ပေါ်စေကာမူ ထိုကြက်ကလေးတို့သည် မပေါက်ဖွား နိုင်ကုန်။ အဘယ့်ကြောင့်ဆိုသော် ကောင်းစွာ မဝပ်၊ ကောင်းစွာ ထက်ဝန်းကျင် မှ အငွေ့မပေး၊ ထက်ဝန်းကျင်မှ ကောင်းစွာ ကြက်နံ့ကို မထုံစေသောကြောင့် ဖြစ်သည်။

ရဟန်းတို့ ဤအတူသာလျှင် ပွားများအားထုတ်မှုကို အားမထုတ်ပဲ နေသော ရဟန်းအား "ငါ၏ စိတ်သည် မစွဲလမ်းမူ၍ အာသဝေါတို့မှ လွတ်မြောက်မူ ကောင်းလေစွ"ဟု အလိုဆန္ဒဖြစ်ပေါ်စေကာမူ အာသဝေါ တို့မှ မလွတ်မြောက်။ အဘယ့်ကြောင့်ဆိုသော် မဂ္ဂင်ရှစ်ပါး (ဗောဓိပက္ခိယ ၃၇-ပါး)တို့ကို မပွားများသောကြောင့် ဟုဆိုရမည်။

သို့ဖြစ်၍ ကြက်မကလည်း ကောင်းစွာဝပ်၊ ကောင်းစွာ အငွေ့ပေး၊ ကောင်းစွာ ကြက်နံ့ပေးလျှင် ကြက်ကလေးများ ချမ်းသာစွာ ပေါက်ဖွားလာ နိုင်မည် ဖြစ်သည်။ ထို့အတူ ရဟန်းသည်လည်း မဂ္ဂင်ရှစ်ပါး (ဗောဓိပက္ခိယ ၃၇-ပါး) တို့ကို ပွားများအားထုတ်မည်ဆိုလျှင် အာသဝေါတရားတို့မှ ကောင်းစွာ လွတ်မြောက်နိုင်မည် ဖြစ်ပါသည်။

ရဟန်းတို့ ဥပမာသော်ကား လက်သမားဆရာဖြစ်စေ၊ တပည့်ဖြစ်စေ ပဲခွပ်ရိုးဆုပ်ကိုင်ရာကို ကြည့်လျှင် လက်ချောင်းရာတို့နှင့် လက်မရာတို့သည် ထင်ကုန်၏။ ထိုသူအား ငါ၏ ပဲခွပ်ရိုးကို ဆုပ်ကိုင်ရာ၌ ယနေ့ ဤမျှလောက် ကုန်ပြီ၊ နက်ဖြန် ဤမျှလောက် ကုန်လတ္တံ့၊ နောက်နေ့၌ ဤမျှလောက် ကုန် လတ္တံ့"ဟု အသိဉာဏ် မဖြစ်။ ထို့အတူ ပွားများအားထုတ်မှုကို အားထုတ်နေ သော ရဟန်းအား "ငါ့အား အာသဝေါတို့ ယနေ့ ဤမျှလောက်ကုန်ပြီ၊ နက်ဖြန် ဤမျှလောက် ကုန်လတ္တံ့၊ နောက်နေ့၌ ဤမျှလောက် ကုန်လတ္တံ့" ဟု အသိဉာဏ်မျိုးကား မဖြစ်။ စင်စစ် ထိုသူအား ကုန်သောအခါမှ ကုန်ပြီ ဟုသာ အသိဉာဏ်ဖြစ်၏။

ရဟန်းတို့ ဥပမာနောက်တမျိုးကား ကြိမ်ဖြင့်ဖွဲ့ထားသော သမုဒ္ဒရာ ကူးလှေကို မိုးလတို့ပတ်လုံး ရေ၌ ကုန်စေပြီးသော် ဆောင်းအခါ ကုန်းပေါ်သို့ တင်ထား၏။ ကြိမ်အဖွဲ့တို့ကို လေပူနေပူတို့ နှိပ်စက်အပ်ကုန်၏။ မိုးအခါ ရောက်သော် မိုးရေစိုစွတ်ကုန်၍ လွယ်လွယ်ကူကူပင် ဆွေးမြည့်ကုန်၏။ ထို့အတူ မဂ္ဂင်ရှစ်ပါး(ဗောဓိပက္ခိယ ၃၇-ပါး)တို့ကို ပွားများအားထုတ်၍ နေသော ရဟန်းအား အနှောင်အဖွဲ့ သံယောဇဉ်တို့သည် လွယ်လွယ်ကူကူ ပင် ငြိမ်းကုန်၊ ဆွေးမြည့်ကုန်တော့၏။ *(သံ၊ ၂။ ၁၂၄-၁၂၆။)*

သို့ဖြစ်၍ ခန္ဓာငါးပါး၊ ရုပ်နာမ်နှစ်ပါးတို့၏ ဖြစ်မှုပျက်မှုကို မြင်အောင် **"အာတာပီ သမ္ပဇာနော သတိမာ** = သတိ, ဝီရိယ, ပညာ" ဤသုံးဖြာ သောတရားတို့ကို လက်ကိုင်ထားလျက် ကြိုးစားပွားများအားထုတ်ကြရမည် ဖြစ်သည်။

မြတ်စွာဘုရားရှင်သည် ဓမ္မပဒပါဠိတော်၌-

**-"ယော စ ဝဿသတံ ဇီဝေ၊ အပဿံ ဥဒယဗ္ဗယံ။**
**ဧကာဟံ ဇီဝိတံ သေယျော၊ ပဿတော ဥဒယဗ္ဗယံ။"**

ဟု ဟောကြားထားပါသည်။ *(ဓမ္မ။ ၃၀။ ဓမ္မ၊ ဋ၊ ၁။ ၄၄၂။)*

အဓိပ္ပာယ်မှာ- ခန္ဓာငါးပါး၊ ရုပ်နာမ်နှစ်ပါးတို့၏ ဖြစ်မှုပျက်မှုကို မမြင်ဘဲ နှစ်ပေါင်း တစ်ရာကာလပတ်လုံး အသက်ရှည်ရခြင်းထက် ခန္ဓာ ငါးပါး၊ ရုပ်နာမ်နှစ်ပါးတို့၏ ဖြစ်မှုပျက်မှုကို မြင်သောသူ၏ တစ်နေ့ တစ်ရက် တစ်နံနက် အသက်ရှည်ရခြင်းက မြတ်လှပါပေ၏။

* ခန္ဓာအရို၊ သတိကပ်ထား၊ လုံ့လအားပြု၊
ဉာဏ်ဖြင့်ရှု၊ ရမှု မင်္ဂဖိုလ်သာ။

* ဖြစ်ပျက်မပါ၊ သက်တစ်ရာ၊ နေတာ အလကား။
ဖြစ်ပျက်ကိုမြင်၊ တစ်နေ့ပင်၊ လွန်လျှင် ထို့ထက် အကျိုးများ။

**မိမိခန္ဓာ တရားရှာ**

တရားရှာလျှင်၊ ကိုယ်မှာပင်၊ တို့ရှင် မိန့်တော်မြတ်။
အဇ္ဈတ္တမှာ၊ ဉာဏ်ဖြင့်ရှာ၊ သစ္စာ တွေ့ဆတ်ဆတ်။
ခန္ဓာငါးခု၊ ဖြစ်ပျက်မှု၊ ဉာဏ်ရှု သတိကပ်။
ဖြစ်ပျက်မြင်က၊ မြတ်စွာဗုဒ္ဓ၊ တစ်ဘဝ ပါယ်လေးလပ်။
မုန်းအောင်ရှုလျှင်၊ မလိုချင်၊ ဆုံးလျှင် သောတာပတ်။
သံသရာရောဂါ၊ ထက်ကြပ်ပါ၊ ချမ်းသာမရမှတ်။
ရောဂါပျောက်နည်း၊ ဆေးတော်ကြီး၊ အပြီးကိုယ်မှာကပ်။
ကပ်သည်မှန်ဘိ၊ ဉာဏ်မသိ၊ အတိအန္ဓဇာတ်။
ဆရာကောင်းပင်၊ တွေ့ခိုက်တွင်၊ လျှင်လျှင် စားသုံးအပ်။

*(သင်ပြရှုမှတ်နည်း။ ၃၆၈။)*

## (၅) ဥပါဒါန်နှင့် ဥပါဒါနက္ခန္ဓာ အတူတူလား တခြားစီလား

"အရှင်မ စွဲလမ်းမှု 'ဥပါဒါန်'သည် စွဲလမ်းဖွယ် ခန္ဓာငါးပါးနှင့် အတူတူလား၊ သို့မဟုတ် တခြားစီလား"ဟု လျှောက်၏။

ဒါယကာဝိသာခ ဥပါဒါန်သည် ဥပါဒါနက္ခန္ဓာငါးပါးတို့ မဟုတ်ကုန်။ ဥပါဒါန်သည် ဥပါဒါနက္ခန္ဓာတို့မှ တခြားစီလည်း မဟုတ်ကုန်။

[ဥပါဒါန်နှင့် ဥပါဒါနက္ခန္ဓာတို့ အတူတူလည်း မဟုတ်၊ တခြားစီလည်း မဟုတ်ဟု ဆိုလိုသည်။]

ဒါယကာဝိသာခ စွဲလမ်းဖွယ် ခန္ဓာငါးပါး (ဥပါဒါနက္ခန္ဓာ)တို့၌ လိုချင်တပ်မက်မှု ဆန္ဒရာဂ(တဏှာ)သည် ဥပါဒါန်မည်၏ဟု မိန့်ဆို၏။

[၁။ ဖားကို မြွေက ဖမ်းထားသကဲ့သို့ မစွန့်လွှတ်နိုင်ဘဲ စွဲစွဲလမ်းလမ်း (အာရုံပြုခြင်း) ယူထားခြင်းကို "ဥပါဒါန်"ဟုခေါ်သည်။
၂။ ဥပါဒါန်တရားတို့၏ အာရုံဖြစ်သော ခန္ဓာကို "ဥပါဒါနက္ခန္ဓာ" ဟုခေါ်သည်။]

* ဖားကို မြွေငန်း, မြဲစွာ ဖမ်းသို့, စွဲလမ်းသမှု, အာရုံပြု, ဥပါဒါန်-ဟုခေါ်။

ဥပါဒါန်တရားတို့သည် လေးမျိုးရှိသည်။ ၄င်းတို့မှာ-

၁။ **ကာမုပါဒါန်**

(ကာမဂုဏ်ငါးပါး၌ ပြင်းစွာ စွဲလမ်းခြင်း)၊

၂။ **ဒိဋ္ဌုပါဒါန်**

(ဒိဋ္ဌိအယူမှားတို့၌ ပြင်းစွာ စွဲလမ်းခြင်း)၊

၃။ **သီလဗ္ဗတုပါဒါန်**

(ခွေး၊ နွားတို့၏အကျင့်ကို သံသရာမှ လွတ်ကြောင်းအကျင့်ဟု ခွေး၊ နွားတို့ကဲ့သို့ ခန္ဓာကိုယ်ကို ပင်ပန်းညှင်းဆဲသည့် အကျင့်မျိုးတို့၌ ပြင်းစွာ စွဲလမ်းခြင်း)၊

၄။ **အတ္တဝါဒုပါဒါန်**

(ခန္ဓာငါးပါးတို့၌ အတ္တ = အသက်လိပ်ပြာ, ဝိညာဉ်ကောင် ရှိသည်ဟု ပြင်းစွာ စွဲလမ်းခြင်း) တို့ဖြစ်သည်။

ထိုလေးပါးကို အရကောက်သော် တဏှာ၊ ဒိဋ္ဌိ ရ၏။

(အထင်လွဲခြင်းသည် ဒိဋ္ဌိ၊ သာယာတပ်မက်ခြင်းသည် တဏှာ)

[ စွဲလမ်းဖွယ် (စွဲလမ်းနိုင်သော) ခန္ဓာငါးပါးနှင့် စွဲလမ်းမှု ဥပါဒါန်တို့သည် ဂုဏ်နှင့် ဒြပ်သဘော အကြောင်းအကျိုး ဆက်စပ်နေပါသည်။ အတူတူလည်း မဟုတ်၊ တခြားစီလည်း မဟုတ်။ စွဲလမ်း (ဖွယ်) နိုင်တာက ခန္ဓာငါးပါး၊ စွဲလမ်းတာက ဥပါဒါန် ဖြစ်သည်။ ခန္ဓာငါးပါးကို ငါ(ဒိဋ္ဌိ)၊ ငါ့ဥစ္စာ (တဏှာ)ဟု စွဲလမ်းခြင်း ဖြစ်သည်။ ခန္ဓာငါးပါးသည် စွဲလမ်းဖွယ် ဖြစ်၍ ဥပါဒါနက္ခန္ဓာမည်၏။ ထိုဥပါဒါနက္ခန္ဓာငါးပါးကို တဏှာ၊ ဒိဋ္ဌိဖြင့် စွဲလမ်းခြင်းသည် ဥပါဒါန်မည်၏။]

ဥပမာ-အလွန်လှပသော အမျိုးသမီးကို တွေ့မြင်သော အမျိုးသား၏သန္တာန်၌ သာယာနှစ်သက်သဘောကျမှု တဏှာ ဖြစ်၏။ ဤတွင် အမျိုးသမီးသည် စွဲလမ်းဖွယ် ဥပါဒါနက္ခန္ဓာမည်၍၊ အမျိုးသား၏သန္တာန်၌ရှိသော

တဏှာသည် ဥပါဒါန်မည်၏။ ထို့ပြင် သူတစ်ပါး အဆင်းသဏ္ဌာန် မဟုတ်ဘဲ မိမိအဆင်း၌ သာယာတပ်မက် သဘောကျနေမှုသည်လည်း ထိုနည်းအတူ မှတ်ယူရပါမည်။ (ခန္ဓာငါးပါး၊ ရုပ်နာမ်နှစ်ပါးကို ငါပဲ၊ သူပဲဟု အထင်မှား တာက ဒိဋ္ဌိ၊ ငါလှတယ်, ငါချောတယ်၊ သူလှတယ်, သူချောတယ် ဟု သာယာတပ်မက် စွဲလမ်းခြင်းက တဏှာ။)

* ထင်လွဲ, သာယာ စွဲလမ်းတာ၊ နှစ်ဖြာ ဥပါဒါန်။
ငါ, ငါ့ ဥစ္စာ၊ စွဲနိုင်တာ၊ ဥပါဒါနကွန်။

## (၆) သက္ကာယဒိဋ္ဌိ ဖြစ်ပုံ

အရှင်မ "အဘယ်သို့ သက္ကာယဒိဋ္ဌိ ဖြစ်သနည်း" ဟု လျှောက်၏။

ဒါယကာ ဝိသာခ အရိယာ(သူတော်ကောင်း)တို့ကို ဖူးမြင့်လေ့ မရှိ၊ အရိယာ(သူတော်ကောင်း)တရားတို့၌ မကျွမ်းကျင်၊ အရိယာ (သူတော် ကောင်း)တရားတို့၌ မယဉ်ကျေး၊ အကြားအမြင်မရှိသည့် ပုထုဇဉ်သည် ခန္ဓာ ငါးပါးတွင် ရုပ်ကို အတ္တဟု ရှု၏။ ရုပ်ရှိသော အတ္တ၊ အတ္တ၌ ရုပ်၊ ရုပ်၌ အတ္တဟု ရှု၏။ ကြွင်းခန္ဓာတို့ကိုလည်း ဤနည်းအတူ ရှု၏။ ဤသို့လျှင် သက္ကာယဒိဋ္ဌိဖြစ်၏ဟု မိန့်ဆို၏။

(သက္ကာယဒိဋ္ဌိ -၂၀နှင့် ဥပမာ ဖြင့် ရှင်းလင်းချက် ကျမ်းလေးမည် ထင်၍ ချန်ခဲ့ပါမည်။ *အဘိ၊ ၈၊ ၂၀၈၊ ၂၄၁၊ ၂၅၀၊ ၂၅၁။ မ၊ ၁။ ၃၇၄။ မ၊ ၃။ ၆၇-၆၈။ ပဋိသံ။ ၁၃၇-၁၄၆။* တို့တွင် ရှု။)

* ရုပ်လျှင် ငါဘဲ၊ ငါ ရုပ်ဘဲဟု၊ ငါ၌ ရုပ်တည်း၊
ငါတည်း ရုပ်မှာ၊ ဤလေးဖြာ၊ သက္ကာရုပ်ဒိဋ္ဌိ။

[ "ရုပ်နာမ်နှစ်ပါး(ခန္ဓာငါးပါး)သည် ပရမတ္ထအားဖြင့် တကယ် အစစ်အမှန် ထင်ရှားရှိ၏။ ထို့ကြောင့် ထိုထင်ရှားရှိသော ရုပ်နာမ်နှစ်ပါး (ခန္ဓာငါးပါး)ကို ပါဠိလို 'သက္ကာယ' ဟု ခေါ်သည်။ ထိုထင်ရှားရှိသော ရုပ်နာမ်အပေါ် တကယ်မရှိသော ငါ၊ သူတစ်ပါး၊ ယောက်ျား၊ မိန်းမဟု

အထင်များ၊ အမှတ်များ၊ အသိများလျက် ယူဆ၏။ ဤသို့ ယူဆ စွဲမြဲနေလျှင် သက္ကာယဒိဋ္ဌိ ဖြစ်သည်''ဟု မိန့်ဆို၏။]

**သက္ကာယဒိဋ္ဌိကို အရေးတကြီး ပယ်သင့်ပုံ**

သက္ကာယဒိဋ္ဌိဖြစ်ပုံနှင့် ဆက်စပ်၍ သံယုတ်ပါဠိတော်၊ သတ္တိသုတ္တန်၌ သက္ကာယဒိဋ္ဌိ အရေးတကြီး ပယ်သင့်ပုံကို ရှေးဦးစွာ သိထားသင့်ပါသည်။

နတ်ပြဟ္မာတစ်ပါးသည် ညသန်းခေါင်ယံအချိန်၌ ဘုရားရှင်အား

**-''သတ္တိယာ ဝိယ ဩမဋ္ဌော၊ ဍယှမာနောဝ မတ္ထကေ။**
**ကာမရာဂပ္ပဟာနာယ၊ သတော ဘိက္ခု ပရိဗ္ဗဇေ။''**

ဟု လျှောက်ထား၏။

အဓိပ္ပာယ်မှာ-

''အရှင်ဘုရား… လှံဖြင့် အထိုးခံရသောသူကဲ့သို့လည်းကောင်း၊ ဦးခေါင်း၌ မီးလောင်ခံရသောသူကဲ့သို့လည်းကောင်း၊ ရဟန်းသည် ကာမဂုဏ်၌ တပ်စွန်းမှုရာဂကို ပယ်ရန် သတိနှင့် ပြည့်စုံသည်ဖြစ်၍ နေရာ၏''ဟု ဖြစ်ပါသည်။

ထိုသို့ လျှောက်ထားသောအခါ ဘုရားရှင်က-

**- ''သတ္တိယာ ဝိယ ဩမဋ္ဌော၊ ဍယှမာနောဝ မတ္ထကေ။**
**သက္ကာယဒိဋ္ဌိပ္ပဟာနာယ၊ သတော ဘိက္ခု ပရိဗ္ဗဇေ။''**

ဟု ပြန်လည် မိန့်ကြားတော်မူ၏။ *(သံ၊ ၁။ ၁၂။)*

အဓိပ္ပာယ်မှာ-

''နတ်သား… လှံဖြင့် အထိုးခံရသောသူကဲ့သို့လည်းကောင်း၊ ဦးခေါင်း၌ မီးလောင်ခံရသော သူကဲ့သို့လည်းကောင်း၊ ရဟန်းသည် ပရမတ္ထအားဖြင့် ထင်ရှားရှိသော ခန္ဓာငါးပါး၌ အမြင်များမှု 'သက္ကာယဒိဋ္ဌိ'ကို ပယ်ရန် သတိနှင့် ပြည့်စုံသည်ဖြစ်၍ နေရာ၏''ဟု ဖြစ်ပါသည်။

အထက်ပါ ဒေသနာအရ သက္ကာယဒိဋ္ဌိကိုပယ်ရန် အရေးကြီးကြောင်း ထင်ရှားလှပါသည်။ အဘယ့်ကြောင့်ဆိုသော် နတ်ပြဟ္မာတို့သည် မိမိနေထိုင်

ရာ ဗြဟ္မာ့ဘုံ၌ ကာမဘုံသား သတ္တဝါတို့ထက် သက်တမ်းရှည်ကြသည်။ ရုပ်ရည်အဆင်းလည်း လှပတင့်တယ်ကြသည်။ အစစအရာရာ ကာမဘုံသားတို့ထက် သာလွန်သည်။ ထိုဗြဟ္မာတို့သည် သမထဈာန်တို့ကို ပွားများအားထုတ်သော မဟဂ္ဂုတ်ကုသိုလ်ကောင်းမှုတို့ကြောင့် ဗြဟ္မာ့ဘုံ၌ ဖြစ်နေကြရခြင်းဖြစ်သည်။ ထိုဗြဟ္မာတို့သည် ကာမရာဂကို ဝိက္ခမ္ဘနပဟာန်အားဖြင့် အချိန်ကြာမြင့်စွာ ပတ်သတ်ထားနိုင်သည်။ အပြီးအပြတ် သမုစ္ဆေဒပဟာန်အားဖြင့်ကား မပယ်သတ်နိုင်ပေ။ အနာဂါမိမဂ်သို့ရောက်မှသာ ကာမရာဂကို အမြစ်ပြတ်ပယ်သတ်နိုင်မည် ဖြစ်သည်။ ထိုသို့ ဝိက္ခမ္ဘနပဟာန်အားဖြင့် ကာမတဏှာကို ပယ်ခွါနိုင်ပြီး ဗြဟ္မာ့ဘုံသို့ ရောက်ရှိကြသောကြောင့် ကာမဘုံသားတို့အားလည်း ကာမတဏှာကိုပယ်ခွာပြီး ဗြဟ္မာ့ဘုံသို့ရောက်အောင် အားထုတ်သင့်ကြောင်း သူ၏အမြင်ကို လျှောက်ထားခြင်း ဖြစ်ပါသည်။

"လုံဖြင့်အထိုးခံရသောသူသည် ဤမြူးဝင်သောလုံသည် အဘယ်သူ ပစ်သနည်း၊ အရှေ့, အနောက်, တောင်, မြောက်မည်သည့်အရပ်မှ လာသနည်း စသည်ဖြင့် စဉ်းစားမနေဘဲ ရူးဝင်သောလုံကို အလျင်အမြန်နုတ်ရမည် ဖြစ်သကဲ့သို့လည်းကောင်း၊ ဦးခေါင်း၌ မီးစွဲလောင်ခံရသောသူသည် အခြား ဆောင်ရွက်ဖွယ်ကိစ္စတို့ကို ရှေးဦးစွာ မပြုလုပ်ဘဲ မီးကိုသာ အလျင်အမြန် ငြိမ်းသတ်ရမည် ဖြစ်သကဲ့သို့လည်းကောင်း ကာမဘုံသား သတ္တဝါတို့သည် ကာမရာဂကို အလျင်အမြန်ပယ်ဖျောက်၍ ဗြဟ္မာ့ပြည်ရောက်အောင် အားထုတ်သင့်ပါသည်" ဟုလည်း ဥပမာအားဖြင့် လျှောက်ထားခဲ့သည်။

ထိုသို့လျှောက်ထားချက်ကို ဘုရားရှင်က လက်မခံခဲ့ပေ။ အဘယ့်ကြောင့်ဆိုသော် "ကာမရာဂကို အပြီးအပြတ် မပယ်သတ်နိုင်ဘဲ ဗြဟ္မာ့ပြည်ရောက်ပါက ကုသိုလ်ကံအစွမ်းသတ္တိ ကုန်ခန်းသောအခါ ဗြဟ္မာ့ပြည်မှ စုတေ၍ ကာမဘုံသို့ပြန်ရောက်ပြီး သံသရာတွင် ကျင်လည်ကြ ရမည်ဖြစ်သောကြောင့် ဖြစ်သည်။ ထိုကြောင့် အပါယ်မျိုးစေ့ဖြစ်သော သက္ကာယဒိဋ္ဌိကို သောတာပတ္တိမဂ်ဖြင့် ရှေးဦးစွာ ပယ်သတ်မှသာလျှင် အပါယ်သံသရာမှ လွတ်မြောက်နိုင်မည်ဖြစ်သည်။ ဗြဟ္မာကြီးလျှောက်ထားချက်သည် ဒိဋ္ဌိ

အရင်မသတ်ဘဲ တဏှာအရင် သတ်ခိုင်းခြင်းဖြစ်၍ အဆင့်ကျော်လွန်နေပါသည်။ သို့ဖြစ်၍ ဘုရားရှင်က သောတာပတ္တိမဂ်ဖြင့် ရှေးဦးစွာ ဒိဋ္ဌိကို ပယ်သတ်ရမည်'' ဟု မိန့်ကြားတော်မူခဲ့ခြင်း ဖြစ်ပါသည်။

ထိုဒိဋ္ဌိကို ပယ်သတ်နိုင်ရန်မှာ မဂ္ဂင်ရှစ်ပါးအကျင့်ဖြစ်သော သတိပဋ္ဌာန် ဝိပဿနာတရားတို့ကို ကြိုးစားပွားများ အားထုတ်ကြရမည် ဖြစ်ပါသည်။ ထိုသို့ အားထုတ်လျှင် ဝိပဿနာဉာဏ်ရင့်သန်လာပါက ခန္ဓာငါးပါးတို့၏ တရစပ်ဖြစ်ပျက်နေသော သဘောကို တွေ့မြင်လာ၍ ဖြစ်, ပျက်မြင်သော ဥဒယဗ္ဗယဉာဏ်မှစ၍ အနုလောမဉာဏ်တိုင်အောင် ဝိပဿနာဉာဏ်စဉ် အဆင့်ဆင့်တက်ကာ သောတာပတ္တိမဂ်ဉာဏ်, ဖိုလ်ဉာဏ်သို့ ဆိုက်ရောက်နိုင်မည် ဖြစ်သည်။

ထိုသို့ မရှုမှတ်ပါက မြင်ဆဲတွင်ပင် သက္ကာယဒိဋ္ဌိဝင်နိုင်ပါသည်။ မြင်ဆဲတွင် ဒိဋ္ဌိဝင်ပုံမှာ-

အဆင်းမျိုးစုံ (ရူပါရုံ)သည် မျက်စိအကြည် (စက္ခုပသာဒ)ကို လာရောက် ထိခိုက်သောအခါ မြင်သိစိတ်(စက္ခုဝိညာဏ်စိတ်)ဖြစ်ပေါ်လာ၏။

အဆင်း + မျက်စိအကြည် = မြင်သိစိတ်

(ရူပါရုံ + စက္ခုပသာဒ= စက္ခုဝိညာဏ်)

ထိုသုံးမျိုးတွင် အဆင်းနှင့် မျက်စိအကြည်သည် ရုပ်တရားဖြစ်ပြီး မြင်သိစိတ်သည် နာမ်တရား ဖြစ်သည်။ ထို့ကြောင့် မြင်ဆဲတွင် ရုပ်နှင့်နာမ် ထင်ရှားရှိနေပြီး ထိုထင်ရှားရှိနေသော ရုပ်နာမ်ကိုပင် သက္ကာယဟု ခေါ်ဆိုခြင်းဖြစ်သည်။ ရုပ်တရားသည် မသိတတ်ပေ။ နာမ်တရားကသာလျှင် သိတတ်သော သဘောရှိပါသည်။ မြင်ဆဲတွင်လည်း အဆင်းရုပ်နှင့် မျက်စိအကြည်သည် ရုပ်တရားဖြစ်၍ သိတတ်သော သဘောမရှိ၊ အမြင်ခံရုံသက်သက်သာ ဖြစ်သည်။ မြင်သိစိတ် (စက္ခုဝိညာဏ်)သည်သာလျှင် နာမ်တရားဖြစ်သောကြောင့် မြင်သိတတ်သော သဘောရှိသည်။ ထိုသို့နာမ်ရုပ်တို့၏ သဘောကို မသိလျှင် မြင်ဆဲရုပ်နာမ်အပေါ်၌ ငါမြင်တယ်ဟု သက္ကာယဒိဋ္ဌိ ဝင်နိုင်ပါသည်။ မြင်သမျှအာရုံကိုလည်း ယောကျ်ား, မိန်းမ စသည်ဖြင့် ထင်မှတ်မိလေ၏။ အမှန်တကယ် ငါ, သူတစ်ပါး, ယောကျ်ား, မိန်းမတို့

သည် ပညတ်မျှသာ ဖြစ်သည်။ ပရမတ္ထအားဖြင့် ရုပ်နာမ်ချည်းသာ ဖြစ်သည်။ ထိုရုပ်နာမ်ကိုပင် သမုတိသစ္စာအားဖြင့် အမည်တပ်၍ ခေါ်ဝေါ်နေခြင်း ဖြစ်ပါသည်။ ထိုရုပ်နာမ်တို့၏ သဘောကို နားမလည် သဘောမပေါက်လျှင် အကောင်အထည်ကို မြင်တယ်၊ ယောက်ျားကို မြင်တယ်၊ မိန်းမကို မြင်တယ် စသည်ဖြင့် အထင်အမြင် လွဲမှားကာ သက္ကာယဒိဋ္ဌိ ဖြစ်ပေါ်လာနိုင်ပါသည်။ သို့ဖြစ်၍ သက္ကာယဒိဋ္ဌိကို ဉာတပရိညာဖြင့် ရှေးဦးစွာ ဖြုတ်နိုင်ရန် ပဋိစ္စသမုပ္ပါဒ်တရား၊ သစ္စာနှင့်စပ်သောတရားတို့ကို မှတ်သားနာယူ လေ့လာကြရမည် ဖြစ်ပါသည်။ ဤသည်မှာ မြင်ဆဲ၌ ဝိပဿနာမရှုမှတ်ပါက ဒိဋ္ဌိဝင်ပုံ ဖြစ်ပါသည်။

* ထင်ရှားရှိငြား၊ ခန္ဓာငါး၊ မှတ်သား သက္ကာယ။
သက္ကာယလျှင်၊ သူငါထင်၊ ခေါ်တွင် ဒိဋ္ဌိပါ။
သက္ကာယပင်၊ အတ္တထင်၊ ယူလျှင် ဒိဋ္ဌိပါ။

* ရုပ်ကြီးကိုပ၊ ငါထင်ကြ၊ သက္ကာယဒိဋ္ဌိသာ။
နာမ်ကြီးကိုပ၊ ငါထင်ကြ၊ သက္ကာယဒိဋ္ဌိသာ။
ငါ့ရုပ် ငါ့နာမ်၊ ငါထင်ပြန် ဧကန်ဒိဋ္ဌိသာ။
ငါမရှိဘဲ၊ ငါဟုစွဲ၊ ဖြစ်မြဲဒိဋ္ဌိသာ။

## မြင်ဆဲ စသည်၌ သက္ကာယဒိဋ္ဌိဝင်ပုံ

- မျက်စိတံခါး ဖွင့်ထားခိုက်မှာ၊ အဆင်းရုပ်မျိုး ဝင်တိုးတိုက်လာ၊ မြင်သိစိတ်များ ဖြစ်ပွားပျက်ရာ၊ ငါမြင်စွဲ၊ ယူလွဲ ဒိဋ္ဌိပါ။

(နားပေါက်တံခါး + အသံရုပ် = ကြားသိစိတ်)၊

(နှာခေါင်းတံခါး + အနံ့ရုပ် = နံသိစိတ်)၊

(လျှာပေါက်တံခါး + အရသာရုပ် = စားသိစိတ်)၊

(ကိုယ်ပေါက်တံခါး + အတွေ့ရုပ် = ထိသိစိတ်)။

## (၇) သက္ကာယဒိဋ္ဌိ မဖြစ်နိုင်ပုံ

အရှင်မ "အဘယ်သို့လျှင် သက္ကာယဒိဋ္ဌိ မဖြစ်သနည်း" ဟု လျှောက်၏။

ဒါယကာ ဝိသာခ အရိယာ(သူတော်ကောင်း)တို့ကို ဖူးမြင့်လေ့ရှိ၊ အရိယာ (သူတော်ကောင်း)တရားတို့၌ ကျွမ်းကျင်၊ အရိယာ (သူတော်ကောင်း) တရားတို့၌ ယဉ်ကျေး၊ အကြားအမြင်ရှိသည့် မြတ်စွာဘုရား၏ တပည့် သာဝကသည် ခန္ဓာငါးပါးတွင် ရုပ်ကို အတ္တဟု မရှု။ ရုပ်ရှိသော အတ္တ၊ အတ္တ၌ ရုပ်၊ ရုပ်၌ အတ္တဟု မရှု။ ကြွင်းခန္ဓာတို့ကိုလည်း ဤနည်းအတူ မရှု။ ဤသို့လျှင် သက္ကာယဒိဋ္ဌိမဖြစ်ဟု မိန့်ဆို၏။

[သက္ကာယဒိဋ္ဌိမဖြစ်နိုင်အောင် အရှုခံ ခန္ဓာငါးပါးကို ရှုဉာဏ် (ကာရကမဂ္ဂင်ငါးပါး) လောကီမဂ္ဂင်ငါးပါးဖြင့် အမြဲမပြတ် ရှုမှတ်ပွားများနေ ရပါမည်။ ထိုသို့ ရှုမှတ်ပွားများနေလျှင် ခန္ဓာငါးပါး၊ ရုပ်နာမ်နှစ်ပါးတို့၏ ဖြစ်မှုပျက်မှု သဘောတရားတို့ကို ပိုင်းခြားသိမြင်လာပါလိမ့်မည်။ ရုပ်တရား တို့၏ ဖောက်ပြန်မှုသဘော၊ နာမ်တရားတို့၏ တစ်စိတ်ပြီးတစ်စိတ် ပြောင်းလဲ နေမှုသဘောတို့ကို ကိုယ်ပိုင်ဉာဏ်ဖြင့် သိမြင်ပြီး ရုပ်နာမ်ကွဲ၊ ပညတ်ပရမတ် ကွဲကာ ခန္ဓာငါးပါးကို ငါဟု စွဲလမ်းထင်မှတ်နေမှု သက္ကာယဒိဋ္ဌိ ကင်းကွာ နိုင်မည် ဖြစ်ပါသည်။]

## မြင်ဆဲ စသည် ရှုမှတ်ပါက သက္ကာယဒိဋ္ဌိ မဖြစ်နိုင်

မြင်ဆဲ၌ မြင်သည့်အာရုံကို စိတ်ဖြင့်စူးစိုက်၍ ရှုမှတ်နေပါက မြင်သည့်အာရုံသည် ပေါ်လာပြီး ပျောက်ကွယ်သွားလိမ့်မည် ဖြစ်သည်။ မြင်သိစိတ်သည် ဖြစ်ပြီး ပျက်သွားမည် ဖြစ်သည်။

ဤသို့လျှင် ပေါ်လာသမျှအာရုံကို ဉာဏ်ဖြင့်ကပ်၍ စူးစိုက်ရှုမှတ် နေပါက သမာဓိအားကောင်းလျှင် ကောင်းသလောက် ပေါ်လာသမျှအာရုံတို့ သည် ဖြစ်ပျက်မျှသာဟု သဘောကျလာပါလိမ့်မည်။ ထိုအခါ ရုပ်နာမ်တို့၌ ငါမြင်တယ်ဟု မထင်တော့ဘဲ "မြင်တတ်တာသည် နာမ်တရား၊ အမြင်ခံ

အာရုံသည် ရုပ်တရား၊ ထိုရုပ်နာမ်တရားတို့သည် တည်မြဲမနေဘဲ ဖြစ်ပျက် ဒုက္ခသစ္စာသာတည်း" ဟု မိမိဉာဏ်၌ ထင်မြင်လာမည် ဖြစ်ပါသည်။ ထို့ကြောင့် မြင်ဆဲ၌ သက္ကာယဒိဋ္ဌိ, လောဘ ,ဒေါသ စသည် မဝင်စေရန် မြင်ဆဲ ရုပ်နာမ်တို့ကို ဝိပဿနာ မပြတ်ရှုမှတ်နေရမည် ဖြစ်သည်။

ရှုမှတ်နေခိုက်၌ ဒိဋ္ဌိ စသော ကိလေသာတို့ အခိုက်အတန့်အားဖြင့် ငြိမ်းနေမည်ဖြစ်ပြီး ကြိုးစား၍သာ ရှုမှတ်နေလျှင် သမာဓိအားကောင်းလာ၍ ဝိပဿနာဉာဏ်စဉ် အဆင့်ဆင့်တက်ကာ သောတာပတ္တိမဂ်ဉာဏ်, ဖိုလ်ဉာဏ် တို့ကို ဆိုက်ရောက်နိုင်မည် ဖြစ်ပါသည်။ သောတာပတ္တိမဂ်ဉာဏ်သို့ ရောက် မှသာလျှင် သက္ကာယဒိဋ္ဌိကို အမြစ်ပြတ် ပယ်သတ်နိုင်ပြီး အပါယ်ဘေးမှ လွတ်မြောက်နိုင်မည် ဖြစ်ပါသည်။

## သက္ကာယဒိဋ္ဌိ ပယ်ခွာနည်း လင်္ကာဆောင်ပုဒ်များ

* ဒိဋ္ဌိသက္ကာ၊ ပြုတ်ကွာသွားအောင်၊ ဘယ်တရားကို၊ ရှုရမယ်။
ဝိပဿနာခေါ်၊ မြတ်တရားကို၊ မပြတ်ကြိုးစား၊ ရှုရတယ်။
သိတတ်တာဟာ၊ နာမ်သဘောကွယ့်၊ မသိတဲ့သဘော၊ ရုပ်ဖြစ်တယ်။
ဖြစ်ပျက်ရုပ်နာမ်၊ သိအောင်မှတ်တော့၊ ဝိပဿနာ ဖြစ်ပါတယ်။
မဂ်, ဖိုလ်ဆိုက်အောင်၊ ရှုမှတ်ပွားတော့၊ အပါယ်တံခါး ပိတ်ပါတယ်။

* သန္တော, ကာယော၊ သက္ကာယော၊ မှတ်လော ငါးခန္ဓာ။
ခန္ဓာငါးဝ၊ သက္ကာယ၊ စွဲကြ, ဒိဋ္ဌိသာ။
ပရမတ်ကိုဘဲ၊ ပညတ်စွဲ၊ အလွဲဒိဋ္ဌိသာ။
ပညတ်ကိုလဲ၊ ပရမတ်စွဲ၊ ဖြစ်မြဲဒိဋ္ဌိသာ။
ပရမတ်,ပညတ်၊ ခွဲခြားတတ်၊ ကင်းပြတ်ဒိဋ္ဌိသာ။

* မြင်ဆဲမှာ သတိယှဉ်စမ်းပါ၊ မြင်မမြဲ သိဆဲ ဒိဋ္ဌိကွာ။
ကြားဆဲမှာ သတိယှဉ်စမ်းပါ၊ ကြားမမြဲ သိဆဲ ဒိဋ္ဌိကွာ။
နံဆဲမှာ သတိယှဉ်စမ်းပါ၊ နံမမြဲ သိဆဲ ဒိဋ္ဌိကွာ။

စားဆဲမှာ သတိယှဉ်စမ်းပါ၊ စားမပြဲ သိဆဲ ဒိဋ္ဌိကွာ။
ထိဆဲမှာ သတိယှဉ်စမ်းပါ၊ ထိမပြဲ သိဆဲ ဒိဋ္ဌိကွာ။
ကြံဆဲမှာ သတိယှဉ်စမ်းပါ၊ ကြံမပြဲ သိဆဲ ဒိဋ္ဌိကွာ။

* မြင်ခိုက်မှာတွင်၊ မြင်တယ်ပင်(ဖြစ်ပျက်ပင်)၊ ဉာဏ်ယှဉ်ရှုရမည်။
ထိုသို့ရှုလျှင်၊ ရုပ်နာမ်မြင်၊ မြင်စဉ် ဒိဋ္ဌိကွာလိမ့်မည်။
(ကြားခိုက် စသည် နည်းတူသိလေ)

## (ဂ) မဂ္ဂင်ရှစ်ပါး

"အရှင်မ မြတ်သော အင်္ဂါရှစ်ပါးရှိသော မဂ်ဟူသည် အဘယ်နည်း။"

ဒါယကာ ဝိသာခ "သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိ"တို့တည်း။

## မဂ္ဂင်ရှစ်ပါးသည် အပြုအပြင်ခံတရား

"အရှင်မ မြတ်သော အင်္ဂါရှစ်ပါးရှိသော မဂ်သည် အပြုအပြင်ခံတရားလော၊ သို့မဟုတ် အပြုအပြင်ခံ မဟုတ်သော တရားလော"ဟု လျှောက်၏။

ဒါယကာ ဝိသာခ "မဂ္ဂင်ရှစ်ပါးသည် အပြုအပြင်ခံ တရားတည်း" ဟု မိန့်ဆို၏။

## အစုခန္ဓာသုံးပါးဖြင့်သာ မဂ္ဂင်ရှစ်ပါးကို သိမ်းယူရ

"အရှင်မ မြတ်သော အင်္ဂါရှစ်ပါးရှိသော မဂ်ဖြင့် အစု'ခန္ဓာ' သုံးပါးတို့ကို သိမ်းယူရသလော၊ သို့မဟုတ် အစု'ခန္ဓာ'သုံးပါးတို့ဖြင့် မြတ်သော အင်္ဂါရှစ်ပါးရှိသော မဂ်ကို သိမ်းယူရသလော"ဟု လျှောက်၏။

ဒါယကာဝိသာခ မဂ္ဂင်ရှစ်ပါးဖြင့် အစု'ခန္ဓာ'သုံးပါးကို မသိမ်းယူ

ရ။ အစု 'ခန္ဓာ' သုံးပါးဖြင့်သာ မဂ္ဂင်ရှစ်ပါးကို သိမ်းယူရ၏။ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝတို့ကို သီလအစု 'သီလက္ခန္ဓာ'၌ သိမ်းယူရကုန်၏။ သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိတို့ကို တည်ကြည်မှုအစု 'သမာဓိက္ခန္ဓာ'၌ သွင်းယူရကုန်၏။ သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပတို့ကို အပြားအားဖြင့် သိမှုအစု 'ပညာက္ခန္ဓာ'၌ သိမ်းယူရကုန်၏ဟု မိန့်ဆို၏။

[ ဤမဂ္ဂင်ရှစ်ပါးတို့တွင် သုံးပါးသော သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မအာဇီဝတို့သည် သီလချည်းပင် ဖြစ်သည်။ ထို့ကြောင့် ယင်းတို့ကို တူသော သီလဇာတ်အရ သီလက္ခန္ဓာဖြင့် ရေတွက်အပ်ကုန်၏။ သမ္မာဝါယာမ အစ ရှိသော မဂ္ဂင်သုံးပါးတို့တွင် သမာဓိသည် မိမိအလိုအားဖြင့် အာရုံ၌ တစ်ခုတည်း အာရုံပြုသည်၏ အဖြစ်ဖြင့် သက်ဝင်ခြင်းငှာ မစွမ်းနိုင်၊ ဝီရိယက ပင့်မြောက်အားပေးခြင်းကိစ္စကို ပြီးစေ၍ သတိက မပေါ်ထွက်ခြင်း-မမေ့ခြင်းကိစ္စကို ပြီးစေမှသာလျှင် ကျေးဇူးပြုမှု ထောက်ပံ့မှုကို ရ၍ စွမ်းနိုင်ပေသည်။

ဥပမာ- နက္ခတ်ပွဲသဘင်ကို ပါဝင်ဆင်နွှဲလိုသော သူငယ်ချင်းသုံးယောက်တို့သည် ဥယျာဉ်သို့ဝင်ကုန်သည်ရှိသော် တစ်ယောက်သည် ကောင်းစွာပွင့်နေသောစကားပင်ကို မြင်၍ လက်ကိုမြှောက်လျက်ခူးရာ မမှီပဲရှိရာ၏။ ထိုအခါ ထိုသူအား ဒုတိယလူက ကျောကိုကုန်း၍ ပေးရာ၏။ ပထမလူသည် ဒုတိယလူ၏ ကျောကုန်း၌ ရပ်တည်၍လည်း တုန်နေ၍ မခူးနိုင်ပဲရှိရာ၏။ ထိုအခါ ထိုသူအား တတိယလူက ပခုံးစွန်းကို ကပ်ညွတ်ပေးရာ၏။ ထိုသူသည် တစ်ယောက်၏ ကျောကုန်း၌ တည်၍ တစ်ယောက်၏ ပခုံးစွန်းကိုထောက်လျက် အလိုရှိတိုင်း ပန်းတို့ကို ခူး၍ ပန်ဆင်ကာ နက္ခတ်ပွဲကို ပါဝင်ဆင်နွှဲရာသကဲ့သို့ ဤသမာဓိ၏ ဖြစ်ပုံကို ဤအတူပင် ဖြစ်သည်ဟု မှတ်အပ်၏။

ဤဥပမာတို့တွင် ဥယျာဉ်သို့ တစ်ပေါင်းတည်း ဝင်လာကုန်သော သူငယ်ချင်း သုံးယောက်တို့ကဲ့သို့ တစ်ပေါင်းတည်း ဖြစ်ကုန်သော သမ္မာဝါယာမ စသော တရားသုံးပါးတို့ကို မှတ်အပ်ကုန်၏။ ကောင်းစွာပွင့်နေသော စကားပင်ကဲ့သို့ အာရုံကို မှတ်အပ်၏။ လက်ကိုမြှောက်၍ ယူသော်လည်း

ခူးရန် မစွမ်းနိုင်သောသူကဲ့သို့ မိမိအလိုလို အာရုံ၌ တစ်ခုတည်း အာရုံပြု သည်၏အဖြစ်ဖြင့် သက်ဝင်ရန် မစွမ်းနိုင်သော သမာဓိကို မှတ်အပ်၏။ ကျော ကုန်းပေးသော သူငယ်ချင်းကဲ့သို့ သမ္မာဝါယာမကို မှတ်အပ်၏။ ပခုံးစွန်း ညွှတ်ပေးလျက် တည်သော သူငယ်ချင်းကဲ့သို့ သမ္မာသတိကို မှတ်အပ်၏။ ထိုသုံးယောက်တို့တွင် တစ်ယောက်၏ ကျောကုန်း၌တည်လျက် တစ်ယောက် ၏ ပခုံးစွန်းကို ထောက်၍ ပထမသူငယ်ချင်းသည် အလိုရှိတိုင်း ပန်းကို ခူးနိုင်သကဲ့သို့ ဤအတူပင် ဝီရိယက ပင့်မြှောက်အားပေးခြင်းကိစ္စကို ပြီးစေ၍ သတိက မပေါ်ထွက်ခြင်း-မမေ့ခြင်းကိစ္စကို ပြီးစေသဖြင့် သမာဓိသည် ကျေးဇူး ပြုမှု ထောက်ပံ့မှုကို ရသည်ဖြစ်၍ အာရုံ၌တစ်ခုတည်း အာရုံပြုသည်၏ အဖြစ်ဖြင့် သက်ဝင်ခြင်းငှာ စွမ်းနိုင်ပေသည်။ ထို့ကြောင့် ဤသုံးပါးတို့တွင် သမာဓိကိုသာလျှင် တူသော သမာဓိဇာတ်အရ သမာဓိက္ခန္ဓာဖြင့် ရေတွက် အပ်သည်။ သမ္မာဝါယာမ သမ္မာသတိတို့သည်ကား (သမာဓိအား ကျေးဇူးပြု သော လျော်သော) ကိစ္စအရ (သမာဓိက္ခန္ဓာဖြင့်) ရေတွက်အပ်သည် ဖြစ်ကုန် ၏။

သမ္မာဒိဋ္ဌိနှင့် သမ္မာသင်္ကပ္ပတို့တွင်လည်း ပညာသည် မိမိအလိုလို အနိစ္စ, ဒုက္ခ, အနတ္တဟု အာရုံကို ဆုံးဖြတ်ခြင်းငှာ မစွမ်းနိုင်၊ ကြံစည်ခြင်း ဝိတက်က ထုနှက်သလို ကြံကြံပေးမှသာလျှင် စွမ်းနိုင်၏။ ဥပမာ-ပန်းထိမ် ဆရာသည် (ရွှေငွေ ရာပြတ် ပွဲမင်းသည်) လက်ထဲ၌ ငွေဒင်္ဂါးပြား တစ်ပြား ကို ထည့်ကြည့်ရာတွင် မျက်စိက မြင်ရုံသာ မြင်နိုင်သည်။ ဟိုဘက်ဒီဘက် မလှန်နိုင်။ လက်ကလည်း ဟိုဘက်၊ ဒီဘက်သာ လှန်နိုင်သည်။ မမြင်နိုင်။ ထို့အတူ သမ္မာဒိဋ္ဌိမဂ္ဂင်က မြင်ရုံသာ မြင်နိုင်သည်။ မြင်ကွင်းမြင်ကွက်ကို သူကိုယ်တိုင်ဖော်ပြီး မကြည့်နိုင်။ သမ္မာသင်္ကပ္ပမဂ္ဂင်ကမူ မြင်ကွင်းမြင်ကွက် ကို ဖော်ရုံသာ ဖော်ပေးနိုင်သည်။ မမြင်နိုင်။ သို့ဖြစ်၍ သမ္မာဒိဋ္ဌိမဂ္ဂင်သည် မျက်စိနှင့်တူ၍ သမ္မာသင်္ကပ္ပမဂ္ဂင်သည် လက်နှင့်တူ၏။ (သမ္မာဒိဋ္ဌိမဂ္ဂင်က မိမိအလိုလို အနိစ္စစသည်၏အစွမ်းဖြင့် အာရုံကို ဆုံးဖြတ်ခြင်းငှာ မစွမ်းနိုင်။။ အာရုံသို့ ရှေးရှုတင်ပေးခြင်း လက္ခဏာရှိသော ဝိတက်က ကြံသောအားဖြင့် ယူ၍ယူ၍ ပေးအပ်သော အာရုံကိုသာလျှင် ဆုံးဖြတ်ခြင်းငှာ စွမ်းနိုင်ပေ၏)

ထို့ကြောင့် ဤပြည့်ကင်းအရာ၌လည်း သမ္မာဒိဋ္ဌိကိုသာလျှင် တူသောပညာ ဓာတ်အရ ပညာက္ခန္ဓာဖြင့် ရေတွက်အပ်၏။ သမ္မာသင်္ကပ္ပကိုမူ ကိစ္စအရ ပညာက္ခန္ဓာဖြင့် ရေတွက်အပ်၏။] *(မ၊ ဋ္ဌ၊ ၂။ ၂၆၁။ ဝိသုဒ္ဓိ၊ ၂။ ၁၄၅။)*

**သမာဓိ၊ သမာဓိနိမိတ်၊ သမာဓိ၏အခြံအရံ၊ သမာဓိ ပွားများကြောင်း**

**"အရှင်မ အဘယ်သည် တည်ကြည်မှု'သမာဓိ'ပါနည်း၊ အဘယ် တရားတို့သည် သမာဓိဖြစ်ကြောင်း 'သမာဓိနိမိတ်'တို့ပါနည်း၊ အဘယ် တရားတို့သည် သမာဓိ၏ အခြံအရံတို့ပါနည်း၊ အဘယ်သည် သမာဓိကို ပွားများခြင်းပါနည်း"ဟု လျှောက်၏။**

ဒါယကာ ဝိသာခ "စိတ်၏အာရုံ တစ်မျိုးတည်းသာရှိခြင်းသည် သမာဓိတည်း။ သတိပဋ္ဌာန်လေးပါးတို့သည် သမာဓိနိမိတ်တို့တည်း။ သမ္မပ္ပဓာန် လေးပါးတို့သည် သမာဓိ၏အခြံအရံတည်း။ ထိုတရားတို့ကို မှီဝဲခြင်း၊ ပွားခြင်း၊ ကြိမ်ဖန်များစွာပြုခြင်းသည် သမာဓိပွားများခြင်းတည်း" ဟု မိန့်ဆို၏။

**သင်္ခါရသုံးမျိုး**

"အရှင်မ သင်္ခါရတို့သည် အဘယ်မျှရှိသနည်း"ဟု လျှောက်၏။

ဒါယကာဝိသာခ "ကိုယ်ဖြင့် ပြုစီရင်မှု 'ကာယသင်္ခါရ'၊ နှုတ်ကို ပြုစီရင်မှု 'ဝစီသင်္ခါရ'၊ စိတ်ဖြင့် ပြုစီရင်မှု 'စိတ္တသင်္ခါရ' ဤသုံးပါးတည်း" ဟု မိန့်ဆို၏။

**❖ "အရှင်မ အဘယ်တို့သည် ကာယသင်္ခါရ၊ ဝစီသင်္ခါရ၊ စိတ္တသင်္ခါရ မည်ကုန်သနည်း"ဟု လျှောက်၏။**

ဒါယကာ ဝိသာခ ထွက်သက်ဝင်သက်တို့သည် ကာယသင်္ခါရ၊ ဝိတက်ဝိစာရတို့သည် ဝစီသင်္ခါရ၊ သညာဝေဒနာတို့သည် စိတ္တသင်္ခါရ မည်ကုန်၏ဟု မိန့်ဆို၏။

❖ **"အရှင်မ အဘယ့်ကြောင့် ထွက်သက်ဝင်သက်တို့သည် ကာယသင်္ခါရ၊ ဝိတက်ဝိစာရတို့သည် ဝစီသင်္ခါရ၊ သညာဝေဒနာတို့သည် စိတ္တသင်္ခါရမည် ကုန်သနည်း"ဟု လျှောက်၏။**

ဒါယကာ ဝိသာခ "ထွက်သက်ဝင်သက်တို့သည် ကိုယ်၌ ဖြစ်ကုန်၏၊ ကိုယ်နှင့်စပ်ကုန်၏၊ ထို့ကြောင့် ထွက်သက်ဝင်သက်တို့သည် ကာယသင်္ခါရမည်၏။ ရှေးဦးကပင် ကြံစည်စဉ်းစား၍ နောက်မှ စကားကို ဆို၏။ ထို့ကြောင့် ဝိတက်ဝိစာရတို့သည် ဝစီသင်္ခါရမည်၏။ သညာဝေဒနာတို့သည် စိတ်၌ ဖြစ်ကုန်၏၊ စိတ်နှင့် စပ်ကုန်၏၊ ထို့ကြောင့် သညာဝေဒနာတို့သည် စိတ္တသင်္ခါရမည်၏"ဟု မိန့်ဆို၏။

**နိရောဓသမာပတ်**

**"အရှင်မ သညာဝေဒနာ ချုပ်နေခြင်းသို့ရောက်မှု 'နိရောဓသမာပတ်'သည် အဘယ်သို့ ဖြစ်ပါသနည်း"ဟု လျှောက်၏။**

ဒါယကာဝိသာခ သညာဝေဒနာ ချုပ်နေခြင်းသို့ ရောက်သောရဟန်းအား "ငါသည် သညာဝေဒနာ ချုပ်နေခြင်းသို့ (ရောက်လိမ့်မည်ဟူ၍ငှင်း၊ ရောက်၏ဟူ၍ငှင်း၊ ရောက်ပြီဟူ၍ငှင်း)" စိတ်မဖြစ်။ စင်စစ် ထိုရဟန်းသည် ထိုသို့ ချုပ်စိမ့်သောငှာ စိတ်ကို ရှေးဦးကပင် ပွားများထား၏။

❖ **"အရှင်မ သညာဝေဒနာ ချုပ်နေခြင်းသို့ ရောက်သော ရဟန်းအား အဘယ်တရားတို့ ရှေးဦးစွာ ချုပ်ကြသနည်း။"**

ဒါယကာ ဝိသာခ သညာဝေဒနာ ချုပ်နေခြင်းသို့ ရောက်သောရဟန်းအား ဝစီသင်္ခါရ ရှေးဦးစွာ ချုပ်၏။ ထို့နောက် ကာယသင်္ခါရ၊ ထို့နောက် စိတ္တသင်္ခါရ ချုပ်၏။

❖ **"အရှင်မ သညာဝေဒနာ ချုပ်နေခြင်းသို့ ရောက်ခြင်းမှ ထမှုသည် အဘယ်သို့ ဖြစ်သနည်း။"**

ဒါယကာ ဝိသာခ သညာဝေဒနာချုပ်နေခြင်းသို့ ရောက်သော ရဟန်းအား "ငါသည် သညာဝေဒနာ ချုပ်နေခြင်းမှ (ထတော့မည်ဟူ၍၄င်း၊ ထ၏ဟူ၍၄င်း၊ ထပြီးပြီဟူ၍၄င်း) စိတ်မဖြစ်။ စင်စစ် ထိုရဟန်းသည် ထိုသို့ ထစိမ့်သောငှာ ရှေးဦးကပင် ပွားများထား၏ဟု မိန့်ဆို၏။

◆ **"အရှင်မ သညာဝေဒနာ ချုပ်နေခြင်းသို့ ရောက်သော ရဟန်း အား အဘယ်တရားတို့ ရှေးဦးစွာ ဖြစ်ပေါ်ကြပါသနည်း။"**

ဒါယကာ ဝိသာခ သညာဝေဒနာ ချုပ်နေခြင်းသို့ ရောက်သော ရဟန်း အား စိတ္တသင်္ခါရ ရှေးဦးစွာ ဖြစ်ပေါ်၏။ ထို့နောက် ကာယသင်္ခါရ၊ ဝစီသင်္ခါရ တို့ ဖြစ်ပေါ်၏။

◆ **"အရှင်မ သညာဝေဒနာ ချုပ်နေခြင်းသို့ ရောက်ခြင်းမှ ထသော ရဟန်းကို အဘယ်မျှသော ထိတွေ့မှု ဖဿတို့သည် တွေ့ထိကုန်သနည်း။"**

ဒါယကာ ဝိသာခ သညာဝေဒနာ ချုပ်နေခြင်းသို့ ရောက်ခြင်းမှ ထသော ရဟန်းကို ဆိတ်သုဉ်းသော တွေ့ထိမှု 'သုညတဖဿ'၊ အာရုံ နိမိတ် မရှိသော တွေ့ထိမှု 'အနိမိတ္တဖဿ'၊ တောင့်တမှုမရှိသော တွေ့ထိမှု 'အပ္ပဏိဟိတဖဿ' ဟူသော တွေ့ထိမှု သုံးပါးတို့သည် တွေ့ထိကုန်၏ဟု မိန့်ဆို၏။

◆ **"အရှင်မ သညာဝေဒနာ ချုပ်နေခြင်းသို့ ရောက်ခြင်းမှ ထပြီးသော ရဟန်း၏ စိတ်သည် အဘယ်သို့ ညွတ်ပါသနည်း။"**

ဒါယကာ ဝိသာခ "သညာဝေဒနာ ချုပ်နေခြင်းသို့ ရောက်ခြင်းမှ ထပြီးသော ရဟန်း၏ စိတ်သည် ကင်းဆိတ်မှု 'ဝိဝေက'(နိဗ္ဗာန်)သို့ (ညွတ်၏၊ ကိုင်း၏၊ ရှိုင်း၏)"ဟု မိန့်ဆို၏။

◆ **"အရှင်မ ခံစားမှု ဝေဒနာတို့သည် အဘယ်မျှတို့ပါနည်း။"**

ဒါယကာ ဝိသာခ သုခဝေဒနာ၊ ဒုက္ခဝေဒနာ၊ အဒုက္ခမသုခါဝေဒနာ ဤသုံးပါးတို့တည်း။

**❖ "အရှင်မ သုခဝေဒနာ၊ ဒုက္ခဝေဒနာ၊ အဒုက္ခမသုခါဝေဒနာ ဟူသည် အဘယ်နည်း။"**

ဒါယကာ ဝိသာခ ကိုယ်၌သော်၎င်း၊ စိတ်၌သော်၎င်း ဖြစ်သည့် ချမ်းမြေ့သာယာစွာ ခံစားခြင်းသည် သုခဝေဒနာတည်း။ ဆင်းရဲငြိုငြင်စွာ ခံစားခြင်းသည် ဒုက္ခဝေဒနာတည်း။ သာယာစွာလည်း မဟုတ် မသာယာစွာ လည်း မဟုတ်သော ခံစားခြင်းသည် အဒုက္ခမသုခါဝေဒနာတည်း။

**❖ "အရှင်မ သုခဝေဒနာသည် မည်သို့ ချမ်းသာ၊ ဆင်းရဲပါသနည်း။ ဒုက္ခဝေဒနာသည် မည်သို့ ချမ်းသာ၊ ဆင်းရဲပါသနည်း။ အဒုက္ခမ သုခါဝေဒနာသည် မည်သို့ ချမ်းသာ၊ ဆင်းရဲပါသနည်း။"**

ဒါယကာ ဝိသာခ သုခဝေဒနာသည် တည်နေဆဲအားဖြင့် ချမ်းသာ၏၊ ပြောင်းလဲသောအားဖြင့် ဆင်းရဲ၏။ ဒုက္ခဝေဒနာသည် တည်နေဆဲအားဖြင့် ဆင်းရဲ၏၊ ပြောင်းလဲသောအားဖြင့် ချမ်းသာ၏။ အဒုက္ခမ သုခါဝေဒနာသည် သိသောအားဖြင့် ချမ်းသာ၏၊ မသိသောအားဖြင့် ဆင်းရဲ၏။

**❖ "အရှင်မ သုခဝေဒနာ၊ ဒုက္ခဝေဒနာ၊ အဒုက္ခမသုခါဝေဒနာ တို့၌ အဘယ်အနုသယသည် ကိန်းဝပ်သနည်း။"**

ဒါယကာ ဝိသာခ သုခဝေဒနာ၌ ရာဂါနုသယသည် ကိန်းဝပ်၏။ ဒုက္ခဝေဒနာ၌ ပဋိဃာနုသယသည် ကိန်းဝပ်၏။ အဒုက္ခမသုခါဝေဒနာ၌ အဝိဇ္ဇာနုသယသည် ကိန်းဝပ်၏။

**❖ "အရှင်မ ချမ်းသာခံစားမှု အားလုံး၌ ရာဂါနုသယသည် ကိန်းဝပ်ပါသလော။ ဆင်းရဲခံစားမှု အားလုံး၌ ပဋိဃာနုသယသည် ကိန်းဝပ်ပါ**

သလော။ ဆင်းရဲမဟုတ် ချမ်းသာမဟုတ်သော ခံစားမှုအားလုံး၌ အဝိဇ္ဇာ နုသယသည် ကိန်းဝပ်ပါသလော။

ဒါယကာ ဝိသာခ ချမ်းသာခံစားမှု အားလုံး၌ ရာဂါနုသယ မကိန်းဝပ်။ ဆင်းရဲခံစားမှု အားလုံး၌ ပဋိဃာနုသယသည် မကိန်းဝပ်။ ဆင်းရဲမဟုတ် ချမ်းသာမဟုတ်သော ခံစားမှုအားလုံး၌ အဝိဇ္ဇာနုသယသည် မကိန်းဝပ်ပါ။

❖ **"အရှင်မ ချမ်းသာခံစားမှု၊ ဆင်းရဲခံစားမှု၊ ဆင်းရဲမဟုတ် ချမ်းသာမဟုတ်သော ခံစားမှုအသီးသီးတို့၌ အဘယ်ကို ပယ်ရပါမည်နည်း"**

ဒါယကာ ဝိသာခ ချမ်းသာခံစားမှု၌ ရာဂါနုသယကို ပယ်ရမည်။ ဆင်းရဲခံစားမှု၌ ပဋိဃာနုသယကို ပယ်ရမည်။ ဆင်းရဲမဟုတ် ချမ်းသာ မဟုတ်သော ခံစားမှု၌ အဝိဇ္ဇာနုသယကို ပယ်ရမည်။

❖ **"အရှင်မ ချမ်းသာခံစားမှု အားလုံး၌ ရာဂါနုသယသည် ပယ်သင့် ပါသလော။ ဆင်းရဲခံစားမှု အားလုံး၌ ပဋိဃာနုသယသည် ပယ်သင့်ပါ သလော။ ဆင်းရဲမဟုတ် ချမ်းသာမဟုတ်သော ခံစားမှုအားလုံး၌ အဝိဇ္ဇာ နုသယသည် ပယ်သင့်ပါသလော။"**

ဒါယကာ ဝိသာခ "ချမ်းသာခံစားမှု အားလုံး၌ ရာဂါနုသယကို မပယ်ရ။ ဆင်းရဲခံစားမှု အားလုံး၌ ပဋိဃာနုသယကို မပယ်ရ။ ဆင်းရဲမဟုတ် ချမ်းသာမဟုတ်သော ခံစားမှုအားလုံး၌ အဝိဇ္ဇာနုသယကို မပယ်ရ။"

ဒါယကာ ဝိသာခ "ဤသာသနာတော်၌ ရဟန်းသည် ကာမဂုဏ် တို့နှင့် အကုသိုလ်တရားတို့မှ ဆိတ်၍သာလျှင် ပဌမဈာန်သို့ ရောက်၏။ ထိုပဌမဈာန်ဖြင့် ရာဂကို ပယ်၏။ ထိုပဌမဈာန်၌ ရာဂါနုသယ မကိန်းဝပ်။ ဤသာသနာတော်၌ ရဟန်းသည် ငါ၌ ဒေါမနဿကို မဖြစ်စေအံ့ဟု နှလုံး သွင်းလျက် ဝီရိယကို မြဲမြံစွာပြု၍ ကျင့်သဖြင့် ရအပ်သော အနာဂါမိမဂ် ဖြင့်သာ ပဋိဃကို ပယ်၏။ ထို၌ ပဋိဃာနုသယသည် မကိန်းဝပ်။ ဤသာသနာ တော်၌ ရဟန်းသည် စတုတ္ထဈာန်သို့ ရောက်၍နေ၏။ ထိုစတုတ္ထဈာန်ဖြင့်

အဝိဇ္ဇာကို ပယ်၏။ ထိုစတုတ္ထဈာန်၌ အဝိဇ္ဇာနုသယသည် မကိန်းဝပ်'' ဟု မိန့်ဆို၏။

❖ ''အရှင်မ ချမ်းသာခံစားမှု၏ ပြိုင်ဘက်ကား အဘယ်နည်း'' ဟု လျှောက်၏။

ဒါယကာ ဝိသာခ ချမ်းသာခံစားမှု၏ ပြိုင်ဘက်ကား ဆင်းရဲခံစားမှု ပင်တည်း။

❖ ''အရှင်မ ဆင်းရဲခံစားမှု၏ ပြိုင်ဘက်ကား အဘယ်နည်း'' ဟု လျှောက်၏။

ဒါယကာ ဝိသာခ ဆင်းရဲခံစားမှု၏ ပြိုင်ဘက်ကား ချမ်းသာခံစား မှုပင်တည်း။

❖ ''အရှင်မ ဆင်းရဲမဟုတ် ချမ်းသာမဟုတ် ခံစားမှု၏ ပြိုင်ဘက် ကား အဘယ်ပါနည်း''

ဒါယကာ ဝိသာခ ဆင်းရဲမဟုတ် ချမ်းသာမဟုတ် ခံစားမှု၏ ပြိုင်ဘက်ကား မသိမှု 'အဝိဇ္ဇာ' တည်း။

❖ ''အရှင်မ မသိမှု 'အဝိဇ္ဇာ' ၏ ပြိုင်ဘက်ကား အဘယ်ပါနည်း''

ဒါယကာ ဝိသာခ မသိမှု 'အဝိဇ္ဇာ' ၏ ပြိုင်ဘက်ကား သိမှု 'ဝိဇ္ဇာ' တည်း။

❖ ''အရှင်မ သိမှု 'ဝိဇ္ဇာ' ၏ ပြိုင်ဘက်ကား အဘယ်ပါနည်း။''

ဒါယကာ ဝိသာခ သိမှု 'ဝိဇ္ဇာ' ၏ ပြိုင်ဘက်ကား လွတ်မြောက်မှု 'ဝိမုတ္တိ' ပင်တည်း။

❖ - ''ဝိမုတ္တိယာ ပနာယျေ, ကိံ ပဋိဘာဂေါ'' တိ။

- "ဝိမုတ္တိယာ ခေါ၊ အာဝုသော ဝိသာခ၊ နိဗ္ဗာနံ ပဋိ ဘာဂေါ" တိ။

"အရှင်မ လွတ်မြောက်မှု 'ဝိမုတ္တိ'၏ ပြိုင်ဘက်ကား အဘယ်နည်း။"

ဒါယကာ ဝိသာခ လွတ်မြောက်မှု 'ဝိမုတ္တိ'၏ ပြိုင်ဘက်ကား 'နိဗ္ဗာန်'ပင်တည်း။

❖ - "နိဗ္ဗာနဿ ပနာယျေ, ကိံ ပဋိဘာဂေါ"တိ။
- "အစ္စယာသိ, အာဝုသော ဝိသာခ, ပဥှံ, နာသက္ခိ ပဥှာနံ ပရိယန္တံ ဂဟေတုံ။ နိဗ္ဗာနောဂဓဉ္ဟိ, အာဝုသော ဝိသာခ, ဗြဟ္မစရိယံ, နိဗ္ဗာနပရာယနံ, နိဗ္ဗာနပရိယောသာနံ။"

"အရှင်မ နိဗ္ဗာန်၏ ပြိုင်ဘက်ကား အဘယ်ပါနည်း။"

ဒါယကာ ဝိသာခ ပြဿနာကို လွန်၍ သွား၏။ ပြဿနာတို့၏ အဆုံးအပိုင်းအခြားကို ယူရန် မစွမ်းနိုင်။ မြတ်သောအကျင့်သည် နိဗ္ဗာန်သို့ သက်ဝင်၏။ နိဗ္ဗာန်လျှင် လားရာရှိ၏။ နိဗ္ဗာန်လျှင် အဆုံးရှိ၏။

[ ဝိသာခသူဌေးသည် ဓမ္မဒိန္နာထေရီမ၏ ဉာဏ်ထက်မြက်ခြင်းကို သိ၍ မိမိရအပ်ပြီးသော အောက်မဂ်သုံးပါးတို့၌ မေးသင့်သမျှ စုံအောင် မေးပြီးလျှင် မိမိမရသေးသော အရဟတ္တမဂ်၌လည်း နာယူမှတ်သားဖူးသော အားဖြင့် ပြဿနာကို မေးမြန်းလေသည်။ ဓမ္မဒိန္နာထေရီသည်လည်း ဝိသာခ သူဌေး၏ အနာဂါမိဖိုလ်တိုင်အောင် မေးဖို့ရန် အရာဖြစ်သည်ကို သိရှိ၍ "ယခုအခါ ဝိသာခသူဌေးသည် မိမိ၏ မေးသင့်သော အရာနယ်ပယ်ကို လွန်၍ သွားလေပြီ"ဟု ဆင်ခြင်သိရှိ၍ ဒါယကာ ဝိသာခ··· သင်သည် ပြဿနာကို လွန်၍သွားပြီ (မေးသင့်သည်ထက် ပိုလွန်၍ သင် မေးမိလေပြီ)၊ သင်သည် ပြဿနာ၏ အဆုံးအပိုင်းအခြားကို ယူရန် မစွမ်းနိုင်။ နိဗ္ဗာန်တရား

ကား ပြိုင်ဘက်မရှိသောတရား ဖြစ်သည်။ ယင်းသို့ ပြိုင်ဘက်မရှိသော နိဗ္ဗာန်၏ ပြိုင်ဘက်ကား အဘယ်ပါနည်းဟု မေးသော သင်သည် အပိုင်း အခြား ပမာဏကို မယူနိုင်ဟု ဆိုလိုသည်။]

ဤသို့လျှင် ဓမ္မဒိန္နာထေရီသည် ထက်လှစွာသောဓားဖြင့် ကုမုဒြာ ကြာရိုးတို့ကို တိခနဲ တိခနဲ လှီးဖြတ်သကဲ့သို့ မေးလာသမျှသော ပုစ္ဆာတို့ကို ထက်မြတ်လှစွာသော ဉာဏ်ပညာဖြင့် တိကျစွာ ဖြေကြားလေသည်။

ဒါယကာ ဝိသာခ… သင် မကျေနပ်သေး၍ ထပ်မေးလိုလျှင် မြတ်စွာဘုရားထံချဉ်းကပ်၍ မေးလျှောက်လော့ဟု မိန့်ကြားလိုက်လေသည်။

ထိုအခါ ဝိသာခသူဌေးသည် မိမိ၏အမေးနှင့် ဓမ္မဒိန္နာထေရီတို့ ၏ အဖြေတို့ကို ဘုရားရှင်ထံ ဝင်ရောက်၍ လျှောက်ထား၏။ ဘုရားရှင်က "ဝိသာခ… ဓမ္မဒိန္နာသည် ပညာရှိပေစွ၊ ငါဘုရား၏ သဗ္ဗညုတဉာဏ်တော် နှင့် ညှိနှိုင်း၍ ဖြေကြားတတ်ပေစွ"ဟု ချီးကျူးတော်မူ၏။

ဤသို့ စူဠဝေဒလ္လသုတ်ကို ဟောကြားနိုင်ခြင်းကို အကြောင်းပြု၍ ဘုရားရှင်သည် ပရိသတ်လေးပါးအလယ်၌ ထိုင်တော်မူလျက် "**ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝိကာနံ ဘိက္ခုနီနံ ဓမ္မကထိကာနံ ယဒိဒံ ဓမ္မဒိန္နာ** = ရဟန်းတို့… တရားစကား ဟောကြားတတ်ကုန်သော ငါဘုရား၏ တပည့်မ ဘိက္ခုနီများတွင် ဓမ္မဒိန္နာသည် အထွတ်မြတ်ဆုံးပေတည်း"ဟု ဓမ္မကထိက အရာ၌ ဧတဒဂ်ဂုဏ်ထူးဖြင့် ချီးကျူးဂုဏ်ပြုတော်မူလေသည်။

*(မ၊ ၁။ ၃၇၃။ မ၊ ဋ္ဌ၊ ၂။ ၂၅၅။ ထေရီ။ ၃၇၉။ ထေရီ၊ ဋ္ဌ။ ၁၆။ ဓမ္မ၊ ဋ္ဌ၊ ၂။ ၄၅၁။ အံ၊ ဋ္ဌ၊ ၁။ ၂၇၈)*

ဤသို့လျှင် ဓမ္မဒိန္နာသည် ချစ်သူမောင်က ရှေးဦးစွာ တရားထူးရ၍ ယခင်ကလို ကြင်နာယုယ ဂရုစိုက်မှုများ ကင်းဆိတ်ကာ စိမ်းကားသွားသော် လည်း လွမ်းဆွေးတမ်းတ စိုးရိမ်သောက ရောက်မနေဘဲ "ချစ်သူစိမ်း၍ ငြိမ်းရမည်"ဟု နှလုံးသွင်းလျက် မြတ်ဗုဒ္ဓ၏ သာသနာ့အရိပ်ကို ခိုလှုံကာ ငြိမ်းချမ်းမှု ရှာနိုင်ခဲ့သည်။ ထို့ကြောင့် ယခုအခါတွင် ဘဝသံသရာ အဆက် ဆက် အချစ်ကြောင့် ပူဆွေးခဲ့ရသော ဆင်းရဲဒုက္ခတို့နှင့် ယခုဘဝ ချစ်သူမောင်

စိမ်းကား၍ ကျန်ခဲ့သော ခါးသီးလှသည့် အချစ်ဝေဒနာတို့ သူမမှာ အပြီးတိုင် ငြိမ်းအေးသွားရလေပြီ။

"လက်ပြနှုတ်ဆက်၊ မင်းပြန်ရက်၍
အဆွေးငါ့မှာ၊ ကျန်ရစ်တယ်
ကျန်ရစ်သောငါ၊ လွမ်းဆွေးကာဖြင့်
မင်းလည်း လမ်းမှာ၊ ဝမ်းနည်းစွာဖြင့်
ငိုနေလိမ့်မည်၊ ငါလေထင်၏။
အော်… ဆွေးတာသက်သက် ငါ့အိပ်မက်က
စိတ်လက်ရင်တုံ ချစ်သူဘုံမှာ
ပြန်ဆုံဦးစို့ မင်းနှင့်ငါ"

ဟူသော ပုထုဇဉ်လူသားတို့၏ တောင့်တမျှော်လင့်မှုမျိုး ခမ္မဒိန္နာအဖို့ အိပ်မက်မျှဖြင့်ပင် မရှိနိုင်တော့ပေ။ သံယောဇဉ်အားလုံးတို့ကို အရဟတ္တမဂ်ဖြင့် ဖြတ်တောက်ခဲ့ပြီး ဖြစ်သောကြောင့် ငြိမ်းချမ်းခဲ့လေပြီ။

ဓမ္မဒိန္နာအမျိုးသမီးကဲ့သို့ သတိဉာဏ်ပညာ မဝင်နိုင်ရှာဘဲ အချစ်နှံ့ထဲ နစ်မြုပ်နေကြသော ပုထုဇဉ်လူသားတို့သည်ကား သံသရာအဆက်ဆက် "အချစ်ကြောင့် ပူဆွေးနေကြရဦးမည်၊ အချစ်ကြောင့် ဘေးရန်ဒုက္ခများ ကြုံနေကြရဦးမည်သာ….."။

အရှင်ကာသလ (လွှန်)

ပိယတော ဇာယတီ သောကော၊
ပိယတော ဇာယတီ ဘယံ။
ပိယတော ဝိပ္ပမုတ္တဿ၊
နတ္ထိ သောကော ကုတော ဘယံ။ *(ဓမ္မပဒ)*

ချစ်ခြင်းကြောင့် စိုးရိမ်ခြင်း ဖြစ်၏။
ချစ်ခြင်းကြောင့် ဘေးရန် ဖြစ်၏။ (ကြောက်ရခြင်း ဖြစ်၏)
ချစ်ခြင်းမှ လွတ်မြောက်သောသူအား
စိုးရိမ်ခြင်း မရှိ၊ ဘေးရန်သည် အဘယ်မှာ ရှိနိုင်အံ့နည်း။

* တွယ်တာချစ်ခြင်း၊ ပူပြင်းစိုးရိမ်
ချစ်မိခြင်းကြောင့်၊ စိုးနှောင့်ဘေးကြိမ်
အချစ်ရှောင်ရှား၊ ကြိုးစားချိုးနှိမ်
သောကပွား၊ ဘေးမှား ဆိတ်သုဉ်းငြိမ်။


* Affection begets sorrow; affection begets fear. For him who is free from affection there is no sorrow; how can there be fear for him.

ဒုက္ခလူ့ဘုံ
သိအောင်ရှုမှ
သမုဒယကို
ပယ်နိုင်မယ်။
နိရောဓနေယ်
ဆိုက်ရန်အတွက်
မဂ္ဂသစ္စာ ပွားရမယ်။
မဂ္ဂင်လမ်းမှန်
ရှုကာသိတော့
အနုပါဒိနိဗ္ဗာန်နယ်။
တို့လည်းရအောင်
ခုလိုတွေးလို့
ကုသိုလ်ရေးမို့…
ကြိုးစားမယ်၊ ကြိုးစားမယ်။

## ကျမ်းပြီးဆုတောင်း အမျှဝေ

ဤသည့်ပုည၊ ကုသလကြောင့်၊ ဘဝနောင်ခါ၊ ဖြစ်လေရာ၌၊ ပညာအရာ၊ ပြည့်စုံပါ၍၊ သာသနာကျိုး၊ ဘာသာကျိုးကို၊ သည်ပိုးရွက်ဆောင်၊ သမိုင်းပြောင်သည့်၊ အခေါင်ထိပ်ပန်း၊ လူ့ထိပ်တန်းနှင့်၊ အောင်နန်းခေမာ၊ နိဗ္ဗူတာသို့၊ မှန်စွာထုတ်ချောက်၊ မျက်မှောက်ပြုလို၊ တောင်းဆုဆို၏။

ကုသိုလ်အမျှ၊ အဝဝကို၊ ကေတိသ၊ ဘုံ၃၁နရှိ၊ များလှဝေနေ၊ ပေးငှဝေသည်၊ များထွေသာဓု ခေါ်စေသော်။



## စာရေးသူ၏ ဘဝဖြစ်စဉ်

- ၁၃၄၄-ခု၊ ပထမဝါဆိုလဆုတ် (၇)ရက်၊ တနင်္လာနေ့ (12.7.1982) တွင် ဧရာဝတီတိုင်းဒေသကြီး၊ ဇလွန်မြို့နယ်၊ ငြိမ်းအေးသီတာကျေးရွာ၌ ခမည်းတော် ဦးမောင်စော+မယ်တော် ဒေါ်မြခင်တို့မှ ဖွားမြင်သည်။
- ၁၉၉၉-ခုနှစ်တွင်ဇလွန်မြို့နယ်၊ ဂုံညင်းတန်းကျေးရွာ၊ တွဲဖက် အ.ထ.က မှ ဆယ်တန်းအောင်မြင်ခဲ့သည်။
- ၁၉၉၉-ခုနှစ်တွင် ငြိမ်းအေးသီတာကျေးရွာ၊ သီတာရာမဆရာတော်ကို ဥပဇ္ဈာယ်ယူကာ ရှင်သာမဏေဝတ်ခဲ့ပြီး အခြေခံ ပရိယတ်စာပေများ သင်ယူခဲ့သည်။

- ၂၀၀၀-ခုနှစ်တွင် ဓနုဖြူမြို့၊ ရွှေဟင်္သာကျောင်းတိုက်၊ ရွှေဟင်္သာဆရာတော်ထံတွင် ပရိယတ္တိစာပေများ လေ့လာ ဆည်းပူးခဲ့သည်။
- ၂၀၀၁-ခုနှစ်တွင် ရွှေဟင်္သာဆရာတော်ကို ဥပဇ္ဈာယ်ယူကာ ရဟန်းဖြစ်ခဲ့သည်။
- ၂၀၀၁-ခုနှစ်တွင် ညောင်တုန်းမြို့၊ ရွှေဟင်္သာတောရ ကျောင်းတိုက်သို့ ရောက်ရှိကာ ပရိယတ္တိစာပေများ ဆက်လက် ဆည်းပူးခဲ့သည်။
- ၂၀၀၇-ခုနှစ်တွင် ရန်ကုန်မြို့၊ ကမ္ဘာအေးကုန်းမြေ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၌ ပရိယတ္တိစာပေများ ဆက်လက်ဆည်းပူးခဲ့သည်။
- ၂၀၁၂-ခုနှစ်တွင် သာသနတက္ကသီလ ဓမ္မာစရိယ B.A (Buddhism) ဘွဲ့ကို ရရှိခဲ့သည်။
- ၂၀၁၅-ခုနှစ်တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့၊ နေရဥ္စရာလှုငယ်ပိုးခင်းသင်တန်းကျောင်း၌ တောင်တန်းသာသနာပြု တာဝန် ၂-နှစ် ထမ်းဆောင်ခဲ့ပြီး ၂၀၁၆-ခုနှစ်တွင် သာသနတက္ကသီလ မဟာဓမ္မာစရိယ M.A (Buddhism) ဘွဲ့ကို ရရှိခဲ့သည်။
- ယခုအခါ ဓနုဖြူမြို့၊ ရွှေဟင်္သာကျောင်းတိုက်၌ သီတင်းသုံးလျက်ရှိပြီး စာပေရေးသား၊ ပို့ချခြင်း၊ မိုးကုတ်ဆရာတော်ဘုရားကြီး၏ ဥပနိဿယကို ခံယူကာ တရားဟောကြားခြင်းတို့ဖြင့် သာသနာ့တာဝန် ထမ်းဆောင်လျက်ရှိပါသည်။

## စမ္မာအသိအမြင်ပေးသော တရားစာအုပ်များ
## ထုတ်ဝေရန် ထာဝရပဒေသာပင် ကုသိုလ်ရှင်များ

| | | |
|---|---|---|
| ၁။ | ဆရာလေး ဒေါ်နန္ဒာရီ-ဗန်းမော်(ကချင်ပြည်နယ်) | ၂၀၀၀၀၀ |
| ၂။ | ဦးအောင်မိုးမြင့်+ဒေါ်မိုးမိုးလွင်-ရန်ကုန် | ၁၀၀၀၀၀ |
| ၃။ | ဦးအေးအုန်း+ဒေါ်အုန်းငွေး-ခနုဖြူ | ၁၀၀၀၀၀ |
| ၄။ | သူဇာသဇင် မိသားစု-ခနုဖြူ | ၁၀၀၀၀၀ |
| ၅။ | ဒေါ်မိုးဝင်းအေး-ပုသိမ် | ၁၀၀၀၀၀ |
| ၆။ | ဒေါ်ဝင်းမေ၊ ဒေါ်စန်းစန်း-ခနုဖြူ | ၅၀၀၀၀ |
| ၇။ | ဒေါ်ညိုညိုစန်း-မြစ်ကြီးနား | ၅၀၀၀၀ |
| ၈။ | ဒေါ်စန်းစန်းမြင့်-ပုသိမ်မြို့ | ၅၀၀၀၀ |
| ၉။ | ဗိုလ်ကြီး ဦးကျော်လွင်မိသားစု-ခနုဖြူ | ၁၅၀၀၀ |
| ၁၀။ | ဦးမြင့်ခင်-ခနုဖြူ | ၁၀၀၀၀ |
| ၁၁။ | ဒေါ်မြင့်-ခနုဖြူ | ၁၀၀၀၀ |
| ၁၂။ | ဒေါ်စုစု-ခနုဖြူ | ၁၀၀၀၀ |
| ၁၃။ | မောင်ပြည့်စုံဟိန်း-ခနုဖြူ | ၁၀၀၀၀ |
| ၁၄။ | ဒေါ်နှင်းကြည်-ခနုဖြူ | ၅၀၀၀ |
| ၁၅။ | ဒေါ်ရွှေ-ခနုဖြူ | ၅၀၀၀ |

| | |
|---|---|
| ၁၆။ ဒေါ်ခင်လှိုင်-ဓနုဖြူ | ၅၀၀၀ |
| ၁၇။ ဦးတင်အောင်-ဓနုဖြူ | ၅၀၀၀ |
| ၁၈။ ဦးဝင်းကြည်-ဓနုဖြူ | ၅၀၀၀ |
| ၁၉။ ဒေါ်ထွေးတင်-ဓနုဖြူ | ၅၀၀၀ |
| ၂၀။ ဆရာလေး ဒေါ်ထားကြည်-ဓနုဖြူ | ၄၀၀၀ |
| ၂၁။ ဦးလှစိုး-ဓနုဖြူ | ၃၀၀၀ |

၂၂။ ဒေါ်စန်းစန်းမြင့်-ပုသိမ်မြို့ (ပိဋကသုံးပုံ ပါဠိ၊ ဋ္ဌ၊ မြန်အားလုံးအလှူ)

၂၃။ ဦးမျိုးမြင့်နိုင်+ဒေါ်မမလေး-ရန်ကုန် (မိုးကုတ်အမှတ်စဉ် အားလုံးအလှူ)

၂၄။ ဒေါ်မော်ကြည်-ကလေးမြို့ (စာရေးသားရန် Computer အလှူ)

## ဂန္ဓကုဋီကျောင်းတော်ကြီး၏ ရှုမျှော်ခင်းနှင့် တင့်တယ်ပုံ

ထိုကျောင်းတော်ကြီး၌ ရတနာခုနစ်ပါးဖြင့်ပြီးသော လေသာပြတင်းကြီး သုံးပေါက်ပါရှိပြီး ထိုပြတင်းသုံးပေါက်တို့၏ ရှေ့တည့်တည့်၌ လေးထောင့်ရေကန်ကြီး သုံးလုံးတို့ကို ပြုလုပ်စေပြီးလျှင် နံ့သာလေးမျိုး ရေအပြည့်ထည့်၍ ကြာဝတ်မှုန်တို့ဖြင့် ဘုရားရှင်ကို ကြဲဖြန့်ရန် ရည်သန်လျက် ကြာမျိုးငါးပါးတို့ကို ရေကန်တို့၌ စိုက်ပျိုးစေလေ၏။

ကျောင်းတော်ကြီး ထုပိကာ၏ လေးမျက်နှာအလွှာများကို ရွှေနီဖလံဖြင့်၊ အထွတ်ကို သန္တာ၊ ထုပိကာ၏အောက် အမိုးအုတ်များကို မြကျောက်ဖြင့် ပြုလုပ်လေသည်။ ထိုဂန္ဓကုဋီကျောင်းတော်ကြီးသည် ကနေသော ဥဒေါင်းပမာ တင့်တယ်လှပနေ၏။ ထို့နောက် သူကြွယ်သည် ရတနာခုနစ်ပါးအနက် ခတ်သင့်သော ရတနာမျိုးကို ခတ်၊ မခတ်သင့်သော ရတနာမျိုးကို အတုံးလိုက် အခဲလိုက်သာလျှင် ယူဆောင်ခဲ့၍ ဂန္ဓကုဋီကျောင်းတော်ကြီးကို ဝန်းပတ်လျက် ပုဆစ်ဒူးနစ်လုမျှ မြင့်အောင် ပရိဝုဏ်ကြီးတစ်ခုလုံးကို ရတနာခုနစ်ပါးတို့ဖြင့် ပြည့်စေလေ၏။

## မြတ်စွာဘုရားအား ဂန္ဓကုဋီကျောင်းတော်ကြီး တင်လှူခြင်း

ကျောင်းတော်ကြီး ဆောက်လုပ်ပြီးစီးသောအခါ သူကြွယ်သည် နောင်တော် သေနမထေရ်မြတ်ထံ လျှောက်ထား၏။ မထေရ်မြတ်သည် ဘုရားအထံတော်သို့ ဆည်းကပ်သွားရောက်၍ "မြတ်စွာဘုရား... ညီတော် သူကြွယ်သည် ရှင်တော်ဘုရားအတွက် ဂန္ဓကုဋီကျောင်းတော်ကို ဆောက်လုပ်ပြီးစေအပ်ပါပြီ၊ ယခုအခါ၌ ရှင်တော်ဘုရားတို့၏ သုံးဆောင်တော်မူခြင်းကို လိုလားတောင့်တပါသည်ဘုရား" ဟု လျှောက်ထားလေ၏။

ဘုရားရှင်သည် ဂန္ဓကုဋီသို့ ရှေးရှုကြွသွားတော်မူပြီးလျှင် ဂန္ဓကုဋီကို ခြံရံ၍ ပရိဝုဏ်အပြည့် ကြဲဖြန့်ထားသော ရတနာခုနစ်ပါး အစုအပုံကို ကြည့်ရှုတော်မူလျက် တံခါးမုခ်၌သာ ရပ်တော်မူ၏။ နောင်တော် မထေရ်က ဘုရားရှင်အလိုကိုသိ၍ ညီသူကြွယ်ကို နည်းပေးစကား မိန့်ကြားရာ သူကြွယ်